# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအား လောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ် မရှိသူအား မကောင်းမှုသည် မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါဠိပဒ(ဓမ္မပဒ-၁၂၄)


၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 25 December 2016 (၈၇၈၆)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးပုံစံငယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ပုံစံငယ်နှင့် ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာပုံစံငယ်များကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

# အစိုးရသစ်၏ ပြည်သူများ အိုးပိုင်အိမ်ပိုင်ရရှိရေးအတွက် ကနဦးခြေလှမ်းအဖြစ် ရတနာနှင်းဆီအိမ်ရာစီမံကိန်း မိတ်ဆက်ဖွင့်လှစ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ဇရာဝဏ် ရတနာမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အပိုင်း(၁) ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ ၁၈ ထပ် အဆောက်အအုံသစ်စီမံကိန်း မိတ်ဆက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါအိမ်ရာစီမံကိန်း၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဒေါ်စန်းစန်းအေးနှင့် ရွှေတောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များသည် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

မြန်မာနိုင်ငံအနေနဲ့ အာဆီယံဘဏ်လုပ်ငန်းများ ပေါင်းစည်းရေး လုပ်ငန်းစဉ်အတွက် ပဏာမဆွေးနွေးမှုတွေ စတင်လုပ်ဆောင်နေပါပြီ

သတင်း စာမျက်နှာ - ၇

(၆၉)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကျင်းပ

သတင်း စာမျက်နှာ - ၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

သတင်း စာမျက်နှာ - ၉




# ကြေးမုံ

## လွတ်လပ်ရေးနှင့် မြန်မာစာပေ

"မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့စာကို ချစ်ပါ၊ တို့ပြည်ကို မြတ်နိုးပါ"ဟု နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးရရှိရေး ကြိုးပမ်းစဉ်ကာလက မျိုးချစ်မြန်မာများက ကြွေးကြော်ခဲ့ကြသည်။ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝက တိုင်းတစ်ပါးကို အထင်ကြီးပြီး မျိုးချစ်စိတ်ဓာတ်များ လျော့ပါးမသွားစေရန်အတွက် ဤသို့ ကြွေးကြော်ခဲ့ကြသည်။

မြန်မာစာ၊ မြန်မာစကားသည် အမျိုးသားရေးစိတ်ဓာတ်ထက်သန်နိုးကြားစေရေးအတွက် ခွန်အားတစ်ရပ်ဖြစ်သည်။ မြန်မာစာ၊ မြန်မာစကား ရှင်သန်ကြီးထွားလာ၍သာ တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်မြတ်နိုးသောစိတ်များ တိုးတက်ရှင်သန်လာပြီးလျှင် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို အရယူလိုသော မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တက်ကြွလာပြီး လွတ်လပ်ရေးရရှိသည်အထိ အကျိုးကျေးဇူးဖြစ်ထွန်းခဲ့သည်။

မျိုးဆက်သစ်များအနေဖြင့်လည်း မြန်မာပြည်သည် တို့ပြည်ဖြစ်သည်၊ မြန်မာစကားသည် တို့စကားဖြစ်သည် ဟူသော မြန်မာစာ တိုးတက်ရေးအသိ မြင့်မားမှသာလျှင် နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံတိုးတက်ရေး အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ နောင်လာနောက်သားများအဖို့ မြန်မာစာ၊ မြန်မာစကားစစ်စစ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရှင်သန်တိုးတက်အောင် ကြိုးပမ်းအားထုတ်ရန် အရေးကြီးသည့် အချိန်အခါဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ယူနီဗာစီတီကောလိပ်ကျောင်း၏ ပထမဆုံး မြန်မာလူမျိုးကျောင်းအုပ်ကြီးများ၊ ဆရာများ၊ တပည့်များ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မြန်မာစာပေပြန်လည်ရှင်သန်လာပြီး မြန်မာတစ်မျိုးသားလုံး မြန်မာစာပေ၊ မြန်မာစကားအပေါ်တွင် ချစ်ခင်မြတ်နိုးတန်ဖိုးထားလာမှုကို သက်သေထူနိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့၏စာပေနှင့် ဘာသာစကားသည် အဖိုးအနဂ္ဃထိုက်တန်သည့် ရတနာတစ်ပါးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်း၊ လူမျိုးတိုင်းသည် မိမိတို့၏စာပေ၊ ဘာသာစကားကို အမြတ်တနိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်မှုများ၊ တိုးတက်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်မှုများကို အလေးထားလုပ်ဆောင်လျက်ရှိသည်။

အိမ်နီးချင်းနိုင်ငံကြီးတွင် ၎င်းတို့နိုင်ငံ၏ စာပေ၊ ဘာသာစကားကိုသာ အလေးထားအသုံးပြုလျက်ရှိသည်ကိုတွေ့ရသည်။ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားကို တတ်မြောက်ကြသော်လည်း နိုင်ငံတကာနှင့်ယှဉ်လျှင် ၎င်းတို့၏ ဘာသာစကားကို အလေးထားစေရန် မိခင်ဘာသာစကားကိုသာ ဦးစားပေးပြောဆိုသုံးစွဲကြသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့်ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်စေရန် နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားကို တတ်မြောက်ရမည်ဖြစ်သော်လည်း မိခင်ဘာသာစကားကို မပစ်ပယ်မိဖို့လိုမည်ဖြစ်သည်။ နိုင်ငံခြားဘာသာစကားကို အထင်ကြီးရန်မဟုတ်၊ တန်းတူသိမြင်နိုင်ရန်ဖြစ်သည်။ မိမိဘာသာစကားကို ပစ်ပယ်ရန်မဟုတ်၊ တန်ဖိုးထားရန်ဖြစ်သည်။

"စာပေမြင့်မှ လူမျိုးတင့်မည်"၊ "စာပေပျောက်လျှင် လူမျိုးပျောက်မည်" ဆိုစကားအတိုင်း မိမိနိုင်ငံ၏ မြန်မာစာ၊ မြန်မာစကား၊ မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ မြန်မာစာပေ၊ မြန်မာစကား မြင့်မားတိုးတက်ရေးကို မြန်မာတစ်မျိုးသားလုံးက အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့မဆောင်ရွက်ပါက ဆိုစကားအတိုင်း တစ်ချိန်သောကာလတွင် အခြားလူမျိုးများအလယ်တွင် မတင့်တယ်တော့ဘဲ လွတ်လပ်ရေးဆုံးရှုံးခြင်းကဲ့သို့ လူမျိုးပါ ဆုံးရှုံးသွားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာ၊ မြန်မာစကားချစ်စိတ် ရှင်သန်တိုးပွားရေးအတွက် မြန်မာကိုချစ်သော၊ မြန်မာနိုင်ငံကိုမြတ်နိုးသော မြန်မာလူမျိုးတိုင်းက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်းသည် အမိမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။

## ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## ပြင်ဆင်ဖြည့်စွက်မည့် သူနာပြုသားဖွားဝတ်စုံများ မိတ်ဆက်ပြသ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ကျင်းပသည့် ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွားဝတ်စုံများ မိတ်ဆက်ပြသခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း အဖွင့်အမှာစကားပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က ပြောကြားရာတွင် သူနာပြုနှင့် သားဖွားများသည် သတ်မှတ်ဝတ်စုံများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်၍ ရောဂါပိုးကာကွယ်ထိန်းချုပ်ရန်၊ ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် လုံခြုံမှုရှိ၍ ရာသီဥတုဒဏ်ကို ကာကွယ်နိုင်ပြီး ပေါ့ပါးစွာဝတ်ဆင်နိုင်ရန် ရည်ရွယ်၍ ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွားဝတ်စုံများ ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး၍ ရရှိလာသော ရလဒ်ကို အစိုးရအဖွဲ့ရုံးသို့ ခွင့်ပြုချက်တောင်းခံ၍ ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွားဝတ်စုံများကို အတည်ပြုနိုင်ခဲ့ကြောင်း။

အစဉ်အလာကြီးမား၍ မြန်မာဆန်စွာလှပသော လက်ရှိဝတ်စုံကို အခမ်းအနားတက်ဝတ်စုံအဖြစ် သတ်မှတ်၍ လည်းကောင်း၊ လုပ်ငန်းခွင်ဝတ်စုံ(၁)ကို ယခင်ဝတ်စုံထက် ခါးရှည်၍လည်းကောင်း၊ လုပ်ငန်းခွင် ဝတ်စုံ(၂)ကို ကမ္ဘာနှင့်တစ်ဝန်းတွင် ဝတ်ဆင်သော နှစ်ထပ်ကော်လာနှင့် ဘောင်းဘီရှည်ကို တွဲဖက်ဝတ်ဆင်ပြီး ဖြူစင်သန့်ရှင်းသော အဖြူရောင်ကို ရွေးချယ်ထားပါကြောင်း၊ ကိုယ်ဝန်ဆောင်များအတွက် ကိုယ်ဝန်ဆောင်အင်္ကျီကို လည်းကောင်း၊ ရာထူးအဆင့်အလိုက် ရှေ့အိတ်ကပ်နှင့် လက်မောင်းတို့တွင် အနီရောင်၊ အပြာရောင်နှင့် အစိမ်းရောင် စသည်ဖြင့် သတ်မှတ်ဖော်ပြထားကြောင်း၊ ချမ်းအေးသော ရာသီဥတုတွင် ဝတ်ဆင်ရန် အပေါ်ဝတ်အင်္ကျီလက်ရှည်ကို လည်းကောင်း၊ သူနာပြုဦးဆောင်း(Cap)ကို သူနာပြုရာထူးအဆင့်အလိုက် ပြုပြင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ဖိနပ်အရောင်မှာလည်း အဖြူရောင်သာ အသုံးပြုသွားမှာဖြစ်ကြောင်း၊ အမျိုးသားသူနာပြုများအနေဖြင့် ယခင်ဝတ်စုံကို ဝတ်ဆင်ပြီး လုပ်ငန်းဆောင်ရွက်နိုင်မှာဖြစ်ပြီး ပွဲတက်ဝတ်စုံအဖြစ် Neck Tie ကိုဖြည့်စွက်ဝတ်ဆင် အသုံးပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြင်ဆင်ဖြည့်စွက်မည့် သူနာပြု၊ သားဖွားဝတ်စုံများအား သူနာပြု၊ သားဖွားများက တက်ရောက်လာသူများအား သရုပ်ပြဝတ်ဆင်ပြသခဲ့သည်။

**(သတင်းစဉ်)**




## F.O လောင်စာသုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး Transmission လိုင်း စတင်တည်ဆောက်

**ရေး ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့၌ SEGEP ကုမ္ပဏီမှ ကျေးရွာများတွင် F.O လောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကို ရည်ရွယ်ပြီး F.O လောင်စာသုံးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး Transmission လိုင်းစတင်တည်ဆောက်သည့် အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က ရေးမြို့နယ် ကလော့ကျေးရွာ ရွာလယ်ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး SEGEPကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မြင့်က F.O လောင်စာသုံးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမည့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြကာ ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးဗျတ္တက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## အင်းစိန်မော်ကွန်းပြပွဲ ကျင်းပရေးကော်မတီသို့ အလှူငွေများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၏ "အင်းစိန်မြို့ (၁၁၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ် စာပေကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ရပ်ကွက်ပိုင်းဆိုင်ရာ ပြခန်းများကို အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းခန်းမ၌ ခင်းကျင်းပြသနိုင်ရေးအတွက် ကျင်းပရေးကော်မတီသို့ အလှူရှင်များက အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် အင်းစိန်မြို့နယ် ဇေယျာသိဒ္ဓိမဟာသံ့သာရဘုရား ဘုန်းကြီးကျောင်း ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရက ငွေကျပ် ၅၀၀၀၀ နှင့် ဦးဇော်ဝင်း (မြဝတီကုမ္ပဏီလီမိတက်)က ငွေကျပ် ၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)နှင့် ဘဏ္ဍာရေးမှူး ဦးအောင်မြင့် (မောင်နွယ်မြင့်-စာပေဗိမာန်ဆုရ)တို့က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(မြဧ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၄၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅

## ပြည်တွင်းရေးရာ

✪ **ရွှေဖုံးမှ**

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးပြခန်းအတွင်း ပြသထားသည့် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး ပုံစံငယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ပုံစံငယ်နှင့် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ ပုံစံငယ်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုဆောင်ရွက်သည့် ဒဂုံဆိပ်ကမ်းမြို့နယ် ဧရာဝဏ်လမ်းမကြီးနှင့် ရတနာလမ်းပေါ်ရှိ ရတနာနှင်းဆီ အိမ်ရာစီမံကိန်းမှာ ကနဦးမြို့ပြဖွံ့ဖြိုးရေးသဘောထားပုံစံအရ မြို့ပြဗဟိုခွဲတစ်ခု အဖြစ် မျှော်မှန်း၍ Compact, Integrated and Comprehensive Urban Development ဖြစ်စေရန် Neighbourhood Concept ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ အိမ်ရာဖွံ့ဖြိုးမှု ငါးနှစ်စီမံကိန်းရေးဆွဲထားရာ စုစုပေါင်းအိမ်ရာ ၁ ဒသမ ၈သိန်းအထိ အကောင်အထည်ဖော်တည်ဆောက်နိုင်မည်ဟု မျှော်မှန်းထားပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၆-၂၀၁၇ မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ နှစ်နှစ်အတွင်း တန်ဖိုးနည်းအိမ်ရာအခန်းပေါင်း ၈၀၀၀ ကို ဦးစားပေးဆောက်လုပ်သွားရန် စီစဉ်ထားပြီး တန်ဖိုးနည်းအိမ်ရာကို အိမ်ခန်းတစ်ယူနစ်လျှင် ကျပ်သိန်းတစ်ရာဖြင့် ရောင်းချပေးနိုင်အောင် စီမံကိန်းကုန်ကျစရိတ်ကို တန်ဖိုးမြင့်စီမံကိန်းမှ တန်ဖိုးနည်းစီမံကိန်းသို့ စိုက်ထုတ်ကျခံပေးသည့်နည်းလမ်း (Cross Subsidy)ဖြင့် ကျခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သာမန်မိသားစုများသည် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများကို တစ်လုံးတစ်ခဲတည်း ဝယ်ယူနိုင်စွမ်းမရှိသည့်အတွက် ပြည်သူများ အိုးပိုင်အိမ်ပိုင်ဖြစ်လာစေရေး သင့်လျော်သည့်အိမ်ရာ ဘဏ္ဍာငွေကြေးစနစ်များကို ထူထောင်စီမံပေးလျက်ရှိပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာဝင်းအတွင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဟာလှေကားပင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် သရဖီပင်တို့ စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

ပြည်သူလူထု၏ နေရေးအဆင့်မြင့်တင်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ၂၀၁၄ ခုနှစ်တွင် ထူထောင်ခဲ့ကြောင်း၊ ယခုအခါ သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာများကို ပြည်သူလူထုထံသို့ ကနဦး တစ်လုံးတစ်ခဲတည်း ၃၀ ရာခိုင်နှုန်းပေးသွင်းစေပြီး ၇၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ လစဉ် (၈ နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၅ နှစ်) အရစ်ကျ ပေးဆပ်သည့်စနစ်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ပြောကြားသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အင်ဂျင်နီယာမှူးကြီး ဒေါ်စန်းစန်းအေးနှင့် ရွှေတောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းတို့ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ ၁၈ ထပ်အဆောက်အအုံသစ်စီမံကိန်း မိတ်ဆက်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အိမ်ရာများကို တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့်ဆိုပြီး ခွဲထားကြပါကြောင်း၊ အများအထင်တွင် တန်ဖိုးဆိုသည်မှာ ငွေရေးကြေးရေးအရခွဲထားသည်ဟု ထင်မှတ်စရာဖြစ်ပါကြောင်း၊ တန်ဖိုးဆိုသည်မှာ အရေးအကြီးဆုံး မိမိတို့ပြည်သူများ ကိုယ်နေသည့်အိမ်ရာ လုံခြုံခြင်းဆိုသည့်စိတ်ချမှုကို ဆိုလိုပါကြောင်း၊ လုံခြုံမှုဆိုရာတွင် ပတ်ဝန်းကျင်လုံခြုံရေးအပြင် အဆောက်အအုံလုံခြုံရေးလည်း ပါဝင်ပါကြောင်း၊ အဆောက်အအုံလုံခြုံရေးသည် ရှိသင့်ရှိထိုက်သော အဆောက်အအုံ လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုကိုဆိုလိုပါကြောင်း။

ဒုတိယတန်ဖိုးမှာ ထိုအဆောက်အအုံများတွင် နေထိုင်သည့်ပုဂ္ဂိုလ်များ၊ အဆောက်အအုံများကို အသုံးပြုမည့်ပုဂ္ဂိုလ်များ ဖြစ်ပါကြောင်း၊ နောက်လာမည့် အဆောက်အအုံများတွင် ရုံးခန်းများ၊ အခြားလိုအပ်သည်များပါရှိလာမည် ဖြစ်ပါကြောင်း၊ အားလုံး၏လိုအပ်ချက်နှင့် ကိုက်ညီသည့်တန်ဖိုးကို ပြောခြင်းဖြစ်ပါကြောင်း။

တတိယတန်ဖိုးမှာ ပတ်ဝန်းကျင်နှင့် ဆီလျော်သည့်တန်ဖိုးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အင်မတန်မှလှပသည်ဟု လူတိုင်းလူတိုင်းက ချီးမွမ်းကြပါကြောင်း၊ ရန်ကုန်မြို့သည် တစ်ချိန်တစ်ခါတုန်းက အရှေ့တိုင်းတွင် အလှပဆုံးမြို့ဆိုပြီး ထင်ရှားခဲ့ပါကြောင်း ယခုအချိန်တွင် ထိုပုံစံအတိုင်းမဟုတ်တော့သည်ကို မိမိတို့ ဝန်ခံရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ကို ပြန်ပြီးလှပတင့်တယ်ရန်ဆိုလျှင် အားလုံးဝိုင်းပြီး ရုန်းကန်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ရန်ကုန်အစိုးရတစ်ခုတည်း လုပ်၍ မပြီးပါကြောင်း၊ ရန်ကုန်အစိုးရတွင် အဓိကတာဝန်ရှိသည်ဆိုသော်လည်း ဗဟိုပြည်ထောင်စုအစိုးရကလည်း ဝိုင်းဝန်းကူညီသွားမည်ဖြစ်ပါကြောင်း။

မိမိတို့ ယခုရန်ကုန်မြို့ကြီးကို ပြန်လည်မွမ်းမံရန် စီစဉ်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန် မိမိတို့တွင် စီမံကိန်းလိုပါကြောင်း၊ စီမံကိန်းမရှိဘဲ ပြန်ပြီး တင့်တယ်လှပအောင်လုပ်ရန် မလွယ်ပါကြောင်း၊ ယခုဆိုလျှင် ကုန်းလမ်းသာမက ရေလမ်းကပါ ပြန်ပြီးသုံးစွဲနိုင်ရန် ပြည်သူ့အတွက် တန်ဖိုးရှိနိုင်ရန် ကြိုးစားနေသည့် အချိန်ဖြစ်ပါကြောင်း၊ ရန်ကုန်တွင်အောင်မြင်နိုင်ပြီဆိုလျှင် တစ်တိုင်းပြည်လုံး အတိုင်းအတာဖြင့် ၅၀ ရာခိုင်နှုန်းအောင်မြင်သည်ဟု ပြော၍ရပါကြောင်း။

ယင်းမှာ ကျန်သည့်နေရာများကို တန်ဖိုးမထား၍ မဟုတ်ပါကြောင်း၊ သို့ရာတွင် ရန်ကုန်သည် မိမိတို့နိုင်ငံ၏ မျက်နှာစာဟုပြောလျှင် မမှားပါကြောင်း၊ ထို့ပြင် လူဦးရေအများဆုံးမြို့တော်ကြီးလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ Commercial Center ဟု ခေါ်၍ရသည့် စီးပွားရေးမြို့တော်ကြီးလည်း ဖြစ်ပါကြောင်း၊ စီးပွားရေးမြို့တော်ကို အောင်မြင်ခြင်း၊ တိုးတက်ခြင်း ပြနိုင်မှ တစ်တိုင်းပြည်လုံးကလည်း အားရမည်၊ မိမိတို့နိုင်ငံကို ကမ္ဘာကလည်း တိုးတက်လာပြီဆိုပြီး အသိအမှတ်ပြုမည် ဖြစ်ပါကြောင်း။

ယခု ရန်ကုန်တွင် ပြဿနာကြီးတစ်ခုမှာ လမ်းများတွင် ကားများပိတ်ဆို့နေမှု၊ ယာဉ်ကြောပိတ်ဆို့နေမှုဖြစ်ပါကြောင်း၊ ယာဉ်ကြောပိတ်ဆို့နေသည့်အတွက် အချိန်ကို အင်မတန်မှ ကုန်စေပါကြောင်း၊ အချိန်ဆိုသည်မှာ တန်ဖိုးထားသင့်သည့် အရာဖြစ်ပါကြောင်း၊ အလုပ်သွားရန် လမ်းမှာ ၂ နာရီကြာနေလျှင် အချိန် ၂ နာရီ အလကားဖြစ်သွားသည်ဟု မိမိယူဆပါကြောင်း။

ရန်ကုန်မြို့တော်ကြီးကို နေပျော်ရန်အတွက် မလိုအပ်သော အချိန်မကုန်နိုင်သည့် မြို့တော်ကြီးဖြစ်ရန်လည်း လိုပါကြောင်း၊ ထို့ကြောင့် ယခုလို အိမ်ရာစီမံကိန်း၊ မြို့ပြစီမံကိန်းများလုပ်လျှင် အသွားအလာဘက်ကိုလည်း စဉ်းစားရန်လိုပါကြောင်း။

ဤအိမ်ရာများတွင်နေမည့် ပြည်သူများ ဘယ်မှာအလုပ်လုပ်ကြသလဲ၊ သားသမီးများက ဘယ်မှာ ကျောင်းသွားတက်ရမလဲ၊ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်ချက်ရှိလျှင် ဆေးရုံ၊ ဆေးခန်း ဘယ်မှာရှိသလဲ အားလုံးကိုထည့်တွက်ပြီးမှ နေရာချသည့်အခါ တကယ်တန်ဖိုးရှိသောအိမ်ရာများ ဖြစ်လာမှာဖြစ်ပါကြောင်း။

ငွေရေးကြေးရေးအရ မြင့်မြင့်မားမားပေးရခြင်းကြောင့် တန်ဖိုးမြင့်လာခြင်း မဟုတ်ပါကြောင်း၊ မိမိတို့ ယခုလို တန်ဖိုးမြင့်၊ တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများလုပ်သည့်အခါ မိမိတို့က တန်ဖိုးငွေအရသာ မကြည့်ပါကြောင်း၊ တတ်နိုင်သူများရှိသကဲ့သို့ သိပ်မတတ်နိုင်သည့် ပြည်သူများလည်း ရှိပါကြောင်း၊ တန်ဖိုးမြင့်မြင့်မတတ်နိုင်သည့် ပြည်သူပြည်သားများအတွက် အားလုံး ဝိုင်းဝန်းပြီး ပံ့ပိုးသည့်အနေဖြင့် တန်ဖိုးမြင့်အိမ်ရာများမှ ရရှိသည့်ဝင်ငွေများ၊ ဘဏ္ဍာငွေအတွက် အထောက်အကူများကို တန်ဖိုးနည်းအိမ်ရာများတွင် သုံးစွဲရန် အစီအစဉ်ရှိသည့်အတွက် ဝင်ငွေအပေါ်မှာသာ အခြေခံခြင်းမဟုတ်ဘဲ ပြည်သူပြည်သားများဖြစ်သည်ဆိုသည့် အခြေအနေအပေါ်မူတည်ပြီး အဆင့်ရှိသော တန်ဖိုးရှိသည့် အိမ်ရာများတွင် နေနိုင်ကြရန် ဖြစ်ပါကြောင်း။

အဆင့်ရှိသည်ဆိုသည်မှာ ပိုက်ဆံကုန်မှ အဆင့်ရှိခြင်းမဟုတ်ပါကြောင်း၊ လုံခြုံမှုလည်းရှိမည်၊ နေထိုင်သည့် ပြည်သူပြည်သားများသုံးသည့်၊ ပြည်သူပြည်သားများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရန်လည်း လုံလောက်မည့်၊ ပတ်ဝန်းကျင်နှင့်လည်း ဆီလျော်သည့်တန်ဖိုးများရှိမည်ဆိုလျှင် ဒီအိမ်ရာများသည် တန်ဖိုးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ နေပျော်ပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်သိက္ခာရှိသော အိမ်ရာများဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ဖြစ်လာရန် အားလုံးက ဝိုင်းဝန်းကူညီရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း စီမံကိန်းများအောင်မြင်အောင် ဝိုင်းဝန်းပြီး အကူအညီပေးကြစေလိုကြောင်း၊ အစိုးရတစ်ခုတည်းသာ တာဝန်ရှိသည်၊ အစိုးရသာလုပ်ရမည်ဆိုသည့် စိတ်ဓာတ်များ မမွေးမြူစေလိုကြောင်း၊ ယင်းမှာ ဒီမိုကရေစီ စိတ်ဓာတ်မဟုတ်ပါကြောင်း။

ဒီမိုကရေစီစိတ်ဓာတ်ဆိုသည်မှာ ပြည်သူလူထုတွင် အခွင့်အရေးများရှိသကဲ့သို့ တာဝန်လည်း ရှိပါကြောင်း၊ အားလုံးဝိုင်းဝန်းပြီး ကြိုးစားမည်၊ အားလုံးတွင် တာဝန်ရှိသည်၊ မိမိတို့နိုင်ငံ၏ တိုးတက်ရေးသည် အားလုံး၏ တိုးတက်ရေးဆိုသည့်စိတ်ဓာတ်ဖြင့် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ အစိုးရလုပ်ပေးမှုကိုသာ ထိုင်ပြီး ကြည့်မနေစေလိုပါကြောင်း။

အစိုးရလုပ်တာကိုသာ ထိုင်ကြည့်နေရပြီး အစိုးရလုပ်ချင်တာလုပ်သွားလျှင် ပြည်သူလူထုအတွက် မကောင်းပါကြောင်း၊ မိမိတို့ ယခုလို စီမံကိန်းများစပြီး ဖော်ဆောင်ပြီဆိုလျှင် ပြည်သူများ ပါဝင်ပတ်သက်လာရေးသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ အားလုံးက စိတ်ဝင်စားကာ ဤစီမံကိန်းများကို အားပေးထောက်ခံလာပြီး ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ရန်ကုန်နှင့်ပတ်သက်သည့် စီမံကိန်းများအားလုံး တစ်ခုချင်းစီ အောင်မြင်ရန်အတွက် တတ်နိုင်သည့်ဘက်မှ ပြည်သူများလည်း ပါဝင်ကြပါဟု မိမိအနေဖြင့် မေတ္တာရပ်ခံချင်ပါကြောင်း။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းပြီးကူညီစေချင်ပါကြောင်း၊ ယခုခေတ်တွင် အားလုံးပါဝင်ရမည် ဖြစ်ပါကြောင်း၊ Public Private Partnership ပုံစံဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရပိုင်းဆိုင်ရာကဏ္ဍအားလုံး ပူးပေါင်းပြီးဆောင်ရွက်မှ အောင်မြင်နိုင်မည်၊ မြန်မြန်ဆန်ဆန်တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့သူ မြို့သားများကလည်း မိမိတို့၏ မြို့တော်ကြီးတိုးတက်စေရန် ဝိုင်းဝန်းကူညီကြပါ၊ ယခု စီမံကိန်းများ၊ **စာမျက်နှာ ၅ သို့** ✱

# အစ္စရေးအခြေချအိမ်ရာတည်ဆောက်မှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှုတ်ချ



**နယူးယောက် ဒီဇင်ဘာ ၂၄**
အစ္စရေးနိုင်ငံ၏ အခြေချအိမ်ရာတိုးချဲ့တည်ဆောက်မှု အဆုံးသတ်ရန်တောင်းဆိုမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်အတွက် အမေရိကန်နိုင်ငံက မဲမပေးဘဲ လက်ရှောင်နေခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက မဲခွဲဆုံးဖြတ်ခဲ့ရာ ၁၄ နိုင်ငံထောက်ခံပြီး အမေရိကန်နိုင်ငံက မဲမပေးဘဲ ကြားနေခဲ့သည်။

အစ္စရေးနိုင်ငံအနေဖြင့် အနောက်ဘက်ကမ်းနှင့် အခြားနေရာများတွင် အခြေချအိမ်ရာတည်ဆောက်မှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်နေခြင်းဖြစ်သည်ဟုဆိုကာ ရပ်တန့်ပေးရန် တောင်းဆိုသည့်အတွက် ဆုံးဖြတ်ခြင်းဖြစ်သည်။

အခြေချအိမ်ရာတည်ဆောက်မှုပြဿနာသည် အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ပြဿနာကို ပိုမိုဆိုးရွားစေကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်စမန်သာ ပါဝါကပြောကြားသည်။

အိုဘားမားအစိုးရက ၎င်း၏သမ္မတသက်တမ်း မကုန်ဆုံးမီ အစ္စရေးနိုင်ငံကို အခြေချအိမ်ရာတည်ဆောက်ရေးမူဝါဒကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းခဲ့သည်ဟု လေ့လာသူများက ပြောကြားသည်။

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က အစ္စရေးနိုင်ငံ၏ ရပ်တည်ချက်ကို ထောက်ခံပြီး အဆိုပါဆုံးဖြတ်ချက်အတွက် ကနဦးအဆိုပြုခဲ့သည့် အီဂျစ်နိုင်ငံ၏ အဆိုပြုချက်ကို ရုပ်သိမ်းသွားအောင်လည်း ဖိအားပေးနိုင်ခဲ့သည်။

ဆုံးဖြတ်ချက်ကို အစ္စရေးနိုင်ငံက ပယ်ချခဲ့ပြီး ရှက်စရာကောင်းသည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်းနှင့် အစ္စရေးဆန့်ကျင်သူများဟု တုံ့ပြန်ခဲ့သည်။

အစ္စရေးနိုင်ငံက အမေရိကန်သမ္မတဖြစ်လာမည့် ဒေါ်နယ်ထရန့်၊ အမေရိကန်ကွန်ဂရက်ရှိ ၎င်းတို့၏ မိတ်ဆွေများနှင့် အဆိုပါဆုံးဖြတ်ချက်ကို အချည်းနှီးဖြစ်အောင်လုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်နေသည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘက်စ်၏ ပြောရေးဆိုခွင့်ရှိသူက အဆိုပါဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုလိုက်ပြီး အစ္စရေးအခြေချအိမ်ရာတည်ဆောက်ရေးမူဝါဒကို အလဲထိုးနိုင်လိုက်သည်ဟု ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# မြေထဲပင်လယ်၌ လူသေဆုံးရမှု ၂၀၁၆ ခုနှစ်တွင် အများဆုံးစံချိန်တင်

**ဂျီနီဗာ ဒီဇင်ဘာ ၂၄**
ယခုနှစ်အတွင်း မြေထဲပင်လယ်ကိုဖြတ်ကျော်ရန် ကြိုးစားသည့် ရွှေ့ပြောင်းသွားလာသူနှင့် ဒုက္ခသည် ၅၀၀၀ ခန့် သေဆုံးခဲ့ရပြီး လူသေဆုံးရမှုအများဆုံးနှစ်တစ်နှစ် အဖြစ် စံချိန်တင်သွားခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

လွန်ခဲ့သည့်ရက်များအတွင်း မြေထဲပင်လယ်တွင် ဒုက္ခသည်နှင့် ရွှေ့ပြောင်းသူများစီးနင်းလာသည့် ရော်ဘာလှေနှစ်စင်း တိမ်းမှောက်သွားခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သောကြာနေ့က ဂျီနီဗာမြို့တွင် သတင်းထောက်များကို ပြောကြားသည်။ ရော်ဘာလှေနှစ်စင်းတိမ်းမှောက်မှုကြောင့် လူ ၁၀၀ ခန့် သေဆုံးရဟု ပြောကြားသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်အတွင်း လူသေဆုံးရမှု စုစုပေါင်းသည် ၂၀၁၅ ခုနှစ်ကထက် ၁၂၀၀ နီးပါးခန့် ပိုမိုများပြားခဲ့သည်ဟု ဆိုသည်။ လူအများစုသည် မြောက်အာဖရိကမှ အီတလီနိုင်ငံသို့ ခက်ခဲကြမ်းတမ်းသည့် လမ်းကြောင်းတွင် မခိုင့်တခိုင်လှေများကိုအသုံးပြုသွားရောက်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဈေးဝယ်ဌာနတစ်ခုအား တိုက်ခိုက်ရန်စီစဉ်နေသည်ဟု သံသယရှိသူနှစ်ဦးအား ဂျာမနီရဲတပ်ဖွဲ့ကဖမ်းဆီး

**ဘာလင် ဒီဇင်ဘာ ၂၄**
ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်း ရိုင်းဝက်ဖာလီယာပြည်နယ်ရှိ အိုဘာဟူဆန်မြို့ရှိ ဈေးဝယ်ဌာနတစ်ခုအား တိုက်ခိုက်ရန် စီစဉ်နေသည်ဟု သံသယရှိသူနှစ်ဦးအား ဂျာမနီရဲတပ်ဖွဲ့အထူးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

သံသယဖြစ်ရသူ နှစ်ဦးမှာ အသက် ၂၈ နှစ်နှင့် ၃၁ နှစ်အရွယ်ရှိ ညီအစ်ကိုနှစ်ဦးဖြစ်ပြီး ၎င်းတို့မှာ ကိုဆိုဗိုတွင် မွေးဖွားခဲ့သူများဖြစ်သည်။ လုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်များမှ သတင်းပေးပို့မှုများရရှိခဲ့ပြီးနောက် ၎င်းတို့နှစ်ဦးအား ဒူဇစ်ဘာ့ချ်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

ဒီဇင်ဘာ ၁၉ ရက်က ဂျာမနီနိုင်ငံမြို့တော် ဘာလင်မြို့၌ ပြုလုပ်သော ခရစ္စမတ်ဈေးခင်းအား တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့သည်။ အဆိုပါဖြစ်ရပ်နှင့် ၎င်းတို့နှစ်ဦးဆက်နွယ်မှုရှိ၊ မရှိကိုမူ ရှင်းလင်းစွာမသိရှိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ဘာလင်ခရစ္စမတ်ဈေးခင်းတိုက်ခိုက်မှု၌ အသုံးပြုခဲ့သောထရပ်ကားတွင် သံသယရှိသည့် တူနီးရှားလူမျိုးတစ်ဦး၏ လက်ဗွေရာကို တွေ့ရှိရပြီး ဂျာမန်ရဲတပ်ဖွဲ့က ၎င်းအား ဆက်လက်ရှာဖွေနေသည်။ **ရိုက်တာ။**

# ဘိုကိုဟာရမ်စစ်သွေးကြွများ၏ အဓိကစခန်းအား နိုင်ဂျီးရီးယားတပ်ဖွဲ့များ သိမ်းပိုက်ရရှိ

**အဘူဂျာ ဒီဇင်ဘာ ၂၄**
နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဆမ်ဘီဆာသစ်တောအတွင်းရှိ ဘိုကိုဟာရမ် အစ္စလာမ္မစ် စစ်သွေးကြွများ၏ အဓိကကျသော ခြေကုပ်စခန်းတစ်ခုအား နိုင်ဂျီးရီးယားတပ်ဖွဲ့များက သိမ်းပိုက်ရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားသမ္မတ မိုဟာမာဒူ ဘူဟာရီက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

ဘိုကိုဟာရမ်တို့၏ အဓိကကျသော စခန်းသည် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မိမိတပ်ဖွဲ့များလက်တွင်းသို့ ကျရောက်သွားပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားတပ်မတော်၏ အကြီးအကဲအနေဖြင့် မိမိ ပြောကြားကြောင်း၊ ၎င်းတို့အတွက် ကြာရှည်ပြေးလွှားပုန်းခိုရန် နေရာမရှိတော့ကြောင်း နိုင်ဂျီးရီးယားသမ္မတက ပြောကြားသည်။



နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်းက ကြီးကျယ်သော ထိုးစစ်ကြီးတစ်ခုအား ဆမ်ဘီဆာသစ်တောဒေသတွင် ဆင်နွှဲခဲ့သည်။

ဆမ်ဘီဆာသစ်တောသည် နိုင်ဂျီးရီးယားနိုင်ငံ ကိုလိုနီအဖြစ် ကျရောက်ခံရစဉ်က တောကစားရန်အတွက် သီးသန့်သတ်မှတ်ထားခဲ့သော ကြီးမားကျယ်ပြန့်နေသည့် သစ်တောကြီးဖြစ်ပြီး ဘိုကိုဟာရမ် စစ်သွေးကြွများက ၎င်းတောထဲတွင် အဓိကအခြေစိုက်စခန်းတည်ဆောက်ထားခြင်းဖြစ်သည်။

**ရိုက်တာ။**

# လစ်ဗျားလေယာဉ် ပြန်ပေးဆွဲသူနှစ်ဦး လက်နက်ချအဖမ်းခံ

**ဗယ်လက်တာ ဒီဇင်ဘာ ၂၄**
လစ်ဗျားခရီးသည်တင်လေယာဉ်ကို ပြန်ပေးဆွဲသူများသည် လက်နက်ချအဖမ်းခံလိုက်ပြီဖြစ်ကြောင်း မော်လ်တာဝန်ကြီးချုပ် ဂျိုးဆက်ပ် မက်စကတ်က ပြောကြားသည်။ ခရီးသည်အားလုံးနှင့် လေယာဉ်အမှုထမ်းများ ဘေးအန္တရာယ်ကင်းရှင်းသွားပြီဟု ဆိုသည်။

ပြန်ပေးဆွဲခံရသည့် လေယာဉ်သည် လစ်ဗျားနိုင်ငံတောင်ပိုင်း ဆာဘားမြို့မှ ထရီပိုလီမြို့တော်သို့ ပျံသန်းနေစဉ် လမ်းကြောင်းပြောင်းလဲကာ မော်လ်တာနိုင်ငံတကာလေဆိပ်သို့ သောကြာနေ့နံနက်ပိုင်းတွင် ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း လစ်ဗျားအစိုးရနှင့် မော်လ်တာအစိုးရတို့က ပြောကြားသည်။ လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၁၈ ဦး လိုက်ပါစီးနင်းလာခဲ့သည်။

ပြန်ပေးသမားများ၏ တောင်းဆိုချက်ကို မည်သည့်အစိုးရကမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။ ခရီးသည်များ၏ ပြောဆိုချက်ကို ကိုးကား၍ လစ်ဗျားမီဒီယာများက ဖော်ပြရာတွင် လေယာဉ်အပိုင်းစီးသည့် ပြန်ပေးသမားနှစ်ဦးက ကွယ်လွန်သူ လစ်ဗျားခေါင်းဆောင် မွမ်မာ အယ်လ်ကဒါဖီ၏ သားကို အကျဉ်းထောင်မှလွှတ်ပေးရန် တောင်းဆိုခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ။**

✱ စာမျက်နှာ ၃ မှ

ဆောက်လုပ်ရေးစီမံကိန်းများကို ဝိုင်းဝန်းပြီး ကူညီပံ့ပိုးပေးကြပါဟု မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာဝင်းအတွင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဟာလှေကားပင်ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သရဖီပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပုန်းညက်ပင်ကိုလည်းကောင်း စိုက်ပျိုးပေးပြီး အိမ်ရာစီမံကိန်းအတွင်းရှိ ကစားကွင်း၊ ပန်းခြံနှင့် အဆောက်အအုံ ၁၇ လွှာရှိနမူနာအခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**အကျိုးတူပူးပေါင်းဆောင်ရွက်**

ယနေ့ဖွင့်လှစ်သည့် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာစီမံကိန်းသည် ရတနာလမ်းမကြီးဘေးတွင် တည်ရှိသည်။ စီမံကိန်းကို ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိစီမံကိန်း Parcel-G တွင် ဆောင်ရွက်ပြီးစီးသည့် တိုက်ငါးလုံး၌ ပါဝင်သည့် အခန်းများ၏ အကျယ်အဝန်းများမှာ ၆၀၀ စတုရန်းပေ အခန်း ၇၆၀ နှင့် စတုရန်းပေ ၁၂၀၀ အခန်း ၆၂၀ စုစုပေါင်း အခန်းအရေအတွက်မှာ ၁၃၈၀ ဖြစ်သည်။ ထို့ပြင် ဧရာဝဏ်လမ်းမကြီးဘေးရှိ ချမ်းသာရွှေမြေကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အခန်းများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာစီမံကိန်းကို ပြည်သူများ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရန် Livableand Inclusive ဖြစ်အောင် အနာဂတ်တွင် ဆက်လက် ဆောင်ရွက်သွားမည့် အိမ်ရာစီမံကိန်းများအတွက် စံနမူနာကောင်းတစ်ခုအနေဖြင့် မိတ်ဆက်ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**အရစ်ကျစနစ်ဖြင့် ရောင်းချပေး**

ဤရတနာနှင်းဆီအိမ်ရာစီမံကိန်းကို အစိုးရသစ်၏ ပြည်သူများ အိုးပိုင်အိမ်ပိုင်ရရှိရေးအတွက် ကနဦးခြေလှမ်းအဖြစ် စတင်ခြင်းဖြစ်ကြောင်း၊ မကြာခင်ကာလတွင် တန်ဖိုးနည်းအိမ်ရာ ၂၂၀၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ဇနီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်စုစုလွင်အား Centre for Economic and Leadership Development (CELD) အဖွဲ့အစည်းက Global Inspirational Leadership Award 2016 ဆုဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်အား ၎င်း၏ မြန်မာနိုင်ငံပညာရေးကဏ္ဍနှင့် အမျိုးသမီးများနှင့် ကလေးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍများ၌ ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် Centre for Economic and Leadership Development (CELD) အဖွဲ့အစည်းက Global Inspirational Leadership Award 2016 ဆု ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒူဘိုင်းမြို့ရှိ Shangri-La ဟိုတယ်၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် South America-Africa-Middle East-Asia Women Summit(SAMEAWS) ၌အဆိုပါဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဒေါ်စုစုလွင်၏ကိုယ်စား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးခိုင်က တက်ရောက်လက်ခံခဲ့သည်။

အလားတူ CELD မှထုတ်ဝေသည့် Amazons Watch Magazine ၌လည်း ဒေါ်စုစုလွင်၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအတွက် Top 100 Most Influential Women in Emerging Economies အဖြစ် ထည့်သွင်းဖော်ပြခဲ့ပြီး CELD ၏ Global Women Leaders 2016 ဆုတံဆိပ်ကိုလည်း ချီးမြှင့်ခဲ့သည်။

Centre for Economic and Leadership Development (CELD) အဖွဲ့အစည်းသည် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ECOSOC)၏ Special Consultative အဆင့်အတန်းရရှိထားသည့် အကျိုးအမြတ်မယူသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ၏ဇနီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်အား Global Inspirational Leadership Award 2016 ဆု ဂုဏ်ပြုချီးမြှင့်ခြင်းကို Amazons Watch Magazine ၌ ဖော်ပြထားမှုကို တွေ့ရစဉ်။
(ဓာတ်ပုံ - Amazons Watch Magazine)

# မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဒီမိုကရေစီလမ်းကြောင်းကို အထောက်အပံ့ဖြစ်စေမည့် ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ ရိုက်ကူးရန် ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးသည်မှာ ယခု ဒုတိယအကြိမ်ဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်၌ ပြသမည့် ရုပ်ရှင်ဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးရာတွင် ရုပ်ရှင်ပညာရှင်များအနေဖြင့် စိတ်ကူးစိတ်သန်းများ မည်သို့ရှိသည်ကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အတတ်ပညာရှင်များက ရုပ်ရှင် ဇာတ်ကားကြီး ခုနစ်ကားနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများရိုက်ကူးရေး၊ ရိုက်ကူးရာတွင် ကော်မတီတစ်ရပ် ဖွဲ့စည်းရေး၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်များ ရွေးချယ်ရေး၊ ရုပ်ရှင်ဇာတ်လမ်းရှာဖွေရေးကော်မတီနှင့် ဇာတ်လမ်းရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

# မြန်မာနှင့် ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့ အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းဖွင့်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့တို့ပူးပေါင်း၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း (Fourth International Camp For MMGG and GSJ )ကို နေပြည်တော်၌ လာမည့် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ဖွင့်လှစ်ရန် စီစဉ်ထားကြောင်းသိရသည်။

စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းကို အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)နေပြည်တော်၌ ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဂျပန်ကင်းထောက် အမျိုးသမီး ၃၁ ဦး၊ မြန်မာကင်းထောက်အမျိုးသမီး ၉၂ ဦးတို့ တက်ရောက်မည်ဖြစ်သည်။

မြန်မာကင်းထောက်အမျိုးသမီး အထက်မြန်မာပြည် အခြေခံပညာကျောင်းများမှ ၇ တန်းမှ ၉ တန်းအထိ ကျောင်းသူ ၄၈ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၆ ဦး၊ နေပြည်တော်မှ ၁၂ ဦး၊ အောက်မြန်မာပြည် အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရှိတက္ကသိုလ်ကောလိပ် ရှစ်ခုမှ ကင်းထောက်အမျိုးသမီး ၂၄ ဦး၊ အထက်မြန်မာပြည်အခြေခံပညာကျောင်းများမှ ကင်းထောက်အမျိုးသမီးနည်းပြ နှစ်ဦး၊ အောက်မြန်မာပြည်အခြေခံပညာကျောင်းများမှ ကင်းထောက်အမျိုးသမီးနည်းပြ ခြောက်ဦး၊ အောက်မြန်မာပြည်ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်ရှစ်ခုမှ ဆရာမ လေးဦး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာမတစ်ဦးတို့ တက်ရောက်မည်ဖြစ်သည်။

ယင်းစတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းတွင် ဂျပန်ကင်းထောက် အမျိုးသမီးများနှင့် မြန်မာကင်းထောက်အမျိုးသမီးများ စခန်းတွင် လေ့ကျင့်သင်ကြားခြင်းအားဖြင့် ချစ်ကြည်ရင်းနှီးမှုရရှိခြင်း၊ ကင်းထောက်ပညာများဖလှယ်နိုင်ခြင်း၊ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုများ လေ့လာနိုင်ခြင်း၊ တောတွင်းစခန်းချအတွေ့အကြုံများ ဖလှယ်နိုင်ခြင်းတို့ရရှိမည်ဖြစ်ပြီး ဂျပန်နိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့မှ ကင်းထောက်အမျိုးသမီးကြီးများက ကြီးကြပ်သွားမည်ဖြစ်သည်။

**ကိုလတ်(သတင်းစဉ်)**

# အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာ ၂၇ ဦး၊ မေးရိုးခွဲစိတ်လူနာတစ်ဦး အခမဲ့ခွဲစိတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဂျပန်နိုင်ငံမှ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာရှင်များသည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာများနှင့် မေးရိုးခွဲစိတ်ကုသမှုခံယူသူများအား ကုသပေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ နိဂတသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (Niigata University, Faculty Of Dentistry ) မှ ပါမောက္ခ Ritsuo Takagi ဦးဆောင်သော မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာရှင်များသည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန် မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများနှင့်ပူးပေါင်း၍ ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်ထိ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာ ၂၇ ဦး၊ အကြီးစားမေးရိုးခွဲစိတ်ကုသမှု ခံယူရမည့် လူနာတစ်ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် ဒီဇင်ဘာ ၂၄**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရွှေမင်းထက်ကုမ္ပဏီမှတင်ဒါအောင်မြင်လုပ်ငန်းဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲဝက်ရာကျေးရွာအုပ်စု ဝယ်ဘို့တောင်ကျေးရွာ၌ ကျေးလက်ရေရရှိရေးအဖြစ် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ တတိယပတ်က မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့ကကွင်းဆင်းစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဒေသသုံးခုက ဆောင်းသုံးဆောင်း

နီမော်

မိုးဥတုသုံးလလုံးလုံး စိုစွတ်ထိုင်းမှိုင်းရုံမက ရေကြီးရေလျှံမှုတွေကြောင့် စိတ်မသက်မသာဖြစ်ခဲ့ရပြီးနောက် ခြောက်သွေ့တဲ့ ဆောင်းရာသီရောက်တော့ ကြည်လင်လန်းဆန်းလာပါတယ်။ လူ့အသက်ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရအပေါ် တည်မှီနေတယ်ဆိုတဲ့အတိုင်း ရာသီဥတုသာယာခြင်းဟာ လူတို့အတွက် ဆုကြီး၊ လာဘ်ကြီးတစ်ပါးပါပဲ။ အခုလို ဆောင်းဥတုအခါသမယ နတ်တော်၊ ပြာသိုလတွေမှာ မြူနှင်းမှုန်တွေ ပိတ်ဖုံးလို့ ရှစ်ခွင်တိုင်းမှိုင်းဝေနေတဲ့အချိန်မှာ “အလွန်အေးတဲ့ရာသီ အလွန်ချမ်းတဲ့ရာသီ၊ မယ်တစ်ရွာမောင်တစ်မြို့မို့ ခြံလို့လည်း မနွေးနိုင်ပါပြီ” သီချင်းကလေးကလည်း အလွန်ဆိုလို့ကောင်း၊ တွံတေးသိန်းတန်ရဲ့ “ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် အတူတူပါပဲကွယ်”ဆိုတဲ့ တင်စားချက်ကလေးကလည်း သိဂ်ီရရသအလွန်မြောက်လှတာပါ။ နတ်တော်လဆိုတော့ “နတ်တော်ပြာသိုကြဲဖျားချို၏” ဆိုတာ တကယ်အမှန်ပါ။ ကွဲချိုဖျားတောင်အေးတဲ့ ဒီလတွေမှာ အဖိုးထိုက်တန်တဲ့ ပင်မြင့်သဇင်နဲ့ ခွာညိုပန်းတွေ လှိုင်လှိုင်ပွင့်တာက ဆောင်းကိုလှအောင် တန်ဆာဆင်ပေးနေတာပါပဲ။ ရှေးပဒေသရာဇ်တို့ရဲ့ နန်းတွင်းစာဆိုတော်တွေဟာ ဆောင်းဘွဲ့၊ ဆောင်းရတုတွေကို ရေးဖွဲ့သီကုံးခဲ့ကြတဲ့အတွက် ဆောင်းရာသီရဲ့အလှကို လူတွေ ခံစားတတ်လာတယ်။

**စိတ်ဆိုးမာန်ဆိုးနဲ့လက်တုံ့ပြန်**

စာရေးသူတို့ မြန်မာပြည်မှာလည်း နွေမိုးဆောင်းဥတုသုံးပါးရှိရာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနဲ့အတူ လိုက်ပါပြောင်းလဲနေပါပြီ။ ဆိုလိုတာကတော့ နွေဥတုဟာလည်း ရှေးနွေနဲ့မတူ၊ မိုးဟာလည်း ရှေးခေတ်က မိုးမဟုတ်ပြန်၊ ဆောင်းဥတုဟာလည်း ကာလရွေ့လျားလို့ ပြောင်းလဲခဲ့ပါပြီ။ ရှေးခေတ်ရာသီဥတုတွေကနေ သွေဖည်လာရခြင်းအကြောင်းကတော့ ဂေဟစနစ်တွေ ပျက်စီးလာလို့ပါပဲ။ လူတွေက ကမ္ဘာမြေကြီးပေါ်မှာ ထင်သလိုခြယ်လှယ်တော့ ကမ္ဘာမြေကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ လက်တုံ့ပြန်တာကို လူတွေခံကြရတယ်။ ထင်သာမြင်သာတာကတော့ ရာသီဥတုတွေပြောင်းလဲလာတာနဲ့အမျှ သဘာဝဘေးဒဏ်တွေ အမြောက်အမြား ဖြစ်ပေါ်လာတာပါပဲ။ ဒီတော့ အခုလက်ရှိကာလမှာ ဆောင်းမပီတဲ့ဆောင်းကို လူတွေခံစားနေကြရတယ်။ စာရေးသူလည်း အခုခေတ်ပြောင်းဆောင်းဘွဲ့ကို စာဆိုတော်တွေလို မသီဖွဲ့တတ်ပေမယ့် စာရေးသူနေထိုင်ခဲ့ဖူးတဲ့ မတူခြားနားတဲ့ဒေသသုံးခုက ဆောင်းကာလ အတွေ့အကြုံကို ပြန်ပြောင်းပြောချင်မိတယ်။ စာရှုသူတို့ ပြောခွင့်ပြုကြပါ။

**ရန်ကုန်ဆောင်း**

ပထမဦးစွာ အခု မိမိနေထိုင်ရာ ရန်ကုန်ဆောင်းအကြောင်းကိုပြောရရင် ဆောင်းမှန်းမသိသာတဲ့ ဆောင်းလို့ ဆိုနိုင်ပါတယ်။ ရန်ကုန်ဆောင်းမှာ အနွေးထည်မလိုလို့ အနွေးထည်အရောင်းအဝယ် သိပ်မရှိလှပါ။ အနွေးထည်ဖိုး အကုန်အကျသက်သာတာကတော့ ရန်ကုန်မှာနေသူတွေအတွက် ကျေနပ်စရာပါပဲ။ ဒီနေ့ (၂၃-၁၂-၂၀၁၆) နံနက် ၅ နာရီခွဲမှာ ထုံးစံအတိုင်း လမ်းလျှောက်ထွက်တော့ နှင်းမြူလေးတွေ နည်းနည်းကျတယ်။ ဆောင်းရနံ့လေးရလာတယ်။ အအေးဓာတ်ဝင်နေတာကြောင့် လမ်းသွက်သွက်လျှောက်လို့ကောင်း၊ အမောလည်းပြေလို့ ကြည်လင်လန်းဆန်းလို့၊ လမ်းမြန်မြန်လျှောက်လိုက်တာနဲ့ အနွေးဓာတ်ချက်ချင်းရလာတာကြောင့် ဦးထုပ်နဲ့ အပေါ်ရုံအကျႌကိုတောင် ချွတ်ပစ်လိုက်ရတော့တာ။ ဒီအအေးဓာတ်လောက်ကတော့ ခရစ္စမတ်မတိုင်ခင် တစ်ရစ်ပြီးတစ်ရစ် တက်တာတောင် နေလို့ကောင်းရုံလေးပေါ့။ ခရစ္စမတ်နေ့ပြီးတာနဲ့ အအေးလျော့သွားပြီး ဒီဇင်ဘာလမှာ အအေးဆုံးဖြစ်တတ်ပေမယ့် ဇန်နဝါရီလအထိလည်း နေလို့ကောင်းရုံသာပါ။ ဇန်နဝါရီလ ၄ ရက်နေ့ ရပ်ကွက်ထဲက ကစားခုန်စားပျော်ပွဲရွှင်ပွဲတွေမှာ ချွေးသံတရွှဲရွှဲဖြစ်ရပါတော့တယ်။ ဒါကြောင့် ရန်ကုန်ဆောင်းက ဆောင်းမပီတဲ့ဆောင်းပဲပေါ့။

**မန္တလေးဆောင်း**

အထက်အညာဒေသရှိ ရှေးဘုရင်မင်းမြတ်တို့ရဲ့ နေပြည်တော် ရတနာပုံမန္တလေးမြို့မှာ ဆောင်းဝင်ပုံကတော့ ဆောင်းတစ်ရစ်မိုးတစ်ရစ်ပါ။ အောက်ပြည်အောက်ရွာမှာ စက်တင်ဘာလဆိုရင် မိုးပါးသွားပြီး မိုးချုန်းသံတဂျိမ်းဂျိမ်း၊ မုန်တိုင်းငယ်ကလေးတွေဆင်ကာ နိုဝင်ဘာလမှာ မိုးဥတုကို အဆုံးသတ်ပစ်လိုက်ပါတယ်။ မန္တလေးမှာတော့ ဆောင်းရောက်ဖို့အတွက် မိုးရွာရွာပေးနေရသလိုပဲ။ မိုးတစ်ကြိမ်ရွာလိုက် ဆောင်းဥတုကို ခြေတစ်လှမ်းချင်းဝင်လိုက်၊ ဆောင်းနဲ့မိုးရောပြီး ဥတုပြောင်းလဲနေတာကို ကြုံတွေ့ခဲ့ရပါတယ်။ ဆောင်းက မိုးကို အပြီးတိုင် ခါချလိုက်တော့ အလွန်အမင်း အေးစိမ့်လာတဲ့ အပီအပြင်ဆောင်းဥတုကို ရောက်လာပါတယ်။ လူတွေလည်း ခိုက်ခိုက်တုန်ချမ်းလို့၊ ခေါင်းကစ ခြေထောက်အဆုံး အနွေးထည်များနဲ့ မရစ်ပတ်မိရင် နှာရည်ယိုရွှဲ တပို့တွဲဆိုတာလို ထမနဲစားရင်း နှာရည်တောက်တောက်ကျရတဲ့ ဆောင်းပါ။ “စည်မျက်နှာကဲ့သို့ ညီညာပါပေသကိုး” ဆိုတဲ့ မန္တလေးဘွဲ့သီချင်းထဲကလို မြို့ပြတစ်ခွင်၊ တစ်ပြင်လုံး မြေမျက်နှာပြင်ဟာ ညီညာပြန့်ပြူးနေတဲ့အတွက် မိုးရေဆင်းဖို့ သိပ်ခက်ပါတယ်။ လူတွေ ဝဲပေါက်တဲ့အထိ လမ်းမကြီးတွေပေါ်မှာ ခိုကပ်ကျန်ရစ်နေတတ်တဲ့ ရေဆိုးတွေ အငွေ့ပျံပြီး ခြောက်သွေ့လာအောင် စိတ်ရှည်ရှည်စောင့်ဆိုင်းကြရတယ်။ ရပ်ကွက်ဘုရားပွဲရှိလို့ ဇာတ်ပွဲကျင်းပတဲ့ကာလတွေမှာ ရွှံ့ဗွက်တွေ ကျန်နေတတ်သေးတာပါ။ မိုးလွတ်သွားပြီဆိုတာနဲ့ ဆောင်းပီသလာတော့ မနက်စောစောနှင်းမြူတွေဆိုင်းနေတတ်သလို နေပွင့်လာမှ နေသာထိုင်သာရှိလာတယ်။ မီးသွေးမီး၊ ထင်းမီးတွေလှုံရင်း ထန်းပင်မြစ်ဖုတ်စား၊ ပဲမြစ်ပြုတ်စားကြရင်းနဲ့ စကားဝိုင်းဖွဲ့ကြရတာက ဆောင်းအရသာပါပဲ။ ဆောင်းသဘာဝအတိုင်း နေ့တာတို၊ ညတာရှည်တာကြောင့် အလုပ်ချိန်နည်းသွားလို့ လူတွေဘာအလုပ်မဆို သိုးသိုးသွက်သွက်လှုပ်ရှားကြရတယ်။ ဆောင်းရာသီ သွားရည်စာ ကောက်ညှင်းကျည်တောက်၊ ခေါပုတ်၊ ပဲမြစ်၊ ပဲစိမ်းစားဥတို့စားကြရင်းနဲ့ ဆောင်းကို ကျော်ဖြတ်ကြပါတယ်။ စာရေးသူရဲ့ အတွေ့အကြုံအရဆိုရင်တော့ မန္တလေးဆောင်းဟာ ရန်ကုန်ဆောင်းထက် ဆောင်းပီသတယ်။

> **မြန်မာပြည်မှာလည်း နွေမိုးဆောင်းဥတုသုံးပါးရှိရာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနဲ့အတူ လိုက်ပါပြောင်းလဲနေပါပြီ။ ဆိုလိုတာကတော့ နွေဥတုဟာလည်း ရှေးနွေနဲ့မတူ၊ မိုးဟာလည်း ရှေးခေတ်က မိုးမဟုတ်ပြန်၊ ဆောင်းဥတုဟာလည်း ကာလရွေ့လျားလို့ ပြောင်းလဲခဲ့ပါပြီ။ ရှေးခေတ်ရာသီဥတုတွေကနေ သွေဖည်လာရခြင်းအကြောင်းကတော့ ဂေဟစနစ်တွေ ပျက်စီးလာလို့ပါပဲ။ လူတွေက ကမ္ဘာမြေကြီးပေါ်မှာ ထင်သလိုခြယ်လှယ်တော့ ကမ္ဘာမြေကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ လက်တုံ့ပြန်တာကို လူတွေခံကြရတယ်။ ထင်သာမြင်သာတာကတော့ ရာသီဥတုတွေပြောင်းလဲလာတာနဲ့အမျှ သဘာဝဘေးဒဏ်တွေ အမြောက်အမြား ဖြစ်ပေါ်လာတာပါပဲ။**

**ဆောင်းကြမ်းကြီး**

ကြုံရခဲ့တဲ့ မြန်မာပြည်မြောက်ဖျားရှိ နှင်းဖုံးတောင်တွေပေါ်က ဆောင်းကြမ်းကြီးအကြောင်းလည်း ပြောပြချင်ပါသေးတယ်။ ဆောင်းကြမ်းကြီးလို့ ဆိုရတာက ရေခဲအမှတ် (0°C) အောက် အနုတ်(လေးဒီဂရီစင်တီဂရိတ်)အထိ ရောက်တတ်ပြီး နှင်းတွေပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကျဆင်းတတ်ကာ မြောက်ပြန်လေနေ့ သရမ်းတာမဟုတ်တော့ဘဲ မျက်စိမဖွင့်နိုင်လောက်အောင် လေပြင်းတွေ ရှေ့နောက် ဘယ်ညာဝှေ့ရမ်းတိုက်ခတ်နေလို့ပါပဲ။ အဲဒီဒေသတွေမှာတော့ ဆောင်းရောက်မှာတောင် ကြောက်ရပါတယ်။ ရေတွေခဲ၊ နှင်းတွေပိတ်ဖုံး၊ လေပြင်းအမြဲတိုက်ခတ်တော့ နေထိုင်စားသောက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အလုပ်လုပ်ကိုင်ရေးတွေ အကုန်အခက်အခဲတွေ့ရပါတယ်။ ဒါကြောင့် ဆောင်းမဝင်ခင်က ရိက္ခာစုဆောင်းကြရပါတယ်။ အအေးဒဏ်ကို အန်တုဖို့ ဆန်အရက်ခေါ် တရုတ်အမည်(နော်မီးကျို့)ကို သိုလှောင်ထားရရုံမက တောင်ဇလပ်သား ထင်းတွေ၊ မီးသွေးတွေကိုလည်း စုဆောင်းထားရကာ နေအိမ်တွေကြံ့ခိုင်တောင့်တင်းအောင်လည်း ကြိုတင်ပြုပြင်ဆောက်လုပ်ထားကြရပြီး ဆောင်းကြမ်းကြီးကို ကြိုကြရတာပါပဲ။ ပြည်မက လူသူလေးပါး အရောက်အပေါက်နည်းလှတဲ့ တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ရှိ ကချင်တိုင်းရင်းသားတို့ရဲ့ တောင်ပေါ်ဒေသတွေဟာ အမြင့်ပေအားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၇၀၀၀၊ ၈၀၀၀ လောက်မှာရှိတဲ့ ထင်းရှူးဖုံးတောင်မြင့်ကြီးတွေပါပဲ။ အဝေးကကြည့်ရင် တစ်တောင်လုံးစိမ်းအုပ်နေတဲ့ ထင်းရှူးတောကြီးတွေချည်းပဲမြင်တွေ့ရသလို စိမ်းအုပ်နေတဲ့ ထင်းရှူးပင် အမျိုးအမည်ကွဲတွေ များပြားလှကြောင်း သိရှိရတယ်။ ဒီတောင်မြင့်တောကြီးတဲ့ ဒေသတစ်ခွင်မှာ ပတ်လည်ဝိုင်းနေတဲ့ ရေခဲတောင်တွေကို လွင့်ပျံလွှမ်းခြုံနေတဲ့ ရေခဲမှုန်၊ ရေခဲငွေ့တွေဟာ တရုတ်ပြည်ယင်အန်းမြို့မှာ ကြုံတွေ့ခဲ့ရသလိုပါပဲ။ နှာခေါင်းဖျား၊ လက်ဖျား၊ ခြေဖျား၊ နားရွက်ဖျားအေးခဲနေစေတယ်။ ဒီလိုရေခဲနေတဲ့ကာလမှာ ရေတွင်း၊ ရေကန်၊ ချောင်းငယ်၊ မြောင်းငယ်တွေရဲ့ အပေါ်ယံရေပြင်လွှာဟာ ရေခဲချပ်ကြီးဖြစ်နေတာမို့ အဝတ်ဖွတ်တုတ်ကြီးနဲ့ရိုက်ခွဲလိုက်တော့မှ ရေကို ခပ်ယူသုံးစွဲလို့ရတာပါ။ ရေချိုးချင်သူများကတော့ ချောင်းလေးနဲ့ ရေတွင်းနံဘေးမှာ အိုးကြီးတစ်လုံးနဲ့ရေနွေးကျိုထားရပြီး ရေခဲရေနဲ့ ရောစပ်ကာချိုးကြရပါတယ်။ လျှော်ဖွတ်သမျှ အဝတ်တွေကို မီးသွေးမီးဖိုပေါ်မှာ ခြင်းကြားတောင်းကြီးအုပ်ကာ အခြောက်ခံရပါတယ်။ အဝတ်အထည်မှန်သမျှဟာ အအေးဓာတ်ကြောင့် ရေခဲချပ်ကြီးလိုတောင့်တောင့်ကြီးဖြစ်နေတတ်ပါတယ်။ ထင်းရှူးတောင်စောင်းတွေမှာ ဘယ်နေရာတူးတူး ရေထွက်တတ်လို့ လူတစ်ရပ်စာနက်တဲ့ ရေတွင်းလေးတွေပေါ်များနေတာပါ။

**နေမမြင် ရေခဲပြင်ဒေသ**

နေမမြင်ရေပြင်ခဲတဲ့ ဒေသအဖို့ နေရောင်ခြည်ဟာလည်း ရခဲလိုက်တာပါ။ နေခြည်ဖြာလို့လည်း မနွေးတတ်အောင် အအေးဓာတ် မင်းမူလွန်းလှပါတယ်။ နေ့စဉ်မြင်တွေ့ရတဲ့ ပသာဒတွေက ဓာတ်ပုံတွေထဲမှာ အလွန်တရာလှပပေမယ့် သွေးခဲလောက်အောင် အေးနေတော့ သဘာဝရဲ့ အလှအပတွေကိုလည်း မခံစားနိုင်လောက်အောင်ပါပဲ။ ထင်းရှူးပင်နဲ့ တောင်ဇလပ်ပင်ခြေမှာ ကပ်ပေါက်တတ်တဲ့ စတော်ဘယ်ရီအရိုင်းပင်၊ မြက်ပင်တွေ အားလုံးမှာ ရေခဲအချောင်းလိုက်၊ အလုံးလိုက် တွဲလွဲခိုနေတာဟာ စိန်ချောင်း၊ စိန်သီးတွေနဲ့အလားသဏ္ဌာန်တူလှပါတယ်။ သစ်တော်သီး၊ ပန်းသီးပင်တွေနဲ့ ဟင်းရွက်ဟင်းသီးမှန်သမျှ ရေခဲဖုံးလို့ ပျက်စီးကုန်ပါတယ်။ အဲဒီဒေသတွေမှာ မြေအောက်က အာလူးတွေကိုပဲ အားထားစားကြရတာပါ။ ရေခဲတဲ့အချိန်ပြီးရင် နှင်းကျချိန်ရောက်တတ်ပါတယ်။ နှင်းကျပုံကလည်း သဏ္ဌာန်အမျိုးမျိုးပါပဲ။ နှင်းပွင့်သေးသေးကလေးတွေ ဝေ့ဝဲကျနေပုံက လေနှင်ရာမှာ လွင့်ပျံနေတဲ့ ပေါက်ပေါက်လေးတွေနဲ့တူနေတတ်တယ်။

ဒီညနှင်းကြီးတွေကျနိုင်တယ်လို့ ဒေသခံတိုင်းရင်းသားတွေ ခန့်မှန်းလိုက်ရင် တစ်ညလုံးအအေးဓာတ်တွေလျော့ပါးနေတဲ့အခြေအနေမှာ ဝါဂွမ်းဖတ်ဖြူဖြူကြီးကြီးတွေလို တည်ငြိမ်စွာ အဖတ်ဖတ်ကျလာတော့ မြေပြင်ကိုနှင်းထုကြီးက တစ်လွှာပြီးတစ်လွှာ ဖုံးအုပ်သွားလိုက်တာ ဒူးဆစ်မြုပ်လောက်အောင်ကျတတ်ပါတယ်။ လည်တံရှည်သားရေဖိနပ်ကြီးတွေနဲ့မှ နှင်းတောထဲမှာ လမ်းလျှောက်လို့ရပါတယ်။ အိမ်ခေါင်မိုးအထက်မှာ နှစ်ပေအမြင့်လောက်ရှိတဲ့နှင်းထုကြီး ဖုံးအုပ်သွားတော့တာပါပဲ။ အိမ်ခေါင်မိုးအပေါ်က နှင်းတွေကို လက်နဲ့ဆုပ်ယူကာ အိုးကြီးထဲထည့်လို့ နှင်းရေကို ကျိုချက်သောက်ကြရတယ်။ အိမ်ဘေးပတ်ဝန်းကျင်က ထင်းရှူးပင်ကြီးတွေရဲ့ ကိုင်းကျိုးကျသံတွေ တဖြောင်းဖြောင်းနဲ့ပါ။ နှင်းကြီးတွေဟာ တစ်ညလုံးကျတတ်ပြီး နှင်းကျတာရပ်သွားတာနဲ့ တစ်ပြိုင်နက်တည်းမှာ ဝန်းကျင်ကိုကြည့်လိုက်ရင် မီးအလင်းရောင်မရှိတာတောင် ဖြူဖွေးလင်းလက်နေတာပါပဲ။ အကြောက်ရဆုံးက နှင်းမုန်တိုင်းကျမှာကိုပါ။ ဒါကြောင့် နှင်းဖြူဖြူထူထူကြီးတွေဟာ ကြည့်ရတာ လှပနှစ်သက်ဖွယ်ဖြစ်ရပေမယ့် သေဘေးအန္တရာယ်ကိုတော့ ပေးတတ်ပါတယ်။

ဘယ်လောက်ကြီးမားထူထပ်တဲ့ နှင်းထုကြီးဖြစ်ပါစေ နေရောင်ခြည်လေးရလာတာနဲ့ အရည်ပျော်ဆင်းသွားရတော့ “နေလာနှင်းပျောက်”ဆိုတဲ့ သဒ္ဒါရသဘောကို ဆင်ခြင်မိပါရဲ့။ စာရေးသူတို့ကြုံတွေ့ရတဲ့ အမြင့်ပေတစ်သောင်းကျော်က ရေခဲတောင်ကြီးကလည်း အုံ့မခန်းစရာကောင်းလှသလို လူတစ်ရပ်ကျော်ရှိတဲ့ ရေခဲထုကြီးဖုံးနေတဲ့ ကားလမ်းကြီးကို ရေခဲခွဲတဲ့ စက်တပ်ကားနဲ့ ထိုးခွဲလိုက်မှသာ တောင်ကြီးကို ကျော်ဖြတ်လို့ မြို့တွေဆီရောက်ရှိသွားတော့တာပါပဲ။ ရာသီဥတုဆိုးရွားကြမ်းတမ်းလွန်းတော့ အလွန်အံ့သြဖွယ်ရာ နေထိုင်မှုဘဝတွေနဲ့အတူ အဆင်ပြေချောမွေ့အောင် ဖန်တီးတတ်တဲ့ လူ့စွမ်းအားတွေကို ဒီဒေသတွေမှာ မြင်တွေ့ကြရပါတော့တယ်။ ဒီဒေသတွေကတော့ မြန်မာပြည်မြောက်ပိုင်းက ကချင်၊ မရူ၊ လရှီ၊ အဇီ၊ ဂျင်းဖောနဲ့ ရဝမ်လူမျိုးတို့ နေထိုင်ရာ ဖီမော်နဲ့ ပန်ဝါဒေသတွေပါပဲ။ ။

## ဒစ်ဂျစ်တယ်နည်းပညာသုံး၍ လျင်မြန်စွာအလုပ်လျှောက်ထားနိုင်မည့် အလုပ်အကိုင်ပြပွဲ မြန်မာနိုင်ငံ၌ ပထမဦးဆုံးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အလုပ်လျှောက်လွှာများ သယ်ဆောင်လာရန်မလိုအပ်ဘဲ ဒစ်ဂျစ်တယ်အလုပ်လျှောက်လွှာများဖြင့် လွယ်ကူလျင်မြန်စွာ အလုပ်လျှောက်ထားနိုင်မည့် ဒစ်ဂျစ်တယ်နည်းပညာသုံး အလုပ်အကိုင်ပြပွဲ Paperless Job Fair ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ အင်းယားကန်ပေါင်အနီးရှိ IBC ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက် work.com.mm မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မန်နေဂျာ မစ္စတာဘတ်ဗန်ဒစ်ခ်က ပြောသည်။

ပြပွဲ၏အဓိကရည်ရွယ်ချက်မှာ ပြပွဲသို့လာရောက်၍ ဝန်ထမ်းရှာဖွေခေါ်ယူမည့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးမန်နေဂျာများအနေနှင့် ၎င်းတို့ အမှန်တကယ်လိုအပ်သည့် အရည်အချင်းမီ အလုပ်လျှောက်လွှာများ အများအပြားရရှိနိုင်ပြီး ယင်းလျှောက်လွှာများကို စာရွက်စာတမ်းအဖြစ် သိမ်းဆည်းထားရပါက မလိုလားအပ်ဘဲ အချိန်ကုန်လူပန်းဖြစ်ရသည့် အခြေအနေများကို လျှော့ချရန်၊ ထို့အပြင် အလုပ်အကိုင်ရှာဖွေနေသူများအတွက်လည်း ၎င်းတို့၏ ကိုယ်ရေးရာဇဝင်အချက်အလက်များကို စာရွက်စာတမ်းများအနေနှင့် ထုတ်ယူလာရန်မလိုဘဲ မိုဘိုင်းဖုန်းများမှတစ်ဆင့် အလွယ်တကူ လျင်မြန်စွာ လျှောက်ထားနိုင်ရန်ဖြစ်သည်။

ပြပွဲတွင် အလုပ်အကိုင် လာရောက်လျှောက်ထားသူများအနေနှင့် ၎င်းတို့၏ ကိုယ်ရေးရာဇဝင် အချက်အလက်မှတ်တမ်းများကို စာရွက်ထုတ်၍ သယ်ဆောင်လာရန် မလိုအပ်သော်လည်း work.com.mm ၏ ဝက်ဘ်ဆိုက်တွင် ကြိုတင်၍ အချက်အလက်များ ဖြည့်စွက်ထားရန် လိုအပ်ပါသည်။ ထို့အတွက် အခက်အခဲမရှိစေရန် Customer Serviceအဖွဲ့မှ အစဉ်တစ်စိုက် ကူညီလုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ပြပွဲမတိုင်မီ မြို့တွင်းသို့လှည့်လည်၍ စာရင်းသွင်းခြင်းများကို အခမဲ့လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ပြပွဲကျင်းပသည့်နေ့တွင်လည်း ကိုယ်ရေးအချက်အလက် ဖြည့်သွင်းခြင်းပြုလုပ်နိုင်ရန် ကွန်ပျူတာများ စီစဉ်ထားရှိပေးမည်ဖြစ်သည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အလုပ်ရှာဖွေလျှောက်ထားသူများအတွက်သာမက လုပ်ငန်းရှင်များ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးမန်နေဂျာများ လုပ်ငန်းတွင်ကျယ်စေသည့် ဒစ်ဂျစ်တယ်စနစ်သုံး အလုပ်အကိုင်ပြပွဲ Paperless job fairကို အခြားသော အာရှနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများတွင် ကျင်းပနိုင်ခြင်းမရှိသေးဘဲ မြန်မာနိုင်ငံ၌ ပထမဆုံးအဖြစ် စတင်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ထိပ်တန်းနာမည်ကြီးကုမ္ပဏီ ၃၆ ခုပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **(မိုမို)**

# မြန်မာနိုင်ငံအနေနဲ့ အာဆီယံဘဏ်လုပ်ငန်းများပေါင်းစည်းရေးလုပ်ငန်းစဉ်အတွက် ပဏာမဆွေးနွေးမှုတွေ စတင်လုပ်ဆောင်နေပါပြီ

## ညွှန်ကြားရေးမှူးချုပ် ဒေါ်မေမာလာမောင်ကြီး



**နေပြည်တော် ဒီဇင်ဘာ ၂၄**

**နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အကြောင်းအရင်းများစွာရှိသည့်အနက် ငွေကြေးတည်ငြိမ်မှုနှင့် ငွေကြေးစီးဆင်းမှုကဏ္ဍတွင် လုံခြုံမှုနှင့် မြန်ဆန်သွက်လက်မှုရှိရန်မှာ အရေးကြီးလှသည်။ ဒေသတွင်းသာမက နိုင်ငံတကာနယ်ပယ်အထိပါ ငွေကြေးစီးဆင်းလည်ပတ်မှုများ လုံခြုံစိတ်ချစွာဖြင့် မှန်ကန်မြန်ဆန်သွက်လက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်မှာလည်း ဘဏ်လုပ်ငန်းများ၏ အခန်းကဏ္ဍသည် အထူးအရေးပါလှပါသည်။**

မြန်မာနိုင်ငံအနေဖြင့် အရည်အချင်းပြည့်မီသည့် အာဆီယံဘဏ်များနှင့် အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်ကို ၂၀၂၀ခုနှစ်တွင် အကောင်အထည်ဖော်ရန် မျှော်မှန်းထားရှိပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ (ASEAN Economic Community Blueprint 2025) လမ်းပြမြေပုံပါ အချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ဘဏ်လုပ်ငန်းပေါင်းစည်းမှုကို အထောက်အကူဖြစ်စေရန် အာဆီယံဘဏ်လုပ်ငန်းများ ပေါင်းစည်းရေးမူဘောင်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့်အာဆီယံဘဏ်လုပ်ငန်းများ ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်မေမာလာ မောင်ကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ မြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းပြပေးပါ။**

ဖြေ။ မြန်မာနိုင်ငံရဲ့ဘဏ်လုပ်ငန်းကဏ္ဍမှာ နိုင်ငံပိုင်ဘဏ် လေးခု၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၄ ခုနဲ့ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခု၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ၄၅ ခု၊ နိုင်ငံခြားငွေရေးကြေးရေး ကုမ္ပဏီကိုယ်စား လှယ်ရုံးခွဲ နှစ်ခု၊ ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခုတို့ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဘဏ်လုပ်ငန်းတွေမှာ အာဆီယံဒေသတွင်းနဲ့ ဘယ်လို ချိတ်ဆက်ဆောင်ရွက်နေပါသလဲ။**

ဖြေ။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ၂၀၂၅ ခုနှစ်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ (ASEAN Economic Community Blueprint 2025)လမ်းပြမြေပုံပါ ၂၀၂၅ ခုနှစ်၊ အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးအတွက် ငွေရေးကြေးရေးကဏ္ဍပေါင်းစည်းရေး၊ ငွေရေးကြေးရေးကဏ္ဍမှာ အားလုံးပါဝင်ရေးနဲ့ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေးစတဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ

**ဒေသတွင်းမှာ ဘဏ်တွေအပြန်အလှန်ဖွင့်လှစ်သွားနိုင်ဖို့ အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်ကို အပြီးသတ်ရေးဆွဲခဲ့ပြီး ၂၀၁၄ ခုနှစ်မှာ အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌတွေက သဘောတူညီ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်ဟာ အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးလုပ်ငန်းမှာ အရေးပါတဲ့ အခန်းကဏ္ဍအဖြစ် ပါဝင်လာမှာဖြစ်ပါတယ်။ ဒီမူဘောင်ရဲ့ရည်ရွယ်ချက်ကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ဘဏ်လုပ်ငန်းပေါင်းစည်းမှုကို အထောက်အကူပြုနိုင်ဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အရည်အချင်းမီ အာဆီယံဘဏ်တွေကို အာဆီယံနိုင်ငံအသီးသီးမှာ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုဖို့ဖြစ်ပါတယ်။**

အကြား ဘဏ်လုပ်ငန်းပေါင်းစည်းမှုကို အထောက်အကူဖြစ်စေဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အရည်အချင်းမီ အာဆီယံဘဏ်တွေကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။ ဒီလိုဝင်ရောက်လုပ်ကိုင်ခွင့်ပြုတဲ့အခါမှာ အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်ရဲ့ လမ်းညွှန်ချက်အရ လုပ်ကိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေဟာ မိမိတို့ရဲ့ဘဏ်စနစ်တွေ လုံခြုံစိတ်ချပြီး ခိုင်မာတဲ့ ဘဏ်များဖြစ်ဖို့ မိမိတို့ရဲ့နိုင်ငံမှာရှိတဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ လုပ်ထုံးလုပ်နည်းတွေဟာ Basel ရဲ့ အဓိကစည်းမျဉ်းတွေ(Basel Core Principles) နဲ့ကိုက်ညီဖို့ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အာဆီယံဘဏ်လုပ်ငန်းများပေါင်းစည်းရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံအဆင့် (Bilateral Stage) နဲ့ အာဆီယံနိုင်ငံစုံအဆင့် (Multilateral Stage)တို့နဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ထိုင်းဗဟိုဘဏ်၊ ဗီယက်နမ်ဗဟိုဘဏ်တို့နဲ့ ပဏာမဆွေးနွေးမှုတွေ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

**မေး။ နိုင်ငံခြားဘဏ်တွေ ပြည်တွင်းမှာ ဖွင့်လှစ်လုပ်ပိုင်ခွင့်ကို ဘယ်လိုနည်းဥပဒေတွေနဲ့ ဖွင့်လှစ်ခွင့်ပေးထားပါသလဲ။**

ဖြေ။ နိုင်ငံခြားဘဏ်တွေကို ငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေအရ ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်ပါတယ်။ နိုင်ငံခြားဘဏ်ရွေးချယ်ရေး လုပ်ငန်းစဉ်အတွက် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးတဲ့ နိုင်ငံခြားဘဏ်ရွေးချယ်ရေးကော်မတီနဲ့ နိုင်ငံတကာအကြံပေးကုမ္ပဏီတို့ ပူးပေါင်းရွေးချယ်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ထားတဲ့ ဘဏ်တွေအနက်က နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခဲ့တဲ့ ဘဏ်တွေရဲ့ ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းလိုက်နာမှု၊ လုပ်ငန်းစွမ်းဆောင်နိုင်ရည်ရှိမှု၊ မြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်မှုနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းဘဏ်တွေအကျိုးအတွက် ပါဝင်ဖြည့်ဆည်းဆောင်ရွက်နိုင်မှုတို့ကို စိစစ်သုံးသပ်ပြီး ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ နိုင်ငံခြားဘဏ်တွေထဲမှာ အာဆီယံဒေသတွင်း ဘဏ်ခွဲ ဘယ်လောက်ရှိပါသလဲ။ ဘယ်လိုဘဏ်လုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ပြုထားပါသလဲ။**

ဖြေ။ မြန်မာနိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ နိုင်ငံခြားဘဏ် ဘဏ်ခွဲတွေထဲမှာ အာဆီယံဒေသတွင်းဘဏ်ခွဲအနေနဲ့ စင်ကာပူနိုင်ငံကဘဏ်နှစ်ခု၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ထိုင်းနိုင်ငံအပါအဝင် စုစုပေါင်းဘဏ်ငါးခု ရှိပါတယ်။ လတ်တလောမှာ whole sale banking သာလုပ်ကိုင်ခွင့်ပြုထားပြီး နိုင်ငံခြားစီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ပြည်တွင်းဘဏ်တွေအတွက်သာ ဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ပြည်တွင်းဘဏ်တွေအနေနဲ့ အာဆီယံဒေသတွင်းအထိ ဘဏ်ခွဲတွေဖွင့်လှစ်နိုင်ပါပြီလား။**

ဖြေ။ ပြည်တွင်းဘဏ်တွေအနေနဲ့ အာဆီယံဒေသတွင်းမှာ ဘဏ်ခွဲတွေဖွင့်လှစ်နိုင်ခြင်း မရှိသေးပါဘူး။ ဘဏ်ကိုယ်စားလှယ်ရုံးအဆင့်သာ ဖွင့်လှစ်နိုင်ပါသေးတယ်။ ကမ္ဘောဇဘဏ်အနေနဲ့ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့မှာ ဖွင့်လှစ်ထားပါတယ်။ ယခုအာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်အရ ညှိနှိုင်းဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဒေသတွင်းမှာ ဘဏ်တွေ အပြန်အလှန်ဖွင့်လှစ်သွားနိုင်ဖို့ လိုက်နာရမယ့် ဥပဒေတွေနဲ့ မူဘောင်တွေချမှတ်သွားနိုင်ဖို့ ဆောင်ရွက်နေမှုကို ပြောပြပေးပါ။**

ဖြေ။ လိုက်နာရမယ့် ဥပဒေတွေကတော့ အိမ်ရှင်နိုင်ငံရဲ့ ဘဏ်လုပ်ငန်း ဆိုင်ရာဥပဒေတွေပဲဖြစ်ပါတယ်။ ဒေသတွင်းမှာ ဘဏ်တွေအပြန်အလှန်ဖွင့်လှစ်သွားနိုင်ဖို့ အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်ကို အပြီးသတ်ရေးဆွဲခဲ့ပြီး ၂၀၁၄ ခုနှစ်မှာ အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌတွေက သဘောတူညီလက်မှတ်ရေးထိုးခဲ့ပါတယ်။ အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင်ဟာ အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးလုပ်ငန်းမှာ အရေးပါတဲ့ အခန်းကဏ္ဍအဖြစ် ပါဝင်လာမှာဖြစ်ပါတယ်။ ဒီမူဘောင်ရဲ့ရည်ရွယ်ချက်ကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ဘဏ်လုပ်ငန်းပေါင်းစည်းမှုကို အထောက်အကူပြုနိုင်ဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အရည်အချင်းမီ အာဆီယံဘဏ်တွေကို အာဆီယံနိုင်ငံအသီးသီးမှာ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုဖို့ဖြစ်ပါတယ်။

**မေး။ ဒီလိုဒေသတွင်းမှာ ဘဏ်တွေအပြန်အလှန်ဖွင့်လှစ်ခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို သိပါရစေ။**

ဖြေ။ အကျိုးကျေးဇူးကတော့ အရည်အချင်းမီ အာဆီယံဘဏ်တွေနဲ့ အာဆီယံဘဏ် လုပ်ငန်းပေါင်းစည်းရေးမူဘောင်ကို ၂၀၂၀ခုနှစ်မှာ ပြည့်မီစွာ အကောင်အထည်ဖော်ဖို့ မျှော်မှန်းထားပါတယ်။ အိမ်ရှင်နိုင်ငံ (Host Country) ကသတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ အရည်အချင်းမီအာဆီယံဘဏ်တွေဟာ အပြန်အလှန်သဘော တူညီမှုအပေါ် မူတည်ကာ ဘဏ်ဖွင့်လှစ်ခွင့်ရရှိပြီး ဈေးကွက်ဝင်ရောက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။အရည်အချင်းမီ အာဆီယံဘဏ်တွေဟာ အာဆီယံဒေသတွင်း ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအဆင်ပြေချောမွေ့စေဖို့ အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါဝင်မှာ ဖြစ်ပါတယ်။

**မေး။ ဒေသတွင်း ဘဏ်လုပ်ငန်းဖွံ့ဖြိုးဖို့အတွက် ဘယ်လိုတွေ ပူးပေါင်းဆောင်ရွက်နေပါသလဲ။ ဒီလိုဆောင်ရွက်တဲ့အတွက် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ရှင်းပြပေးပါ။**

ဖြေ။ ဒေသတွင်းဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အာဆီယံဘဏ်လုပ်ငန်းများ ပေါင်းစည်းရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံအဆင့် (bilateral stage)နဲ့ အာဆီယံ နိုင်ငံစုံအဆင့် (multilateral stage)တို့နဲ့ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးတော့ အရည်အချင်းမီ အာဆီယံဘဏ်အားလုံးကို လက်အောက်ခံဘဏ် (သို့မဟုတ်) ဘဏ်ခွဲ (သို့မဟုတ်) ဖက်စပ်ဘဏ်တစ်ခုခုအဖြစ် ဆောင်ရွက်နိုင်ဖို့ လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုခြင်း၊ အစုရှယ်ယာ ရယူပိုင်ဆိုင်ခွင့်အတွက် ခွင့်ပြုပေးခြင်း၊ ထည့်ဝင်ပြီးမတည် ငွေရင်းလိုအပ်ချက်ကို ညှိနှိုင်းခွင့်ပြုခြင်း၊ ဘဏ်ခွဲတွေ ဖွင့်လှစ်ခွင့်ပြုရေးအခွင့်အရေးပေးခြင်းနဲ့ ပြည်တွင်းဘဏ်ကဲ့သို့ တန်းတူအခွင့်အရေးပေးခြင်း၊ လက်ခံခွင့်ပြုမယ့်နိုင်ငံမှာ ရှိပြီးသား အာဆီယံနိုင်ငံအသီးသီးရဲ့ ဘဏ်တွေကို အရည်အချင်းမီ အာဆီယံဘဏ်ကဲ့သို့ ဦးစားပေးသတ်မှတ်ခြင်း၊ လက်ခံခွင့်ပြုမယ့် နိုင်ငံတွေဟာ အရည်အချင်းမီဘဏ်အဖြစ် ရွေးချယ်စိစစ်ရာမှာ လျှောက်ထားတဲ့ ဘဏ်ဘက်က ဝင်ရောက်လုပ်ကိုင်ခွင့် လိုအပ်ချက်တွေ မပြည့်စုံရင် ပင်ရင်းမိခင်နိုင်ငံနဲ့ လက်ခံခွင့်ပြုမယ့် နိုင်ငံတို့ ဆက်သွယ်ညှိနှိုင်းပြီး ဒေသတွင်းဘဏ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး။ ဘဏ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဒေသတွင်းဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေရှိပါသလား။ အဲဒီ အဖွဲ့အစည်းတွေအနေနဲ့ မြန်မာနိုင်ငံမှာ ပါဝင်ဆောင်ရွက်နေမှု အခြေအနေတွေကို ရှင်းပြပေးပါ။**

ဖြေ။ ဘဏ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဒေသတွင်းဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကတော့ ASEAN Bankers Association ဆိုတာ ရှိပါတယ်။ အဲဒီအသင်းမှာ မြန်မာနိုင်ငံဘဏ်များအသင်းက အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး၊ ဘဏ်လုပ်ငန်းဆိုင်ရာတွေကို ပူးပေါင်းဆောင်ရွက်နေပါတယ်။ အသင်းရဲ့ ရည်ရွယ်ချက်အနေနဲ့ အဖွဲ့ဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးတိုးတက်မှုနှုန်းကိုမြှင့်တင်ဖို့ အာဆီယံနိုင်ငံတွေအကြား ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးစနစ်နဲ့ ကျွမ်းကျင်မှုတွေ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ဖို့၊ အာဆီယံ ဒေသတွင်း ဘဏ်လုပ်ငန်းရှင်တွေအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုအကြား အကူအညီများ လိုအပ်ပါက ပံ့ပိုးကူညီဖို့နဲ့ မြန်မာနိုင်ငံဘဏ်များအသင်းဟာ အာဆီယံဘဏ်လုပ်ငန်းရှင်များအသင်းမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် အာဆီယံဒေသတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဖြစ်ထွန်းမှုများကို သိရှိခွင့်ရရှိမှာဖြစ်ပါတယ်။ နောက်ပြီး အာဆီယံဘဏ်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပတဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဆွေးနွေးပွဲတွေကို တက်ရောက်ခွင့်ရရှိမှာ ဖြစ်တဲ့အတွက် ဘဏ်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့အသိပညာနဲ့ သတင်းအချက်အလက်တွေကို အဖွဲ့ဝင်နိုင်ငံတွေအကြား အမြင်ချင်းဖလှယ်နိုင်မှာဖြစ်ပြီး ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**အောင်ရဲသွင် (သတင်းစဉ်)**

# (၆၉)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၆၉)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်(ရေ)ဝတ်စုံကို ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်မိုးအောင်က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ်ကြေညာရာ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ် အောင်ဇေယျ ဦးဆောင်သော ဖရီးဂိတ်စစ်ရေယာဉ် ကျန်စစ်သား၊ ဆင်ဖြူရှင်၊ ဒုံးပျံတင်ကော်ဗက်စစ်ရေယာဉ် ဘုရင့်နောင်၊ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်များက Single Line Formation ပုံပြုမောင်းနှင်ပြီး ချီတက်အလေးပြုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခင်ကမြန်မာ့ကမ်းရိုးတန်းကာကွယ်ရေးတွင် ယိုပေါက်များစွာရှိခဲ့ရာမှ စစ်ရေယာဉ် အရေအတွက်များလာခြင်း၊ စစ်ရေယာဉ်များ၏ စွမ်းဆောင်ရည်မြင့်မားလာခြင်းတို့ကြောင့် ယင်းယိုပေါက်များ နည်းနိုင်သမျှနည်းလာပြီး မိမိတို့ပိုင်နက်ရေပြင်ကို ဝင်မလာဝံ့သည်အထိ လုပ်ဆောင်နိုင်ကြောင်း၊ ထိုသို့ နိုင်ငံတော်အတွက် ငွေကြေးသက်သာမှုများစွာရရှိစေပြီး စိတ်ဓာတ်ရေးအရလည်းကောင်း၊ စွမ်းရည်မြင့်မားစေရေးအတွက်လည်းကောင်း၊ တပ်မတော်(ရေ)ကို အဆင့်မြှင့်တင်ပေးနေသည့် စစ်ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းအသီးသီးတွင် တာဝန်ယူတည်ဆောက်နေကြသည့် တပ်မတော်(ရေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား ဂုဏ်ပြုကြောင်းပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်စစ်ရေယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရေတပ်သင်္ဘောကျင်းဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ (၆၉)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်ပြခန်းနှင့် အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် (၆၉)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် တပ်ဖွဲ့တင်စစ်ရေယာဉ် တစ်စင်း၊ ဒုံးပျံတင် ကော်ဗက်စစ်ရေယာဉ်တစ်စင်းနှင့် တင့်ကားတင် ကမ်းထိုးရေယာဉ် ခြောက်စင်းတို့ တပ်တော်ဝင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သက်သာသော ပရီမီယံနှုန်းထားများဖြင့် အရစ်ကျပေးသွင်းနိုင်မည့် ကျန်းမာရေးအာမခံစနစ်သစ် စတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အာမခံထားရှိမှုအပေါ် ပြည်သူများ ပိုမိုစိတ်ဝင်စားစေရန်အတွက်သက်သာသော ပရီမီယံနှုန်းထားများဖြင့် အရစ်ကျပေးသွင်းနိုင်သည့် ကျန်းမာရေး အာမခံစနစ် New Vision ကို ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင်စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ဒီဇင်ဘာ ၂၄ ရက်က မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အာမခံသည် မိမိအာမခံထားရှိသော ပစ္စည်း၏ ပျက်စီးဆုံးရှုံးမှု မူရင်းတန်ဖိုးကို ရင်းစားပြန်ရခြင်းဖြစ်ရာ ကျန်းမာရေးအာမခံသည် ပြည်သူပြည်သားများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကျန်းမာရေးအကာအကွယ်တစ်ခုဖြစ်ပြီး ကုသမှုစရိတ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည့် အာမခံတစ်ခုဖြစ်သည်ဟု သိရသည်။ ယင်းအာမခံကို အစုအဖွဲ့လိုက်ထားရှိနိုင်ပြီး ပရီမီယံကြေးကို လစဉ် သုံးလတစ်ကြိမ် သို့မဟုတ် ခြောက်လတစ်ကြိမ် အရစ်ကျပေးသွင်းနိုင်သည်။ တစ်ဦးချင်းထားရှိလိုပါက ခြောက်လတစ်ကြိမ် အရစ်ကျပေးသွင်းနိုင်ပြီဖြစ်သည်။

ကျန်းမာရေးအာမခံကို မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံတွင်း ခေတ္တနေထိုင်ခွင့်ရှိသူ နိုင်ငံခြားသားများရရှိနိုင်မည်။ အာမခံတွင် အခြေခံအကာအကွယ်နှင့် ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် သုံးမျိုးဟူ၍ ခွဲခြားထားသည်။ ပရီမီယံ(အာမခံထားရှိသူက ပေးသွင်းရမည့် အာမခံကြေးငွေ)နှုန်းထားများကိုမူ အသက်အုပ်စုအလိုက် ခွဲခြားထားသည်။ အသက် ခြောက်နှစ်မှ အသက် ၆၅ နှစ်အထိ တစ်ဦးချင်းအတွက် တစ်နှစ်လျှင် အခြေခံပရီမီယံကြေး ကျပ် ၄၄၀၀၀မှ အမြင့်ဆုံးပရီမီယံကြေး ကျပ် ၆၆၀၀၀ ဖြစ်သည်။

အာမခံထားလိုသူသည် အခြေခံအကာအကွယ်ကို နှစ်ယူနှစ်မှစတင်ကာ ၁၀ ယူနှစ်အထိ ဝယ်ယူနိုင်သည်။ အကျိုးခံစားခွင့်အနေဖြင့် အခြေခံအကာအကွယ် နှစ်ယူနှစ်ဝယ်ယူပြီး မတော်တဆ ထိခိုက်မှုဖြစ်ခဲ့ပါက ဆေးရုံတက်ရက် တစ်ရက်လျှင် ကျပ်နှစ်သောင်းဖြင့် အများဆုံးရက်ပေါင်း ၆၀ အထိ အကျိုးခံစားခွင့်ရရှိမည်။ မတော်တဆမှုကြောင့် သေဆုံးခဲ့ပါက နှစ်ယူနှစ် ဝယ်ယူခဲ့ခြင်းအတွက် သေဆုံးမှု အကျိုးခံစားခွင့် သိန်းနှစ်ဆယ်ရရှိမည်ဖြစ်သည်။

ယင်းပြင် မတော်တဆမှုကြောင့် ဆေးကုသမှုခံယူပြီး ကွယ်လွန်သွားပါက ဆေးရုံတက်သည့် စရိတ်များကို ခုနှိမ်ခြင်းမပြုဘဲ သေဆုံးမှု အကျိုးခံစားခွင့် အပြည့်အဝရရှိမည်ဖြစ်သည်။ ထို့အတူ ဆေးရုံတက်ရက် ၆၀ ခံစားပြီးမှ မတော်တဆထိခိုက်သေဆုံးပါကလည်း သေဆုံးမှု အကျိုးခံစားခွင့်ကို ခုနှိမ်သွားမည် မဟုတ်ဟု သိရသည်။

"New Vision က ပြည်သူလူထု အကျိုးစီးပွား စောင့်ရှောက်ဖို့အတွက် အရင်ထက် အခွင့်အလမ်းတွေ အများကြီးပေးထားတာပါ။ ထူးခြားချက်က ဆေးကုသစဉ်ခံစားထားတဲ့ အကျိုးခံစားခွင့်တွေကို ခုနှိမ်တာမျိုး မလုပ်ဘဲ အပြည့်အဝခံစားခွင့်ပေးထားတယ်"ဟု မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း ပြောသည်။

ယင်းပြင် အခြေခံအကာအကွယ်နှင့်အတူ ရွေးချယ်နိုင်သော အာမခံအကာအကွယ် သုံးမျိုးလည်း တွဲဖက်ဝယ်ယူနိုင်သည်။ ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်နံပါတ်(၁)တွင် ရောဂါကြောင့်သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းခြင်းအတွက် အကျိုးခံစားခွင့်၊ နံပါတ်(၂)တွင် တစ်ကိုယ်လုံးမေ့ဆေး သို့မဟုတ် ကိုယ်တစ်ပိုင်းထုံဆေးဖြင့် ခွဲစိတ်ကုသမှုအတွက် အကျိုးခံစားခွင့်၊ နံပါတ်(၃)တွင် ကင်ဆာရောဂါဟု အမည်သတ်မှတ်ခံရပြီး ဆေးကုသမှုစတင်ခြင်း စသည့် အကျိုးခံစားခွင့်တို့ ပါဝင်သည်။

သို့ရာတွင် ဖော်ပြပါ ကျန်းမာရေးအာမခံအားလုံးသည် ဝယ်ယူသည့်နေ့မှ တစ်နှစ်အတွင်း မတော်တဆထိခိုက်မှုကြောင့်ရရှိမည့် ကျန်းမာရေးအခြေအနေများကိုသာ ဆိုလိုသည်။ ရောဂါရှာဖွေစစ်ဆေးရန် ဆေးရုံတက်ခြင်း၊ ဆေးကုသမှုခံယူနေသူ၊ ဆေးကုသရန် ဆရာဝန်၏ ထောက်ခံချက်ရရှိထားသူ၊ ရောဂါလက္ခဏာရှိပြီးသူများ၊ သားသမီးရလိုမှု၊ မီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်းနှင့်ဆိုင်သော ခွဲစိတ်ကုသမှုများ၊ စိတ်ရောဂါဝေဒနာ၊ အလှအပအတွက် ခွဲစိတ်လိုခြင်း၊ ပြင်းထန်သောကင်ဆာရောဂါ၊ HIV၊ AIDS၊ မွေးရာပါ ပုံမှန်မဟုတ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း၊ မိမိကိုယ်မိမိသတ်သေခြင်း စသည်တို့အတွက်မူ အကျိုးခံစားခွင့်ရရှိမည် မဟုတ်ဟု သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မိချိုဟန်**



**❒ ရန်ကုန်မြစ်မှ**

အခြားအဖွဲ့များစုပေါင်းပြီး အမှိုက်ကောက်ကြတာပါ။ မြစ်၊ ချောင်းများ၊ ရေမြောင်းတွေမှာစွန့်ပစ်ထားတဲ့ အမှိုက်တွေကို ပြီးခဲ့တဲ့နှစ်လလောက်ကတည်းက စာရင်းကောက်ထားပြီးပါပြီ။ နောက်ပိုင်းကာလမှာ ရေတွေသန့်ရှင်းအောင်နဲ့ အမှိုက်တွေမြစ်ထဲမပါအောင် သူတို့နဲ့ပူးပေါင်းဆောင်ရွက်သွားမှာပါ၊ အဲဒီတော့ စည်းကမ်းမဲ့စွန့်ပစ်ထားတဲ့အမှိုက်တွေကို ကျွန်တော်တို့က လိုက်လံသိမ်းဆည်းပြီးပြီဆိုရင် နောက်တစ်ခါစွန့်ပစ်ရင်တော့ ကျွန်တော်တို့က ဒဏ်ရိုက်တော့မှာပါ။ ပြီးတော့ ချောင်းတွေ၊ မြောင်းတွေကထွက်တဲ့ အမှိုက်တွေကို မြစ်ထဲမဝင်ရစေအောင် ဆန်ခါခံစနစ်တွေနဲ့ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟုပြောသည်။

နယ်သာလန်နိုင်ငံအခြေစိုက် Koning DHV Myanmar ကုမ္ပဏီလီမိတက်မှ Countryမန်နေဂျာ Mr. Martijn Coopman က "ကျွန်တော်တို့ကုမ္ပဏီကတော့ ဆိပ်ကမ်းတွေ၊ မြစ်ချောင်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီဇိုင်းတွေ အဓိကလုပ်ဆောင်နေပါတယ်။ အဓိကတော့ ဒီလိုကျွန်တော်တို့အဖွဲ့တွေစုပေါင်းပြီး ဒီနေ့အမှိုက်စုပေါင်းကောက်တာဟာ လူထုကိုအသိပညာပေးဖို့ပဲဖြစ်ပါတယ်။ ပလတ်စတစ်အမှိုက်ဆိုတာ ရေထဲကိုပစ်ချဖို့ မဟုတ်ပါဘူး။ ရေထဲကိုပစ်ချရင် ကမ်းနားမှာပြန်ပြီးပုံလာနိုင်သလို ရေထဲမှာရှိနေတဲ့ ငါးတွေကလည်း ဒီပလတ်စတစ်တွေကို စားကြပါလိမ့်မယ်။ အဲဒီတော့ငါးတွေအတွက် မကောင်းသလို ကျွန်တော်တို့လည်း ဒီငါးတွေကိုစားရင် ကျွန်တော်တို့အတွက်လည်း ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ ဒါကြောင့် လူထုကိုအသိပညာပေးတဲ့အနေနဲ့ ဆိပ်ခံတွေမှာအသိပညာပေးဆိုင်းဘုတ်တွေ ထားရှိပေးထားသလို ရေရှည်မှာလည်း ဆိပ်ကမ်းတွေကို အစိမ်းရောင်ဆိပ်ကမ်းတွေဖြစ်အောင် လုပ်ဆောင်သွားမှာပါ"ဟု ရှင်းပြသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှဝန်ထမ်းများ၊ နယ်သာလန်နိုင်ငံအခြေစိုက် Engeering ကုမ္ပဏီတို့ပူးပေါင်း၍ လှည်းတန်းဆိပ်ခံဖောတံတား၌ ပြီးခဲ့သည့် ဧပြီ ၂၅ ရက်နံနက်ပိုင်းက စုပေါင်းအမှိုက်ကောက်ခဲ့ကြပြီး ဒုတိယအကြိမ်အနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းစုစုပေါင်း ၂၂၀ တို့က ဗိုလ်တထောင်ဆိပ်ကမ်းတစ်လျှောက်ရှိ စွန့်ပစ်အမှိုက်များကို ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းကလည်း စုပေါင်းကောက်ယူ သိမ်းဆည်းခဲ့ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း(MLA)**

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နတ်တော်လ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ တာမွေမြို့နယ် ဩဘာလမ်းအလယ်ပိုင်း လမ်းသူလမ်းသားများကြီးမှူး၍ စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၉ ရက်(ကြာသပတေးနေ့) ည ၇ နာရီတွင် အဆိုပါလမ်း၌ ပြုလုပ်ရာ သရဝဏ်(ပြည်)၊ စမ်းစမ်းနွဲ့(သာယာဝတီ)နှင့် လင်္ကာရည်ကျော်တို့က စာပေအနုပညာအကြောင်း ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**(ကိုချစ်)**

# အမျိုးသားပညာရေးမူဝါဒ ရည်မှန်းချက်များကို မျက်ခြည်မပြတ်သိရှိကြရန် တိုက်တွန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပညာရေးမူဝါဒ ရည်မှန်းချက်များကို ဆရာ ဆရာမများ၊ ပညာရေးမိသားစုများအနေဖြင့် မျက်ခြည်မပြတ်နားလည်သိရှိကြရန် တိုက်တွန်းလိုပါကြောင်း ယမန်နေ့ မွန်းလွဲ ပိုင်းက ရန်ကုန်မြို့ရှိ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပသော ၂၀၁၆ ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ အနေဖြင့် တာဝန်ကျရာကျောင်းတွင် တပည့်များအား တာဝန်ယူရသည့် ဘာသာရပ်သင်ခန်းစာများကို သင်ကြားပြသရင်း လက်ရှိပြုပြင်ပြောင်းလဲဆောင်ရွက်နေသော အရည်အသွေးပြည့်ဝသည့် ပညာရပ်လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရန်၊ ပိုမိုပီပြင်အောင်မြင်လာရန် စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် စတင်ဆောင်ရွက်နေသည်ကို ကြားသိကြမှာဖြစ်ပါကြောင်း၊ အမျိုးသားရေးမူဝါဒ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သာမန်ကြိုးစားအားထုတ်မှုနှင့် မရကြောင်း၊ အထူးအားထည့်ကြိုးစားအားထုတ်ရမှာဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်အရ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများက ပညာတန်ဆောင်ဂုဏ်ထူးဆောင် ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်း၊ ပညာတန်ဆောင်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆရာကြီးများနှင့် စာပေဗိမာန်စာမူဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်း၊ ပညာတန်ဆောင် လက်ရွေးစင်ထူးချွန်ဆုချီးမြှင့်ခြင်း၊ မဂ္ဂဇင်းဖြန့်ချိမှုထူးချွန်ဆု ဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ကြသည်။



အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ပညာတန်ဆောင်နာယကကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာတန်ဆောင် ပရောဂျက်ဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ပညာရေးမိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**(ဇာနည်မောင်)**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်တင်သည် ဒီဇင်ဘာ ၂၃ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ပြုလုပ်သည့် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆွပ်ဟွန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ လာအိုနိုင်ငံခြားရေးဝန်ကြီး ဆာလမ်စေကွန်မဆစ်၊ ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဗင်မင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရမ်မဒီနိုင်တို့လည်း တက်ရောက်ခဲ့သည်။




နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အဆိုပါအစည်းအဝေးတွင် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လအတွင်း တရုတ်နိုင်ငံ ဆန်းယမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခေါင်းဆောင်များ အစည်းအဝေးမှအတည်ပြုခဲ့သည့် ဦးစားပေးစီမံကိန်း ၄၅ ခု အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှု အခြေပြဇယားနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဦးစားပေးနယ်ပယ်ငါးခုဖြစ်သော ပေါင်းစည်းဆက်နွှယ်မှု၊ ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်း ဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နယ်ပယ်များ၌ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းမှုဆိုင်ရာမူဘောင်တို့ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အစည်းအဝေးတွင် မဲခေါင်ဒေသတွင်းရှိ ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် ထောက်ပံ့ပေးသွားရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် မတည် တည်ထောင်ကြောင်း တရုတ်နိုင်ငံက အတည်ပြုကြေညာခဲ့သည်။ အစည်းအဝေးမှ တတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပသွားရန်နှင့် ဒုတိယအကြိမ် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသွားရန်ကိုလည်း ဆုံးဖြတ်ခဲ့သည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲတွင်း နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ် ဖြစ်သည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးဆွေးနွေးပွဲတွင် စတင်အဆိုပြုချက်အရ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူများအကြား အပြန်အလှန် ထိတွေ့ဆက်ဆံရေး စသည့်မဏ္ဍိုင်ကြီး(၃)ရပ်တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်ဖြစ်သည်။

ဒုတိယဝန်ကြီးသည် အစည်းအဝေး တက်ရောက်စဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် သီးခြားတွေ့ဆုံခဲ့ပြီး မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စများနှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# သီရိမင်္ဂလာဈေးသစ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်များ ပုံမှန်ဝင်ရောက် ဈေးထွက်အမှိုက် တစ်ရက်တန်ချိန် ၆၄ တန်ခန့် သိမ်းဆည်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန လက်အောက်ရှိ သီရိမင်္ဂလာဈေးသစ်ကြီးသည် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် လှိုင်မြစ်ကမ်းနဖူးတွင် တည်ရှိ၍ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်(ကုန်စိမ်း)များနေ့စဉ်ကုန်တင်ယာဉ်ကြီးများ အဝင်အထွက်ရှိနေပြီး ဈေးထွက်အမှိုက်မှာ တစ်ရက်လျှင် တန်ချိန်စုစုပေါင်း ၆၄ တန်ခန့်ရှိသည်ဟု သိရသည်။

“ကျွန်တော်တို့ သီရိမင်္ဂလာဈေးသစ်ကြီးမှာ ပွဲကျဈေးသည်အပါအဝင် ဈေးသည်စုစုပေါင်း ၄၂၄၂ ဦး ရောင်းဝယ်မှုရှိနေပြီး ဈေးထွက်အမှိုက်က တစ်ရက်ကိုတန်ချိန် ၆၄ တန်ခန့်ရှိပါတယ်။ အထူးသဖြင့် ဈေးထွက်အမှိုက်တွေက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အလေအလွင့်က အများဆုံးပါပဲ” ဟု ဈေးတာဝန်ခံ ဦးအောင်လင်းဦးက ပြောသည်။

သီရိမင်္ဂလာဈေးသစ်ကြီးသို့ မြို့နယ်အသီးသီးရှိ ဈေးများတွင် တစ်ဆင့် ပြန်လည်ရောင်းချသော ဈေးသည်များက လာရောက်ဝယ်ယူမှုရှိပြီး နေ့စဉ်နေ့ညစည်ကားနေသော ဈေးကြီးဖြစ်သည်။ ဈေးကြီးဝင်ပေါက်၊ ထွက်ပေါက်နေရာတွင် တစ်ပိုင်တစ်နိုင် ကုန်စည်များသယ်ယူပို့ဆောင်ရန် စောင့်ဆိုင်းနေသော ကုန်တင်ဆိုက်ကား(ဂါလီ)များ၊ အငှားယာဉ်များ ရပ်တန့်ထားမှုကြောင့် ဘုရင့်နောင်လမ်းမကြီးတွင် မကြာခဏယာဉ်ကြောကျပ်တည်းမှုများ ရှိသဖြင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း ဦးဆောင်၍ စည်ပင်ရုံးဝန်ထမ်းများ၊ ဈေးဝန်ထမ်းများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်း၍ ယာဉ်ကြောရှင်းလင်းစေရေးအတွက်စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို တွေ့ရသည်။

အဆိုပါသီရိမင်္ဂလာဈေးသစ်ကြီးသည် ၂၀၁၀ ခုနှစ်ဩဂုတ်လက ယခင်နေရာဟောင်းဖြစ်သော ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းမှ ယခုနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သီရိမင်္ဂလာဈေးသစ်ကြီး အကျယ်အဝန်းမှာ ၁၆ ဒသမ ၉၂၁ ဧကရှိပြီး ဈေးအတွင်း ဈေးရုံကိုးရုံတွင် ဆိုင်ခန်းပေါင်း ၂၁၀၇ ခန်းနှင့် ပွဲကျဈေးသည်များ စနစ်တကျရောင်းဝယ်နိုင်ရေးအတွက် ပွဲကျဈေးသည်ပေါင်း ၂၁၃၅ ဦးတို့ကို နေရာငါးနေရာတွင် နေရာအကွက်ချပြီး ရောင်းဝယ်မှုပြုထားသည်ဟု သိရသည်။

ယခင်က သီရိမင်္ဂလာဈေးရှေ့ဘုရင့်နောင်လမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့မှုများရှိသော်လည်း မျက်မှောက်ကာလတွင် ပွဲကျဈေးသည်များ စည်းကမ်းမဲ့ရောင်းဝယ်မှုမရှိစေရေးနှင့် အနေးယာဉ်နှင့်အငှားယာဉ်များ ဂိတ်ထိုး ရပ်နားမှုမရှိစေရေးအတွက် စောင့်ကြည့်ရပ်ကြည့်အဖွဲ့ဖြင့် စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေမှုကြောင့် ဘုရင့်နောင်လမ်းမကြီးတွင် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းသွားသည်ဟု သိရသည်။

**(မောင်သူညှ)**

# မောင်တောမြောက်ပိုင်း ကျေးရွာ ၁၂ ရွာသို့ ဆန်အိတ် ၂၅၀ ထောက်ပံ့

**မောင်တော ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးတို့က အရေးပေါ်ကူညီထောက်ပံ့မှုများ လာရောက်ပေးအပ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် MAUK အဖွဲ့တို့ ပူးပေါင်းပြီး ယနေ့တွင် မောင်တောမြောက်ပိုင်းကျေးရွာ ၁၂ ရွာသို့ ဆန်အိတ် ၂၅၀ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ထောက်ပံ့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး)ဦးကျော်မင်း၊ MAUK အဖွဲ့နှင့် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ဖွဲ့ဝင်များ လိုက်ပါပြီး မောင်တောမြောက်ပိုင်း ကျေးရွာများဖြစ်သည့် စပယ်ကုန်း၊ ရေမျက်၊ ငါးခူရ၊ မြို့သစ်၊ အထက်ပြူးပ၊ ပြူးမကညင်တန်း၊ ကပ်ပတောင်း၊ ရေမျက်တောင်၊ စံပယ်ပင်ရင်း၊ ခြံပြင်၊ ရွက်ညိုတောင်နှင့် သရက်အုပ် ကျေးရွာများသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်သည်။




အဆိုပါ ကျေးရွာများသည် အောက်တိုဘာ ၉ ရက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားသည့်နောက်ပိုင်း စားဝတ်နေရေး အခက်အခဲဖြစ်နေသည့်အတွက် ယခုကဲ့သို့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်ကလည်း မောင်တောမြောက်ပိုင်းရှိ နွားရုံတောင်၊ သီဟိုဠ်ကျွန်း၊ အောင်ဗလနှင့် ပြားသား(ခ)သုခမြိုင် ကျေးရွာများသို့ ဆန်အိတ် ၂၅၀ သွားရောက်ထောက်ပံ့ခဲ့ကြောင်း၊ ထိုသို့ ထောက်ပံ့ရာတွင် လူမျိုးဘာသာ မခွဲခြားဘဲ အစ္စလာမ်ဘာသာဝင်နှင့် တိုင်းရင်းသားကျေးရွာများကို အညီအမျှ ခွဲဝေထောက်ပံ့လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-မောင်မွေး**

# မန်လွယ်နှင့် နမ့်ဖလွန်းကြား ကားလမ်းမကြီးပေါ်၌ တပ်မတော်စစ်ကြောင်းနှင့် KIA လက်နက်ကိုင်အဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မန်လွယ်နှင့်နမ့်ဖလွန်းကြား ကားလမ်းမကြီးပေါ်၌ KIA လက်နက်ကိုင်အဖွဲ့က မော်တော်ယာဉ်များအား ပိတ်ဆို့ထားသဖြင့် ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၆ နာရီခန့်တွင် အဆိုပါနေရာသို့ သွားရောက်ရှင်းလင်းရာ KIA လက်နက်ကိုင်အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပူးပေါင်းအဖွဲ့က ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကိုင်များ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်တစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး တပ်မတော်စစ်ကြောင်းနှင့်ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံးကိုးမြို့အနီး လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့နှင့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်သို့ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယမန်နေ့ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် မုံးကိုးမြို့၏ တောင်ဘက် ၆ မိုင်ခန့်အကွာသို့ အရောက်၌ ချုံအတွင်းမှ မြေခင်းစဖြင့်ပတ်၍ ဝှက်ထားသော ပွိုင့်-၂၂ သေနတ်တစ်လက်နှင့် ယင်းကျည် ၁၅ တောင့်အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# SSA (ဝမ်ဟိုင်း)အဖွဲ့၏ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းတို့ကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာထွက်ပြေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဟိုဆိုင်းကျေးရွာအုပ်စု ပန်ခမ်းကျေးရွာနှင့် ဝမ်မိုင်ကျေးရွာတို့၌ SSA (ဝမ်ဟိုင်း)အဖွဲ့က မကြာခဏအတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းတို့ကြောင့် ၎င်းကျေးရွာများရှိ ပလောင်တိုင်းရင်းသားမိသားစု လေးစု၊ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၃ ဦးတို့သည် နေရပ်စွန့်ခွာထွက်ပြေး၍ ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု ရေဖြူကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာကြောင်း သိရှိရသည်။

အဆိုပါ နေရပ်စွန့်ခွာထွက်ပြေးလာခဲ့သော ပလောင်တိုင်းရင်းသား မိသားစုများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဘော်ဇာဒီးကျေးရွာနေ ဦးဂျယ်ယောဆာသည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၃ နာရီခန့်တွင် ကျေးရွာ၏မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ တောအုပ်အတွင်းသို့ ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်စဉ် KIA လက်နက်ကိုင်အဖွဲ့ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းထိလူနာအား တပ်မတော်စစ်ကြောင်းက လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး လုံးခင်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ ထိုသို့ဆေးရုံတက်ရောက်ကုသနေသည့် မိုင်းထိလူနာအား တပ်မတော်သားများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများနှင့် KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့အတွင်း တပ်မတော်စစ်ကြောင်းများသည် ယမန်နေ့နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများသည် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ပန်ဖိတ်ရွာ၏အနောက်ဘက် မီတာ ၃၅၀၀ ခန့်အကွာသို့အရောက်၌ KIA၊ TNLA လက်နက်ကိုင်အဖွဲ့အင်အား ၄၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လည်းကောင်း၊ အလားတူ နံနက် ၇ နာရီခွဲခန့်တွင် ကုန်းကြမ်းမြို့၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာသို့အရောက်၌ MNDAA လက်နက်ကိုင်အဖွဲ့အင်အား ၅၀ ခန့်က သုံးနေရာဖြန့်ခွဲ၍ လည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့များ အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်များအတွင်း တပ်မတော်မှ စစ်သည်တစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းရာ ညနေ ၄ နာရီ ၅မိနစ်ခန့်တွင် ကုန်းကြမ်းမြို့၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ တောင်ယာဟောင်းရှိ ကောက်ရိုးပုံအတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသည့် ပန်းရောင်စိတ်ကြွရူးသွပ်ဆေးအမှုန့် တစ်ထုပ် ၁၈၅ ဂရမ်(ဒေသတန်ဖိုး ငွေကျပ် ၃၅ သိန်းကျော်)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ ပုံမှန်သွားလာလျက်ရှိသည့်ယာဉ်များအား KIA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးဖြင့် အကြောင်းမဲ့နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ ပုံမှန်သွားလာလျက်ရှိသည့် ယာဉ်များအား ယနေ့နံနက် ၉ နာရီခွဲခန့်တွင် KIA လက်နက်ကိုင်အဖွဲ့အင်အား ငါးဦးခန့်က မန်လွယ်ကျေးရွာ၏ အရှေ့ဘက် မီတာ ၅၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ ငါးဦး လက်နက်ကြီးကျည် ထိမှန်ဒဏ်ရာရရှိခဲ့သည်။



အဆိုပါ ဒဏ်ရာရရှိသူများအား တပ်မတော်စစ်ကြောင်းများက ဆေးဝါးကုသနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်သို့ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ အသစ်ထွက်ရှိသောစာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၈၁။ | ဒေါသကုမ္ပဏီ(၁၂)ဦး | ညီနောင် | ၂၀၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၂။ | ရွှေဂူရှင်မ | တာတေ | ၁၅၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၃။ | သီပေါမင်း၏ ဘဝနေဝင်ချိန်နှင့် အခြားသုတ-ရသစာစုများ | နန္ဒာမောင်၊ သံဖြူဇရပ် | ၂၅၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၄။ | ငယ်ချစ် (ကဗျာစုစည်းမှု) | နန္ဒာမိုးကြယ် | ၂၀၀၀ | အရှေ့ဘက်ကောင်းကင်စာပေ |
| ၈၅။ | ယခုဘဝ၊ နောင်ဘဝကောင်းစားရေး | သိက္ခာတော်ရဆရာ ဦးမန်ရှင်းစိန် | ၃၅၀၀ | ဦးမန်ရှင်းစိန် |
| ၈၆။ | အားလုံးသမ္မတနှင့် အခြားဝတ္ထုတိုများ | မြတ်ကိုကို (ရက္ခ) | ၂၀၀၀ | ဧရာသစ္စာစာပေ |
| ၈၇။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၁) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၈၈။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၄) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၈၉။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၃) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၉၀။ | သမီးလေးဖတ်ဖို့ လက်ရွေးစင် (၂) | ကောင်းသန့် | ၅၀၀ | ကောင်းသန့်စာပေ |
| ၉၁။ | ဖန်ပြာခွက်နှင့် ကျောက်စက်ရေကဗျာများ | မောင်ကြူးရင့် | ၁၅၀၀ | ဆောင်းစုရတီစာပေ |
| ၉၂။ | မသိစိတ်နဲ့မက်တဲ့ အိပ်မက်ကဗျာ | မောင်သစ်ကြည် | ၁၀၀၀ | ဆောင်းစုရတီစာပေ |
| ၉၃။ | အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဘုရားဖူး ခရီးသွားမှတ်တမ်းကဗျာများ | ဦးဂိလာသဂ္ဂ | ၁၀၀၀ | ဆောင်းစုရတီစာပေ |
| ၉၄။ | ကိုယ်တို့မြို့နဲ့အရေးအသားတချို့ | သားဦး | ၁၅၀၀ | ဆောင်းစုရတီစာပေ |
| ၉၅။ | လက်တွေ့အသုံးချအကြောပညာ | သမားတော်ကြီးဦးသောင်းနိုင် | ၄၅၀၀ | ဇေယျာစာပေ |
| ၉၆။ | ထင်ပေါ်ကျော်ကြား စာပေငွေကြယ်ပွင့်များ | မောင်ခေတ်ထွန်း | ၆၀၀၀ | မဇ္ဈိမစာပေ |
| ၉၇။ | ပညာရေးတွေးတတ်အောင်သင် | သန်းစိုးအောင် | ၂၀၀၀ | မောင်တို့မြန်မာပြည်စာပေ |
| ၉၈။ | ချစ်ရင်မမိုက်နဲ့(ဘာသာရေးရသဝတ္ထုတိုများ) | မောင်စစ်ကိုင်း | ၁၅၀၀ | ရွှေထက် (အေးဂျင့်) |
| ၉၉။ | ဇီဝဓာတ်ငွေ့နည်းပညာ | ရွှေနဂါးတင်ဝင်း | ၄၀၀၀ | ရွှေနဂါးတင်ဝင်းစာပေ |
| ၁၀၀။ | လွမ်းရစ်ဝေသောနေ့များ ညများ ဘဝပေါင်းများစွာ | မောင်မောင်စိုး | ၃၀၀၀ | ရွှေနဒီစာပေ |
| ၁၀၁။ | ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အကျပ်အတည်း | ဒေါက်တာရန်မျိုးသိမ်း | ၁၀၀၀ | ရွှေနန်းမှန်ကူစာပေ |
| ၁၀၂။ | STYLISTIC TRANSFOR MATION for matriculation students | SAYA U KYAW MOE (Natmauk) | ၃၀၀၀ | ရွှေပညာစာပေ |
| ၁၀၃။ | လမင်းရင်ထဲက အမြုတေရတနာများ | ကလောင်စုံ | ၁၂၀၀ | ရွှေပေစာအုပ်တိုက် |
| ၁၀၄။ | English Grammar Practice | ဆရာ စိုင်းအောင်ဝင်း | ၆၀၀၀ | လောကသစ်စာပေ |
| ၁၀၅။ | ဩဇာကြီးမား စာရေးဆရာများ | ဒီနိုဗို (မြန်မာပြန်) | ၂၅၀၀ | နှင်းဆီဖြူစာပေ |
| ၁၀၆။ | အက်ရာများ | ကိုထက်-ရေဦး | ၂၀၀၀ | နှစ်ကာလများစာပေ |
| ၁၀၇။ | လန်ဇာရိုတီ | မိုးသက်ဟန် (မြန်မာပြန်) | ၂၀၀၀ | နှစ်ကာလများစာပေ |
| ၁၀၈။ | ရင်မှာသို့ဝှက်. . . အလွမ်းရက်များ | ဆွေဇင်မင်း | ၂၀၀၀ | ငါတို့စာပေ |
| ၁၀၉။ | ဖျောက် | ဟိန်းဆက်သွင် | ၁၅၀၀ | ငါတို့စာပေ |
| ၁၁၀။ | ပဲခူးဟောင်းပုံရိပ် | မောင်ယဉ်လှိုင်း | ၃၀၀၀ | ရန်အောင်စာပေ (၁) |
| ၁၁၁။ | ၂၁ ရာစုပင်လုံညီလာခံမှသည် တန်းတူရည်တူ ပြည်ထောင်စုမူသို့ | Dr.အောင်တင်ဦး | ၂၀၀၀ | ယဉ်မျိုး |
| ၁၁၂။ | လက်လီရောင်းချခြင်းဆိုင်ရာ နည်းလမ်းများ | ဂျာကြီး | ၁၇၀၀ | စိတ်ကူးချိုချို |
| ၁၁၃။ | ပြောရမှာပေါ့ မခင်ကျော့ရယ် | သော်တာဆွေ | ၅၅၀၀ | စိတ်ကူးချိုချို |
| ၁၁၄။ | အင်းဝမြို့ရောက် သံတမန်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း | အောင်မြင့်စိန်(ထားဝယ်) | ၅၀၀၀ | လူငယ်တစ်ယောက် |
| ၁၁၅။ | ဘာဆက်လုပ်ကြမလဲ | ကြည်မိုးငြိမ်း | ၁၀၀၀ | ဇွန်ပွင့် |
| ၁၁၆။ | ကမ္ဘာ့စီးပွားရေးမဟာတတိယလှိုင်း နှင့် ဒေါ်လာဈေးတက်ကာ စိုးရိမ်စရာလား | ခင်မောင်ညို (ဘောဂဗေဒ) | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၁၇။ | အောင်မြင်မှုအတွက် ကျင့်စဉ် (၃)ချက် | ဂျွန် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၁၁၈။ | မွေးရာပါပင်ကိုစွမ်းအင်စိတ်တန်ခိုး | ကောင်းသာ | ၁၃၀၀ | စိတ်ကူးချိုချို |
| ၁၁၉။ | ဗုဒ္ဓမြတ်စွာ ဘာပြောခဲ့သလဲ | ဒဂုန်ဦးထွန်းမြင့် | ၄၅၀၀ | စိတ်ကူးချိုချို |
| ၁၂၀။ | မိခင်ပြစ်မှားသေရွာလား အပါအဝင် ပုံပြင် (၃)ပုဒ် | သန်းမြင့်ဦး | ၃၀၀ | ရွှေပဒေသာ |
| ၁၂၁။ | အသည်းကိုအလျော်ပေးမယ် | မမသဒ္ဒါမောင် | ၁၇၀၀ | ရွှေပဒေသာ |
| ၁၂၂။ | ပန်းပေမို့. . . ကြွေမှာစိုးတယ်လေ | မိုးစက်ပွင့် | | ရွှေပဒေသာ |
| ၁၂၃။ | ဂမ္ဘီရသစ်ပင်နှင့် အခြားပုံပြင်များ | အောက်တိုဘာအောင်ကြီး | ၃၀၀ | ရွှေပဒေသာ |
| ၁၂၄။ | မမေ့နိုင်ဘူးကွယ် ငယ်ကျွမ်းဆွေ | အလင်းသစ် | ၁၅၀၀ | ရွှေပဒေသာ |
| ၁၂၅။ | ကြေကွဲပွင်တို့ ငိုရှိုက်သံ | လှိုင်ကြာဖြူ | ၁၅၀၀ | ရွှေပဒေသာ |

# အရည်အသွေးအာမခံချက်မရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

*(ယမန်နေ့မှအဆက်)*

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များ၌ ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများကို နမူနာကောက်ယူ စစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်သော ငရုတ်သီးမှုန့်၊ မဆလာမှုန့်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားခြင်းမရှိပါ၍ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဈေးကွက်ရှိ ငရုတ်သီးမှုန့်အမျိုးမျိုးအား ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ်အမည် | အစားအသောက် အမျိုးအစား | လုပ်ငန်းလိပ်စာ |
|---|---|---|---|
| ၂၁။ | မကျင်မြ-မမြင့်ကြည် | ငရုတ်သီးမှုန့် | ရုံအမှတ်(၆)၊ ဆိုင်အမှတ်(၉-၁၀)၊ မြသလ္လာဈေး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉- ၂၅၆၄၇၆၇၂၆၊ ၀၉-၄၀၀၄၆၆၈၇၆ |
| ၂၂။ | နှင်းပုလဲ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂၃။ | အောင်ကြည်သိန်း။ Aung Kyi Thein | ငရုတ်သီးမှုန့် | ဖြန့်ချိရေး- ဆိုင်(၇)၊ ရုံ(၁၅)၊ ချင်းတွင်းရတနာဈေး၊ မုံရွာမြို့။ ပင်ရင်း-ကိုသန်းအေး + မမြကြည်၊ အောင်မင်္ဂလာရပ်၊ မာဃလမ်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၇၁-၂၀၄၈၁၊ ၀၉- ၂၁၃၁၁၀၂ |
| ၂၄။ | ကြည်ကြည်ခိုင် | ငရုတ်သီးမှုန့် | ညောင်တပင်လမ်း၊ ဘုရားကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၇၁-၂၃၀၆၁ |
| ၂၅။ | သူရိယ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂၆။ | အိုကေဝမ်း | ငရုတ်သီးမှုန့် | အိမ်အမှတ်(၇၁)၊ ရှမ်းစုလေး၊ ဘိုးဘွားရိပ်သာ တောင်ဘက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။ ၀၆၇- ၂၂၄၁၆၊ ၀၉-၄၂၀၇၇၅၇၇၊ ၀၉-၉၇၂၅၇၃၉၆၉ |
| ၂၇။ | မန္တလယ် | ငရုတ်သီးမှုန့် | မန္တလယ် ကုန်မျိုးစုံနှင့် ငရုတ်အရောင်တင် စစ်စစ်၊ နနွင်းမှုန့် ရောင်းဝယ်ရေး၊ ဆိုင်အမှတ်(၁၈၊ ၁၉၊ ၂၀-၂၂)၊ (ဒီ)ရုံ-ခ၊ ပျဉ်းမနားဈေး၊ နေပြည်တော်။ ၀၉-၄၉၂၁၁၀၂၉၊ ၀၉-၉၈၂၂၀၆၅၅ |
| ၂၈။ | လှလှဝင်း | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၈)၊ ၁၁ (၂၄၁)၊ အမှတ်(၁) မြို့မဈေး၊ ပျဉ်းမနားမြို့၊ နေပြည်တော်။ ၀၉-၄၂၀၇၀၉၀၄၄၊ ၀၉-၄၃၁၆၀၂၇၂ |
| ၂၉။ | ရွှေသရဖူ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃၀။ | ရဲသီဟ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃၁။ | ဝင်းမိုး | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃၂။ | လူထု | ငရုတ်သီးမှုန့် | အမှတ်(၂၂၆)၊ မြေအောက်ထပ်၊ (ဒီ)ရုံ၊ သိမ်ကြီးဈေး၊ ရန်ကုန်မြို့။ ၀၉-၅၁၅၇၅၃၇၊ ၀၁-၂၄၀၆၀၀၊ ၀၁-၂၄၀၃၅၅(လိုင်းခွဲ-၄၆၄၇) |
| ၃၃။ | နေကိုးလုံး | ငရုတ်သီးမှုန့် | ၀၈၂-၂၂၉၃၀၊ ၀၈၂-၂၃၈၀၆(လိုင်းခွဲ- ၃၀၈)၊ ၀၉-၅၂၆၂၅၁၄ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃၄။ | စိန်ဟသ်ာ | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၁၊ ၂၊ ၇၈)၊ (စီ)ရုံ၊ အင်းစိန်ဈေး၊ ရန်ကုန်မြို့။ ဆိုင်အမှတ်(၅။၂၉-၃၃-၃၇)၊ မြရတနာဈေး၊ သမိုင်း၊ ရန်ကုန်မြို့။ |
| ၃၅။ | ခိုင်တိုးကျော် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထား ခြင်းမရှိပါ။ |
| ၃၆။ | မေ့အကြိုက် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထား ခြင်းမရှိပါ။ |
| ၃၇။ | စန္ဒာ | ငရုတ်သီးမှုန့် | အမှတ်(၆၇၊ ၆၈၊ ၆၉)၊ ဈေးချို(၃)၊ ပုဇွန်တောင်ဈေး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၈။ | ရွှေပိုးအိမ် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထား ခြင်းမရှိပါ။ |
| ၃၉။ | မြင်းပျံ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထား ခြင်းမရှိပါ။ |
| ၄၀။ | ကောင်းအရသာ | ငရုတ်သီးမှုန့် | ပင်ရင်း(၁)- အမှတ်(F)၊ ကံ့ကော်လမ်းမကြီး၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်မြို့။ ၀၁-၆၀၃၂၃၂၊ ၀၁- ၆၀၃၁၃၁ ပင်ရင်း(၂)- ဘေလီတံတားထိပ်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉- ၉၉၇၄၁၂၅၊ ၀၁- ၅၆၉၁၁၇ စက်ရုံ-အမှတ်(၇၅၆)၊ ဧရာဝတီလမ်းမကြီး၊ စက်မှုဇုန်(၂)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၆၇၆၄၁၊ ၀၉-၅၁၄၆၃၂၃၊ ၀၁-၅၉၅၃၂၁ |
| ၄၁။ | ကောင်း | ငရုတ်သီးမှုန့် | ၀၁- ၃၉၇၀၉၄၊ ၀၉-၅၀၅၃၉၃၂၊ ၀၉-၅၀၀၄၁၉၇ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄၂။ | စိန်ခြသေ့် | ငရုတ်သီးမှုန့် | မအမာတင်နှင့်ညီမများ၊ ဆိုင်(၁၁။၁၂။၁၃)၊ ရုံ(၉)၊ သီရိရတနာဈေး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉-၄၇၀၅၁၈၂၀၊ ၀၉-၂၀၂၉၁၂၇ |
| ၄၃။ | နန်းဦးကျော် | ငရုတ်သီးမှုန့် | ကိုဦး + မလှဝင်း၊ သီရိရတနာဈေး၊ ရုံ(၁၀)၊ ဆိုင်အမှတ်(၁၂)၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉-၄၇၀၅၁၃၄၃၊ ၀၉-၉၇၂၈၂၁၃၇၇ |

*(ဆက်လက်ဖော်ပြပါမည်)*

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကောလာဟလများကြားထဲက အနုပညာလောက

# ကျန်းမာချင်ရင်တော့ တေလာဆွစ်နဲ့ ဝေးဝေးနေပါ



တစ်ချိန်က သူငယ်ချင်းတွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ တေလာဆွစ်တို့ နှစ်ဦးဟာ ယခုနှစ်ပိုင်းအတွင်းမှာ သိပ်တွဲတာ မတွေ့ရတော့ပါဘူး။ ဒါ့အပြင် ဆယ်လီနာဟာ သူ့အပေါ် ဆိုးရွားတဲ့ လွှမ်းမိုးမှုတွေကနေ ရှောင်ရှားပြီး အဲဒီလွှမ်းမိုးမှုတွေထဲမှာ ပေါ့ပ်အဆိုတော် တေလာဆွစ်ရဲ့ လွှမ်းမိုးမှုတွေလည်း ပါဝင်နေတာဖြစ်ပါတယ်။ ဒါ့အပြင် ဆယ်လီနာရဲ့ သူငယ်ချင်းတစ်ဦးက ဆယ်လီနာရဲ့ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာချင်တယ်ဆိုရင် တေလာနဲ့ သူငယ်ချင်းတွေအဖြစ်မနေဘဲ သူ့ရဲ့ လွှမ်းမိုးခြယ်လှယ်မှုတွေနဲ့ ကင်းကင်းနေဖို့ ဆယ်လီနာကို အကြံပေးခဲ့ကြောင်း ရေဒါအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ တေလာဆွစ်ဟာ ဆယ်လီနာကို သူ့သဘောအတိုင်းနေထိုင်ဖို့ ကြိုးပမ်းခဲ့ပြီး ဆယ်လီနာအနေနဲ့ သူနဲ့မိတ်ဆွေဖြစ်ရတာ ကံကောင်းတယ်လို့ အထင်ရောက်လာအောင်လည်း လုပ်ဆောင်လေ့ရှိခဲ့ပေမယ့် လတ်တလောမှာတော့ ဒါတွေအားလုံး ပြီးဆုံးသွားခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

တေလာဆွစ်နဲ့ ဆယ်လီနာတို့ရဲ့ ဆက်ဆံရေးက အဆိပ်အတောက်တွေဖြစ်ခဲ့ရာကနေ ကွဲအက်တဲ့အခြေအနေထိ ရောက်လာခဲ့ပြီးနောက်ပိုင်းမှာ ဆယ်လီနာက အကောင်းမြင်တတ်တဲ့ ပတ်ဝန်းကျင်မှာသာ နေထိုင်တော့တာဖြစ်ပါတယ်။ လတ်တလောမှာ တေလာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ရဲ့ ဆက်ဆံရေးဟာ မေးခွန်းထုတ်စရာအခြေအနေဖြစ်ခဲ့တာပါ။ သူတို့နှစ်ဦးကို တွဲဖက်မတွေ့ခဲ့ရတာ လအတော်ကြာခဲ့ပြီဖြစ်ကာ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာလည်း အတူတွဲမတွေ့ရတော့ပါဘူး။ ဒါ့အပြင် လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ကြိုက်နှစ်သက်မှုအများဆုံးရရှိတဲ့ ကြယ်တစ်ပွင့်အဖြစ် နှစ်နှစ်တိုင်နေရာယူထားနိုင်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ နောက်ပိုင်းမှာ သူငယ်ချင်းတွေနဲ့ပတ်သက်ပြီး မီဒီယာတွေပေါ်မှာ ဖော်ပြလေ့မရှိတော့ပါဘူး။

ဒါပေမယ့် အချို့သော ဟောလိဝုဒ်ကောလာဟလမီဒီယာတွေရဲ့ ဖော်ပြချက်အရ သူတို့နှစ်ဦးအကြားမှာ ဆိုးရွားတဲ့ ဆက်ဆံရေးမျိုးမရှိဘူးလို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် အရင်တုန်းက အမြဲအတူတွဲလေ့ရှိတဲ့ သူတို့နှစ်ဦး ဘာကြောင့် အတူတွဲမတွေ့ရတာကလည်း မေးခွန်းထုတ်စရာ ဖြစ်လို့နေပါတော့တယ်။

**အေးပြည့်**

# အနမ်းခြွေခဲ့ပြီးမှ သူငယ်ချင်းတဲ့လား



ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ချာလီပွတ်သ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဘယ်လာသရုန်းတို့နှစ်ဦးဟာ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က မိုင်ယာမီကမ်းခြေမှာ နှစ်ဦးသားပျော်ပါးခဲ့ကြပြီး လက်ချင်းတွဲထားတဲ့ သူတို့နှစ်ဦးအနမ်းတွေခြွေခဲ့ကြတဲ့ ဓာတ်ပုံတွေကြောင့် ဟောလိဝုဒ်မီဒီယာတွေက ချစ်သူတွေဖြစ်နေကြောင်း ဝေဖန်ပြောဆိုသံတွေ ပေါ်ထွက်လာခဲ့ရာ ယင်းသတင်းတွေက မမှန်ကန်ကြောင်း ချာလီက ငြင်းဆိုခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ချာလီက သူနဲ့ ဒစ်စနေကြယ်ပွင့် ဘယ်လာတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြတယ်ဆိုတာ မမှန်ကန်ကြောင်း ဖြေကြားခဲ့တာဖြစ်ပြီး ဘယ်လာနဲ့ ရင်းနှီးသူတစ်ဦးကလည်း ဘယ်လာနဲ့ ချာလီနဲ့ချစ်ကြိုက်နေတယ်ဆိုတာ လုံးဝမမှန်ကန်ကြောင်း ပြောကြားခဲ့တာကြောင့် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာ ဝေဖန်စရာဖြစ်ခဲ့ပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အိုင်ဟာ့ထ်ရေဒီယိုက ကျင်းပတဲ့ ဖျော်ဖြေပွဲတစ်ခုမှာ ဘယ်လာအပေါ် ထားရှိတဲ့ မေတ္တာတရားတွေကို ချာလီက ထုတ်ဖော်ပြသခဲ့ကြောင်းလည်း ပီးပဲလ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။ ဒါကြောင့် ကြယ်ပွင့်စုံတွဲနှစ်ဦးရဲ့ လတ်တလောဆက်ဆံရေး အခြေအနေဟာလည်း ဟောလိဝုဒ်မီဒီယာတွေအဖို့ စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေပါတော့တယ်။

**အေးပြည့်**

# ခုတော့လည်း ပြစ်တင်မှုတွေနဲ့ပဲလား ဘရက်ပစ်နဲ့ ဂျိုလီ



လမ်းခွဲလိုက်ကြတဲ့ ဟောလိဝုဒ်မီဂါစတား ဘရက်ပစ်နဲ့ ဂျိုလီတို့ရဲ့စုံတွဲ တစ်ဦးကို တစ်ဦး အပြစ်တင်မှုတွေက အခုထိပြီးဆုံးသွားခြင်း မရှိသေးပါဘူး။ ဂျိုလီက ဘရက်ပစ်ကို ကွာရှင်းလိုကြောင်း ရုံးတော်ကို လျှောက်ထားခဲ့ချိန်မှာ ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိဖို့လို့အကြောင်းပြခဲ့သူပါ။ ဒါပေမယ့် ဘရက်ပစ်က သူတို့နှစ်ဦးမှာ ဘယ်သူက ပိုဆိုးသလဲဆိုတာ ဂျိုလီအနေနဲ့ ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးဖြစ်လိမ့်မယ်လို့ ဒီဇင်ဘာ ၂၃ ရက်က တုံ့ပြန်ခဲ့ရာမှာ အဲဒီအကြောင်းအရာကို မီဒီယာတွေရဲ့ ထိပ်တန်းသတင်းအဖြစ် ဖော်ပြခံခဲ့ရပြန်ပါတယ်။ ဘရက်ပစ်က ဂျိုလီရဲ့ ဘာကိစ္စမဆို လူသိရှင်ကြား လုပ်တတ်တဲ့ အကျင့်ကြောင့် ကလေးငယ်တွေရဲ့ စိတ်မှာ ဒဏ်ရာအနာတရဖြစ်စေတယ်လို့ စွပ်စွဲလိုက်ပါတယ်။

ဂျိုလီတို့နှစ်ဦးက ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ခွဲခွာနေထိုင်ခဲ့ကြပြီး ဂျိုလီဘက်က ကွာရှင်းစာချုပ် စတင်လက်မှတ်ထိုးခဲ့တာဖြစ်ပါတယ်။ သတင်းရင်းမြစ်တွေရဲ့ အဆိုအရ ဘရက်ပစ်က မိသားစုကိုယ်ပိုင်လေယာဉ်နဲ့ ခရီးထွက်ချိန်အတွင်း ကလေးတွေကို အော်ဟစ်၊ ရိုက်နှက်ခဲ့တာမျိုးရှိခဲ့တာကြောင့် ဂျိုလီက နောက်တစ်ရက်အကြာမှာပဲ ဘရက်ပစ်နဲ့ ခွဲနေပြီးနောက် ရက်အနည်းငယ် အကြာမှာ ဘရက်ပစ်ကို ကွာရှင်းလိုကြောင်း လက်မှတ်ရေးထိုးပေးပို့ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် သူတို့နှစ်ဦးလမ်းခွဲခဲ့တဲ့ ကိစ္စရပ်မှာ အားလုံးက ဘရက်ပစ်ကို လူဆိုးတစ်ဦးလို့ မြင်ခဲ့ကြပေမယ့် ဘရက်ပစ်ဘက်ကတော့ ဂျိုလီဟာ မိခင်ကောင်းတစ်ဦး မဟုတ်ဘူးလို့ ပြောခဲ့တဲ့အတွက် ဘယ်သူက ပိုဆိုးသလဲ ရှုတ်တရက်အဖြေရှာဖို့ ခက်ပါတယ်။

ဒါပေမယ့် ဘရက်ပစ်က ခရစ္စမတ်အားလပ်ရက်အတွင်း ကလေးခြောက်ယောက်နဲ့တွေ့ဖို့ တောင်းဆိုခဲ့တာကို ဂျိုလီဘက်က လိုက်လျောလို့ တွေ့ခဲ့ရပေမယ့် အကြီးဆုံးကလေးနှစ်ဦးဖြစ်တဲ့ မက်ဒေါက်ဇ်နဲ့ ပက်ဇ်တို့ကတော့ ဘရက်ပစ်ကို တွေ့ဆုံလိုစိတ်မရှိခဲ့ကြဘူးလို့ ဂျိုလီနဲ့ နီးစပ်သူတွေက ဖောက်သည်ချခဲ့ပါသေးတယ်။ ဒါကြောင့် ဘရက်ပစ်ရဲ့ ပြောကြားချက်က ယုတ္တိမတန်ဘဲ သူ့ရဲ့အပြစ်ကို ဂျိုလီရဲ့ အပြစ်ဖြစ်အောင် ဘက်ပြောင်းပြောကြားခဲ့တာလို့ အချို့ကလည်း ယူဆကြပါတယ်။

သူတို့နှစ်ဦးက ဆယ်စုနှစ်တစ်ခုကျော်ကြာ ရွှေလက်တွဲခဲ့ကြပေမယ့် ခုတော့ တစ်ဦးကို တစ်ဦး အပြစ်တင်မှုတွေနဲ့ပဲ ထွေးလုံးရစ်ပတ်နေတာကြောင့် အရင်က ကြည်နူးဖွယ်ပုံရိပ်တွေကနေ ခါးသက်တဲ့ စကားလုံးတွေအဖြစ် ပြောင်းလဲသွားတာကတော့ အမှန်တရားပဲဖြစ်ပါတယ်။

**မေလှဲ့သင်း**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၅-၁၂-၂၀၁၆(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Business News |
| ၈း၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၈း၅၀ | “အပူပိုင်းဒေသရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ချက်များ” |
| ၉း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၅၀ | ကဗျာရိပ်မြုံ“မင်းသုဝဏ်ကဗျာများ” |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၃၅ | ထိုင်း PRD (Queen Sirikit Museum of Textile) |
| ၁၂း၃၅ | ခရစ္စမတ်ကာတွန်းဇာတ်လမ်း “ခရစ္စမတ်ရဲ့အမွန်မြတ်ဆုံး လက်ဆောင်” |
| ၁း၂၀ | ဆေးရောင်စုံရုပ်ရှင် “လာထားအာဘွား(၁)” (ရန်အောင်၊ နေတိုး၊ ဝေဠူကျော်၊ သက်မွန်မြင့်၊ ခရစ္စတီးနား) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)] |
| ၃း၄၅ | This Week's Special Interest |
| ၄း၃၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ “ကောက်ကြောင်းဆီက နောက်နှောင်းဂီတ” (ဂီတရိပ်သာ) (အပိုင်း-၁၇၉) |
| ၅း၁၅ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၆း၁၅ | New Year Ender 2016(Part-4) |
| ၆း၃၅ | အလင်္ကာကျော်စွာမြို့မငြိမ်းနှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးအစီအစဉ် (အပိုင်း-၃) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မြွေပျိုမယ်ရဲ့မာယာကလဲ့စား” (အပိုင်း-၁၈) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | ရှန်းကန်လှုပ်ရှားဘဝများ (စွန့်စွန့်စားစား ကျောက်တူးသမား) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) “ဘူရိဒတ်ဇာတ်တော်ကြီး” (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ဒုတိယပိုင်း) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အေစီမီလန်အသင်း အီတလီစူပါဖလား ခုနစ်ကြိမ်မြောက်ဆွတ်ခူး




အီတလီစူပါဖလားပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့သည် ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ဂျက်ဆင်ဘင်ဟာမက်ဘောလုံးကွင်းထဲတွင် ဒီဇင်ဘာ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက ဂျူဗင်တပ်အသင်းအား ပင်နယ်တီအဆုံးအဖြတ်သွင်းဂိုး အပါအဝင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အီတလီစူပါဖလားကို ခုနစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီနှင့် အေစီမီလန်အသင်းနည်းပြ မွန်တယ်လာတို့သည် အီတလီစူပါဖလား ရယူဆွတ်ခူးနိုင်ရေးအတွက် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ကြပြီး ပွဲကစားချိန် ၁၈ မိနစ်တွင် ချီလီနီ၏ သွင်းဂိုးဖြင့် ဂျူဗင်တပ်အသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ သို့ရာတွင် ပွဲကစားချိန် ၃၈ မိနစ်တွင် ဆူဆို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘိုနာဗန်တူရာက အေစီမီလန်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့ခြင်းကြောင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် ပြိုင်ပွဲ၏ အဆုံးအဖြတ်အတွက် အချိန်ပို မိနစ် ၃၀ ကစားခဲ့ရာတွင်လည်း ပြတ်သားသည့် ရလဒ်ထွက်ပေါ်ခဲ့ခြင်း မရှိခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာတွင် ဂျူဗင်တပ်အသင်းသည် ဒိုင်ဘာလာနှင့် မန်ဇူကစ်တို့၏ သွင်းဂိုးများမှာ လွဲချော်ခဲ့ရပြီး ခီဒီယာ၊ ဟီဂူအင်နှင့် မာချီစီယိုတို့၏ သွင်းဂိုးသုံးဂိုးသာ ရရှိခဲ့သည်။ အေစီမီလန်အသင်းမှာမူ လက်ပဒူလာ ကန်သွင်းသည့် ပင်နယ်တီသာ လွဲချော်ခဲ့ပြီး ကျန်သွင်းဂိုးလေးဂိုးမှာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်တွင် အေစီမီလန်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲတွင်လည်း ဂျူဗင်တပ်အသင်းကို အနိုင်ကစားထားနိုင်ခဲ့ပြီးဖြစ်သည်။

အေစီမီလန်အသင်းသည် ယခုတစ်ကြိမ် အီတလီစူပါဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးပြန်လည်ရရှိသည့် ဆုဖလားဖြစ်ပြီး အီတလီစူပါဖလားကို ခုနစ်ကြိမ်မြောက်အထိ ဆွတ်ခူးထားသည့် ဂျူဗင်တပ်အသင်းနှင့် ရရှိသည့်အကြိမ်အရေအတွက် တူညီသွားပြီဖြစ်သည်။ အီတလီစူပါဖလားကို ဆွတ်ခူးထားမှုတွင် ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့ပြီးပါက အင်တာမီလန်အသင်းသည် ငါးကြိမ်ဆွတ်ခူးထားပြီး တတိယအများဆုံးအောင်မြင်မှုရယူနိုင်ခဲ့သည့် အသင်းဖြစ်သည်။ **(ငွေကြယ်)**

## ရှုံးနိမ့်မှုများကိုရပ်တန့်ရန် အချိန်တန်ပြီလို့ ခရစ္စတယ်ပဲလေ့စ်ကစားသမားများကို နည်းပြသစ် ဆမ်အလာဒိုက်စ်တိုက်တွန်း

ခရစ္စတယ်ပဲလေ့စ်နည်းပြသစ် ဖြစ်လာသူ ဆမ်အလာဒိုက်စ်က ပဲလေ့စ်ကစားသမားများ ကျဆုံးမှုများကိုရပ်တန့်ကာ အောင်မြင်မှုများကို ပြန်လည်ဖော်ဆောင်ရန်အချိန်တန်ပြီဟု တိုက်တွန်းပြောကြားလိုက်သည်။ ပဲလေ့စ်အသင်းသည် ဒီဇင်ဘာ ၂၂ ရက်တွင် နည်းပြအလန်ပါဂျူးကို ထုတ်ပယ်ပြီး နောက်တစ်ရက်အကြာမှာပင် ဆမ်အလာဒိုက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ပဲလေ့စ်ဥက္ကဋ္ဌ ပါရစ်ချ်က ဆမ်အလာဒိုက်စ်ကဲ့သို့ အတွေ့အကြုံကြွယ်ဝသည့် နည်းပြတစ်ဦး ပဲလေ့စ်အသင်းနှင့်ပူးပေါင်းခြင်းက အင်မတန်ကံကောင်းကြောင်း ဆိုခဲ့သည်။ ဆမ်အလာဒိုက်စ်ကလည်း အသင်းသစ်တစ်ခုကို ကိုင်တွယ်တိုင်း မတူညီသည့်အခက်အခဲများ တွေ့ရလေ့ရှိသော်လည်း သူ၏အတွေ့အကြုံက အဆိုပါခက်ခဲမှုများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ပရိသတ်များအားလုံး ပျော်ရွှင်စရာ ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ဖြစ်ပါကြောင်း ပဲလေ့စ်အသင်း တရားဝင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ဆုတောင်းစကားပြောကြားလိုက်သည်။

ဆမ်အလာဒိုက်စ်နှင့် ပဲလေ့စ်အသင်းတို့သည် နှစ်နှစ်ခွဲ သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ပဲလေ့စ်ဥက္ကဋ္ဌ ပါရစ်ချ်က ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ကစားသမားသစ်ခေါ်ယူရန် ပေါင်သန်း၂၀ အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ပဲလေ့စ်အသင်းသည် ပရီမီယာလိဂ် နောက်ဆုံးကစားခဲ့သည့် ပွဲစဉ် ၁၁ ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယားအဆင့်(၁၇)နေရာအထိ ရောက်ရှိနေခြင်းကြောင့် ဇန်နဝါရီဈေးကွက် မဖွင့်လှစ်မီကာလမှာပင် နည်းပြအပြောင်းအလဲကိစ္စရပ်ကို ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဆမ်အလာဒိုက်စ်သည် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် ဘော်လ်တန်၊နယူးကာဆယ်၊ ဘလက်ဘန်း၊ ဝက်စ်ဟမ်းနှင့် ဆန်းဒါးလန်းအသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးရာ မည်သည့်အသင်းမျှ တန်းမဆင်းခဲ့ရသလို ပြီးခဲ့သည့်ဘောလုံးရာသီ တန်းဆင်းဇုန်အတွင်းရောက်ရှိနေသည့် ဆန်းဒါးလန်းအသင်းကို ပြောင်းလဲတာဝန်ယူခဲ့ပြီး တန်းမဆင်းရအောင် ကူညီပေးနိုင်ခဲ့သူဖြစ်သည်။

ဆမ်အလာဒိုက်စ်၏ အဆိုပါမှတ်တမ်းကောင်းများကြောင့် ပဲလေ့စ်ပရိသတ်များအတွက် မျှော်လင့်ချက်များပြန်လည် ရှင်သန်လာခဲ့ရသလို ပဲလေ့စ်အသင်း၏ လတ်တလော အားအနည်းဆုံးနေရာဖြစ်သည့် ခံစစ်တံတိုင်းကို ပြန်လည်တည်ဆောက်ရန် အလာဒိုက်စ် စီစဉ်နေပြီဖြစ်ကြောင်းလည်း သိရသည်။ ပဲလေ့စ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၁၇ ပွဲတွင် ပေးဂိုး ၃၂ဂိုးအထိ ခွင့်ပြုပေးခဲ့ရပြီးဖြစ်သော်လည်း တိုက်စစ်ပိုင်းတွင် ဘန်တီကီ၊ ဇာဟာနှင့် တောင်းဆန့်တို့ရှိနေခြင်းကြောင့် ခံစစ်ပိုင်းကိုသာ အဓိကထားပြုပြင်သွားမည်ဖြစ်သည်။

**ရှိုင်းယန်ဟေဒင်**

## တရုတ်ကလပ်သို့ ပြောင်းရွှေ့ကစားမည့် ချယ်လ်ဆီးကွင်းလယ်လူ အော်စကာ ကမ္ဘာ့လုပ်ခလစာအများဆုံးရသည့် ကစားသမားစာရင်းတွင် ပါဝင်လာမည်

ချယ်လ်ဆီးအသင်းနှင့် တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်း SIPG အသင်းတို့သည် ကွင်းလယ်လူအော်စကာ၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ ဇန်နဝါရီ ဈေးကွက်အတွင်း ပေါင်သန်း ၆၀ နီးပါးဖြင့် စာချုပ်ချုပ်ဆိုရန် သဘောတူညီထားကြောင်း ချယ်လ်ဆီးအသင်းက အတိအလင်း ပြောကြားလိုက်ပြီဖြစ်သည်။

အော်စကာသည် ၂၀၁၂ ခုနှစ်အတွင်းက အင်တာနယ်စီယွန်နယ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၂၀၃ ပွဲတွင် ၃၈ ဂိုးသွင်းယူနိုင်ခဲ့သည်။ အော်စကာသည် နည်းပြကွန်တီလက်ထက်တွင် အောက်တိုဘာလကတည်းက ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ခဲ့ရသူ ဖြစ်ပြီး ချယ်လ်ဆီးနည်းပြဟောင်းဖြစ်သူ အန်ဒရီဗီလာဘိုအာ့စ်ရှိရာ ရှန်ဟိုင်းSIPG အသင်းသို့ ဇန်နဝါရီအပြောင်း အရွှေ့ကာလတွင် အပြီးပြောင်းရွှေ့တော့မည်ဖြစ်သည်။

အော်စကာသည် ချယ်လ်ဆီးအသင်းမှ တရုတ်ကလပ်သို့ ပြောင်းရွှေ့သွားခဲ့သည့် ငါးဦးမြောက်ကစားသမား ဖြစ်လာခဲ့ပြီး ဒရော့ဘာ၊ ရာမီရက်စ်၊ အနယ်ကာနှင့် ဒမ်ဘာဘာတို့သည်လည်း ချယ်လ်ဆီးအသင်းမှ တရုတ်ကလပ်သို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အော်စကာသည် တစ်နှစ်လျှင် လုပ်လလစာ ပေါင် ၂၀ ဒသမ ရှစ်သန်းဖြင့် တစ်ပတ်လုပ်ခလစာ ပေါင် ၄၀၀၀၀၀ ရရှိမည်ဖြစ်သောကြောင့် ကမ္ဘာ့လုပ်ခလစာအများဆုံးရရှိသည့် ကစားသမား စာရင်းတွင် ပါဝင်လာမည်ဖြစ်သည်။

တရုတ်စူပါလိဂ်ကလပ် အသင်းများသည် အပြိုင်အဆိုင်ငွေသုံးကြမ်းနေကြပြီး မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ကိုဆိုလျှင် တစ်ပတ်လုပ်ခ ပေါင်တစ်သန်းအထိ ပေးချေမည်ဟု ကမ်းလှမ်းထားကြောင်း သိရသည်။ **(ငွေကြယ်)**




## ၂၀၁၆ ခုနှစ် ဥရောပအကောင်းဆုံးအသင်းအဖြစ် ရီးယဲလ်မက်ဒရစ်အသင်း ရွေးချယ်ခံရ



နာမည်ကျော် အားကစားဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် The Sun သတင်းဌာနသည် ရီးယဲလ်မက်ဒရစ်အသင်းကို ၂၀၁၆ ခုနှစ် ဥရောပ၏ အကောင်းဆုံးနံပါတ်(၁)ကလပ်အသင်းအဖြစ် ရွေးချယ်ပေးခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်း အစဉ်အလာပြိုင်ဘက် ဘာစီလိုနာအသင်းကိုမူ စတုတ္ထနေရာတွင်သာ သတ်မှတ်ခဲ့ကြောင်း သိရသည်။ အားကစားရေးရာ ကျွမ်းကျင်သူ မာသီးယက်စ်က ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၆ခုနှစ်အတွင်း ချန်ပီယံလိဂ်၊ ကမ္ဘာ့ကလပ်ဖလားများ ဆွတ်ခူးနိုင်သည့်အပြင် ယခုနှစ်ဘောလုံးရာသီ လာလီဂါပြိုင်ပွဲတွင် တစ်ပွဲလျော့ကစားပြီး အမှတ်ပေးဇယား အဆင့်(၁)နေရာကို ရယူထားနိုင်သဖြင့် ယခုကဲ့သို့ ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မာသီးယက်စ်ကပင် ရီးယဲလ်အသင်း၏ အောင်မြင်မှုများတွင် အဓိကကျသူမှာ နည်းပြ ဇီဒန်းပင်ဖြစ်ပြီး ရှိသည့်ကစားသမားအင်အားဖြင့်ပင် ရသဆန်သည့် ကစားဟန်၊ ကောင်းမွန်သည့် ရလဒ်ကို ပြောင်းလဲနိုင်ခဲ့သူဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ ဇီဒန်းသည် ကိုယ်တိုင်ဆုဖလားတိုင်းရရှိဖူးသည့် ကစားသမားဖြစ်သည့်အတွက် အသင်းအောင်မြင်ရေးလမ်းကြောင်းကို ရှင်းရှင်းလင်းလင်း ချမှတ်ပေးနိုင်ခြင်းဖြစ်သည်ဟု မာသီးယက်စ်က ယုံကြည်သည်။

မာသီးယက်စ်၏ ရွေးချယ်မှုအရ ဒုတိယနေရာတွင် စီရီးအေကလပ် ဂျူဗင်တပ်၊ တတိယနေရာ အာဆင်နယ်၊ စတုတ္ထနေရာ ဘာစီလိုနာအသင်းနှင့် ပဉ္စမနေရာတွင် မန်စီးတီးအသင်းတို့အစဉ်လိုက်ရပ်တည်နေကြသည်။ မာသီးယက်စ်က စီရီးအေ၏ ဘောလုံးအဆင့်အတန်းမှာ ပရီမီယာလိဂ်နှင့် လာလီဂါတို့လောက် ကောင်းမွန်မှုမရှိသော်လည်း ဂျူဗင်တပ်အသင်းသည် အခြားအဆင့်တစ်ရပ်တွင်ရှိနေသည့်အသင်းဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ဥရောပ ဒုတိယအကောင်းဆုံးအသင်းအဖြစ် ဂျူဗင်တပ်အသင်းကို သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

**ရှိုင်းယန်ဟေဒင်**

## ကုန်သည်လမ်း(ဗိုလ်တထောင်ဈေးလမ်းမှ သိမ်ဖြူလမ်းထိ) လမ်းသားတိုးချဲ့ခြင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

လမ်းနှင့်တံတားဌာန တောင်ပိုင်းခရိုင် ခရိုင်မှူး (လက်ထောက်ဌာနမှူး) ဦးတင်ထွန်းဦးနှင့် အင်ဂျင်နီယာဦးမင်းနိုင်လင်းတို့ ကြီးကြပ်လျက် ဒီဇင်ဘာ ၂၃ ရက်က ကုန်သည်လမ်း (ဗိုလ်တထောင်ဈေးလမ်းမှ သိမ်ဖြူလမ်းထိ) အရှည်ပေ ၂၇၁၆ ကို (ဝဲ၊ ယာ ) အကျယ် ၁၄ ပေစီနှင့် ဒု ၉ လက်မ လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီဇင်ဘာ ၁၉ ရက်ထဲက စတင်လုပ်ဆောင်နေတာပါ။ လုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း လမ်းပိတ်ဆို့မှုမဖြစ်အောင် အချိန်ပြည့်ကြပ်မတ်ဆောင်ရွက်ပေးနေတာပါ။ ယခင်လမ်းအကျယ်က ပေ ၅၀ ရှိပြီး လမ်းဝဲ၊ ယာတိုးချဲ့ပြီးပါက လမ်းအကျယ် စုစုပေါင်း ၇၈ ပေရရှိမှာဖြစ်တဲ့အတွက် ယာဉ်အသွားအလာနှင့် ယာဉ်ရပ်နားရာတွင်လည်း အဆင်ပြေစေမှာပါ" ဟု အင်ဂျင်နီယာဦးမင်းနိုင်လင်းက ပြောသည်။

**မောင်မောင်**

## စဉ့်ကိုင်၌ဝန်ထမ်းအိမ်ရာချထားပေး

**စဉ့်ကိုင် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းအိမ်ရာစခန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်း နေထိုင်မည့်သူများ စည်းကမ်းတကျ နေထိုင်နိုင်ရေး၊ သန့်သန့်ရှင်းနေထိုင်ရေးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းဆွေက ပြောကြားပြီး ဝန်ထမ်းအိမ်ရာစခန်းကို အိမ်ရာကော်မတီမှ မဲစနစ်ဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ နေထိုင်နိုင်ရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဖိုးအောင်(စဉ့်ကိုင်)**

# မြန်မာနိုင်ငံတွင် တွေ့မြင်ရခဲသော ရှားပါးမျိုးစိတ် ဇွန်းနှုတ်သီးနှင့်ဗျိုင်း (Eurasian Spoonbill)ဆောင်းခိုငှက်များလာရောက်ကျက်စားလာ

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးမြို့အနီးတွင်ရှိသော ပလိပ်အင်း၊ ဘနော အင်း၊ တောင်သမန်အင်း၊ ပျူကန်အင်း၊ စစ်ကိုင်းကောင်းမှုတော်အင်းတို့တွင် ဆောင်းခိုငှက် အများအပြားလာရောက်နေပြီဖြစ်သည်။ ဆောင်းခိုငှက်များကို စောင့်ကြည့်လေ့လာကာ ဓာတ်ပုံရိုက်ကူးသူများလည်းများပြားလာသည်။ ဆောင်းခိုငှက်များကို လာရောက်ဓာတ်ပုံရိုက်ကူးသူများမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် အခြားဒေသများမှလည်း လာရောက်ရိုက်ကူးကြသည်။ ယခုနှစ် ဆောင်းခိုငှက်ဝင်ရောက်မှုတွင် မြန်မာပြည်တွင် တွေ့မြင်ရခဲသော ရှားပါးမျိုးစိတ်ဇွန်းနှုတ်သီးနှင့် ဗျိုင်း (Eurasian Spoonbill) ဆောင်းခိုငှက်များ ဝင်ရောက်လာသည်။ ယခုနှစ်စောင့်ကြည့်လေ့လာ မှတ်တမ်းတင်မှုများအရ ထူးခြားသောငှက်ဖြစ်သည့် တောင်နှင့်အမောက်ဖြူများပါ ဝင်ရောက်လာသည်။ တောင်နှင့်ရိုင်း စုစုပေါင်း ၁၅၀၀ ကျော် ဝင်ရောက်လာသည်ဟု ငှက်ပညာရှင်များနှင့်အတူ မှတ်တမ်းရိုက်ကူးသော ငှက်ချစ်သူတစ်ဦးဖြစ်သည့်ကိုဟိန်းက ပြောသည်။

အင်းအတွင်းတွင် ကြာလင်ပန်း (Nymphoides) နှင့် အတူ အခြားအပင်များဖြစ်သော ရေမှော် (Blyxa)၊ ကနဖော့ (Jussiaea)၊ ဟင်းချန် (BottiaCordata)၊ ရေကန်စွန်း (Ipomaea) တို့ပေါက်သည့်အတွက် ရေငှက်မျိုးစိတ် ၃၇ မျိုး၊ အခြားငှက်မျိုးစိတ်ခုနစ်မျိုး၊ ငါးမျိုးစိတ်ရှစ်မျိုး ကျက်စားကြောင်း မှတ်တမ်းပြုထားသည်။ ၂၀၁၂-၂၀၁၃ ခုနှစ် ကွင်းဆင်းလေ့လာမှုမှတ်တမ်းများအရ ရေငှက်မျိုးစိတ် ၃၀၊ ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက် ၁၁ မျိုးနှင့် ဒေသမျိုးရင်း ငှက်မျိုးစိတ် ၁၉ မျိုး ကျက်စားကြောင်း သိရသည်။

ဒီဇင်ဘာလတွင် ရောက်ရှိလာသော ငှက်များဖြစ်သည့် တောင်နှင့်ရိုင်း (Greylag goose)၊ ခရုတုတ် (Asian openbill)၊ ဟသ်ာ၊ ဥပန်းငှက်(Oriental darter) နှင့်အတူ အခြားရှားပါးငှက်မျိုးစိတ်များ ရောက်ရှိနေပြီဖြစ်သည်။ လက်ရှိကာလတွင် မန္တလေးမြို့နှင့်အနီးအင်းများအတွင်း ဆောင်းခိုငှက်များ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ငှက်ချစ်မြတ်နိုးသည့် ဓာတ်ပုံဆရာများ အင်းအတွင်း ငှက်အလှဓာတ်ပုံများ နေ့စဉ်



ရိုက်ကူးလျက်ရှိသည်။ ရိုက်ကူးမှုတွင် ငှက်များ အနှောက်အယှက်မဖြစ်ရေး သဘာဝအတိုင်း နေထိုင်ကျက်စားမှုကို အထူးဂရုပြု ရိုက်ကူးကြရသည်။ ရိုက်ကူးမှုတွင် အဝေးဆွဲရိုက်ရသောကင်မရာ (Lens) များဖြစ်သည့် 600 mm (300 mm)များဖြင့် ရိုက်ကူးရကြောင်း ငှက်ချစ်သူဓာတ်ပုံဆရာများနှင့် ငှက်ပညာရှင်များက ပြောသည်။

**တိမ်တမန်**

## မော်လိုက်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် အသိပညာပေးဟောပြောပွဲပြုလုပ်

**မော်လိုက် ဒီဇင်ဘာ ၂၄**

ကျောင်းသား၊ ကျောင်းသူလေးများအနေဖြင့် ကျောင်းစာပညာတွင်သာမက ပြင်ပအသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက်နံနက် ၁၀ နာရီတွင် မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စုံညီခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မော်လိုက်ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြတ်ဇော်ထွန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်နွဲ့ယဉ်စန်းတို့က သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေးအတွက် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမျိုးမင်းလတ်က ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးသိန်းထူးက စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းကို ကျောင်းသား၊ ကျောင်းသူလေးများ သိရှိလိုက်နာ ရှောင်ကျဉ်နိုင်ရေးအတွက် အသီးသီး ဟောပြောခဲ့သည်။

ယင်းနောက်ကျောင်းသား၊ ကျောင်းသူလေးများအား အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပြီး ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့သည်။

**မော်လိုက်သားလေး**

## မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲနှင့်သရုပ်ပြဇာတ်တိုက်လေ့ကျင့်



**ကျောက်ဆည် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)တွင် မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၃ ရက်နံနက် ၁၀ နာရီက အဆိုပါစက်ရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)စက်ရုံမှူး ဒေါက်တာခင်ပြုံးလွင်က အဖွင့်အမှာစကားများပြောကြားပြီး ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ထွန်းက မီးဘေးလုံခြုံရေးပညာပေးဟောပြောခြင်းနှင့် မီးသတ်ပစ္စည်းအသုံးပြုနည်းများ၊ လျှပ်စစ်မီးမှ မီးလောင်ကျွမ်းမှုဖြစ်တတ်သော အခြေအနေများ၊ ထင်း၊ မီးသွေးမီးဖိုများမှ လောင်ကျွမ်းတတ်သော အခြေအနေများ ဖြစ်ပွားရာတွင် တစ်ဦးတည်းကြိတ်၍ မငြိမ်းသတ်ဘဲ ပတ်ဝန်းကျင်အား အကူအညီတောင်းရန်နှင့် ခေတ်မီမီးငြိမ်းသတ်ဘူးများဖြင့် မီးငြိမ်းသတ်နည်းများ၊ သဲအိတ်၊ ရေပုံးများ၊ မီးချိတ်၊ မီးကပ်များထားရှိရေးတို့ကို ရှင်းလင်းပြောကြားပြီး မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးရဲညွှန့်က ဆေးဘူးများ လက်တွေ့အသုံးပြုရန် သမားရိုးကျမီးသတ်ဆေးဘူးများနှင့်မတူသော (Dry Chemical Rowmder-Type D.C.P) မီးသတ်ဆေးဘူးများ အသုံးပြုနည်းပြောကြားခြင်းနှင့် စက်ရုံဝန်ထမ်းများအား မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခဲ့သည်။

**ခင်မောင်လွင်**

## အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်အား ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက်လေ့လာလျက်ရှိ

**အင်းဝ ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံအထက်ပိုင်း၊ စစ်ကိုင်း၊ အင်းဝနှင့် မန္တလေးအနီး ဧရာဝတီမြစ်ကမ်းပေါ်တွင် ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့သည့် ခံတပ်သုံးခုရှိရာ ခံတပ်များသည် ထောင့်ကျယ် တြိဂံအနေအထား သုံးပွင့်ဆိုင်တည်ရှိနေသည်။ အင်းဝဘက်ကမ်းတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းဘက်ကမ်းတွင် စစ်ကိုင်းခံတပ်(ခ) အစေခံ ခံတပ်နှင့်မန္တလေးဘက်ခြမ်း စစ်ကိုင်းတံတားဟောင်းအနီးတွင် သပြေတန်းခံတပ်တို့ ဖြစ်ကြသည်။ အင်းဝဘက်ခြမ်းရှိ ဆင်ကျုံးခံတပ်သည် ပြည်တွင်း ပြည်ပခရီးသွားများလာရောက်လေ့လာမှုများပြားလျက်ရှိကြောင်းသိရသည်။


"ဒီအချိန်က ခရီးသွားရာသီဆိုတော့ ဒီဆင်ကျုံးခံတပ်ကို လာရောက်လေ့လာသူများပါတယ်။ ခံတပ်က ဧရာဝတီမြစ်ကမ်းဘေးမှာဆိုတော့ ခံတပ်ကိုလည်းလေ့လာလို့ရတယ်။ ဧရာဝတီမြစ်ရဲ့ သဘာဝအလှကိုလည်း လေ့လာလို့ရတော့ လာရောက်လေ့လာသူများပါတယ်။ ခံတပ်အတွင်းမှာရှိတဲ့ အမြောက်ကြီးတွေ၊ လက်နက်တိုက်တွေကိုလည်း အနီးကပ်ဝင်ရောက်လေ့လာလို့ရတယ်လေ။ ရှေးခေတ်မြန်မာလူမျိုးများရဲ့ ခံတပ်တည်ဆောက်ပုံကိုလည်း လေ့လာလို့ ရတာပေါ့" ဟု ဆင်ကျုံးကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်အား မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် မင်းတုန်းမင်းကြီး လက်ထက်တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၊ ကင်းဝန်မင်းကြီးဦးကောင်း၊ ယောမင်းကြီးဦးဘိုးလှိုင်တို့၏ စီမံမှုဖြင့် အီတလီလူမျိုး ကွန်မိုတိုက ဦးဆောင်ကြီးကြပ်၍ ဆောက်လုပ်ခဲ့သည်။ ဧရာဝတီမြစ်ကြောင်းမှ ဆန်တက်လာမည့်နယ်ချဲ့တို့အား ခုခံတိုက်ခိုက်ရန် ရတနာပုံနေပြည်တော်အနီး အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံခံတပ်၊ အမရပူရတွင် သပြေတန်းခံတပ်ဟူ၍ သုံးပွင့်ဆိုင်တည်ဆောက်ခဲ့သော ခံတပ်စခန်းဖြစ်သည်။ ဆင်ရိုင်းများကို ကျော့သောကျုံးကို ပြုပြင်ဆောက်လုပ်ထားသောကြောင့် ဆင်ကျုံးခံတပ်ဟုခေါ်ဆိုသည်။


ခံတပ်၏ တည်ဆောက်ပုံမှာ စတုရန်းပုံဖြစ်ပြီး အုတ်တံတိုင်းသုံးထပ်ပါရှိသည်။ ခံတပ်ပတ်လည်တွင် ကျုံးရှိပြီး အုတ်ရိုးများဖြင့် တည်ဆောက်ထားသည်။ အပြင်တံတိုင်းမှာ (၃၅၅) ပေ ပတ်လည်ရှိပြီး အလယ်တံတိုင်းမှာ (၂၉၃) ပေ၊ တံတိုင်းနှစ်ခုကြားတွင် (၃၁)ပေကျယ်သော ကျုံးရှိသည်။ အတွင်းဘက်တွင် တစ်ဘက်လျှင် (၂၁၃) ပေ ရှည်လျားသော အုတ်တံတိုင်းရှိပြီး အပြင်ဘက်မှ မြေကြီးများဖြည့်ကာ ကတုတ်သဖွယ် ပြုလုပ်ထားသည်။ ခံတပ်၏ မြောက်ဘက်သရဲပြေးပေါက်၌ ဆုံလည်အမြောက်များ၊ စိန်ပြောင်းများ၊ သေနတ်များထားရာ စက်ဝိုင်းပုံသဏ္ဌာန် အုတ်စီအဝိုင်းပေါက်များ ပြုလုပ်ထားသည်။ အတွင်း၌ လက်နက်တိုက်နှင့် ယမ်းတိုက်များ ပါဝင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**





ရွှေဆံရစ်






မိုးဆက်
လက်ဆေးနည်း


ချစ်ချစ်

# အရှေ့အာရှ ဒေသပရိဝုတ် လုံခြုံဖို့အရေး

ကိုရင်ညြ


၂၀၁၆ ခုနှစ် မတ်လက ဂျပန်ကာကွယ်ရေးတပ်ဖွဲ့အတွက် Soryu အမျိုးအစား တိုက်ခိုက်ရေး ရေငုပ်သင်္ဘောသစ်ကို ကိုဘေးမြို့ရှိ သင်္ဘောကျင်း၌ ရေချပွဲအခမ်းအနားပြုလုပ်သည့်မှတ်တမ်းပုံ။ ဓာတ်ပုံ– i.ytimg.com

ဂျပန်နိုင်ငံ၏သမိုင်းတွင် စံချိန်တင်ငွေကြေးပမာဏဖြစ်သည့် ကာကွယ်ရေး ဘတ်ဂျက်ကို အစိုးရအဖွဲ့က ဒီဇင်ဘာ ၂၂ ရက်တွင် အတည်ပြုပေးလိုက်ပြီဟု စီအင်န်အင်န် သတင်းဌာနက ထုတ်လွှင့်သွားလေရာ အရှေ့အာရှဒေသ၏ နိုးထလာသော ကာကွယ်ရေးပုံရိပ်လွှာများကို သိမ်မွေ့နက်နဲစွာ ကျွန်ုပ် စူးစမ်းလေ့လာမိလေ၏။

ဂျပန်နိုင်ငံ၏ ကာကွယ်ရေး ဘတ်ဂျက်သစ်အရ ရေငုပ်သင်္ဘောသစ်များ၊ စစ်ရေယာဉ်သစ်များနှင့် ကိုယ်ပျောက်တိုက်လေယာဉ်များကို ကာကွယ်ရေးတပ်ဖွဲ့များထံ ထောက်ပံ့ပေးနိုင်ရန် အစိုးရအဖွဲ့က ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမည်ဖြစ်ရာ ခေတ်မီတပ်မတော်ကြီးကို ဂျပန်တည်ဆောက်နေပြီဟု ကျွန်ုပ်သတိမူမိလေသည်။

ဒေါ်လာ ၄၄ ဘီလီယံ (ယန်း ၅ ဒသမ ၁ ထရီလီယံ) အထိ မြားမြောင်လှသည့် ငွေကြေးပမာဏကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် သတ်မှတ်ထားရာ ကြီးမားလှသည့် စစ်ရေးအခင်းအကျင်းကြီးကို ဖော်ဆောင်လေပြီဟု ရှုမြင်ရ၏။

ထိုမှဆက်၍ ကျွန်ုပ်လေ့လာမိသည်မှာ မြားမြောင်လှသည့် ဘဏ္ဍာငွေကြေးကို မည်သည့်နေရာတွင် အဓိကသုံးစွဲမည်နည်းဟူသော မေးခွန်းနှင့် စပ်ယှဉ်နေ၏။

ဂျပန်အစိုးရအဖွဲ့က အတည်ပြုပေးလိုက်သော ဘတ်ဂျက်အရ ကာကွယ်ရေးဝန်ကြီးဌာနသည် 'ဆန်ကာကူး' ကျွန်းစုများအား ကာကွယ်ရေးကို စေ့စုံစွာ အာရုံစိုက်မည်ဟု သိရလေသည်။ ဆန်ကာကူး ကျွန်းစုဟူသည်ကား အရှေ့တရုတ်ပင်လယ်ပြင်အတွင်းရှိ ကျွန်းတန်းဖြစ်ပြီးလျှင် ဂျပန်၏ စီမံခန့်ခွဲအုပ်ချုပ်မှု အောက်တွင်ရှိကာ တရုတ်နိုင်ငံက သူပိုင်ဆိုင်သောကျွန်းစုအဖြစ် ကြေညာထားခဲ့လေသည်။

တရုတ်နိုင်ငံ၏ အခေါ်အဝေါ်အရ 'ဒိုင်အိုယု' ကျွန်းစုသည် လူသူနေထိုင်ခြင်းအလျဉ်းမရှိသည့် နေရာတစ်နေရာဖြစ်ပြီးလျှင် တရုတ်တိုင်ပေက 'ကျောက်ယုထိုင်' ဟု အမည်ပေးထား၏။

အချုပ်အခြာအာဏာ ပိုင်စိုးရေးနှင့် ပတ်သက်၍ အငြင်းပွားနေကြသော ယင်းကျွန်းစုမှာ ကုန်သွယ်ရေကြောင်းလမ်းများနှင့် နီးကပ်စွာ တည်ရှိနေပြီး ငါးဖမ်းကွက်များ ပေါကြွယ်ဝခြင်း၊ ရေနံသိုက်များ ကိန်းအောင်းနိုင်သည်ဟု ယူဆရခြင်းတို့ကြောင့် ဆူးကြားမှ နှင်းဆီပမာ ခူးဆွတ်ပန်ဆင်လိုသူ များလှသည်ဟု ကျွန်ုပ်တွေးတောမိလေသည်။

ဂျပန်နိုင်ငံသည် ကာကွယ်ရေး ဘတ်ဂျက်ငွေစာရင်းမှ ယန်းငွေဘီလီယံပေါင်းများစွာကို ရေငုပ်သင်္ဘောသစ် ခြောက်စင်းအတွက် ကျခံ သုံးစွဲမည်ဖြစ်သည်။ ယင်း ရေငုပ်သင်္ဘောများတွင် အာရုံခံနည်းပညာသုံးကိရိယာများကို တပ်ဆင်ထားမည်ဟု ဆိုလေသည်။

ဂျပန်ပင်လယ်ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့၏ ရေငုပ်သင်္ဘောတပ်ဖွဲ့သည် ရေကြောင်းရန်ကာကွယ်ရေးတွင် ပင်မအချက်အချာဖြစ်ပြီး ခံစစ်ကို အလေးထားသည်ဟု နိုင်ငံတကာလုံခြုံရေးသုတေသီတစ်ဦးက ထောက်ပြလေသည်။

ရေငုပ်သင်္ဘော အစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှုကို ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ ဂျပန်အစိုးရက အာရုံစိုက်လာခဲ့သည်။ နည်းပညာအရလည်းဆည်းပူး၊ ပင်လယ် ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့အတွက်လည်း ဖြည့်တင်းပေးမှုကို ပြုလုပ်လာခဲ့ကြောင်း ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဖရေယီ တက္ကသိုလ်မှ ဂျပန်လုံခြုံရေးဆိုင်ရာ သုတေသီ ကော်ရေးဝါးလေ့စ်က သုံးသပ်လေသည်။

ဂျပန်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနအတွက် ချပေးထားသော သီးခြားဘတ်ဂျက်ငွေစာရင်းတွင် ထူးခြားချက်တစ်ရပ်ကို တွေ့ရပြန်သည်။ ယင်းမှာ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့အတွက် အသုံးစရိတ်ကို ၁၂ ရာခိုင်နှုန်း မြှင့်တင်ခြင်းဖြစ်၏။ ကမ်းရိုးတန်းစောင့် တပ်ဖွဲ့အတွက် ရဟတ်ယာဉ်တစ်စင်းပါရှိမည့် ရေယာဉ်တစ်စင်းအပါအဝင် ရေယာဉ်သစ်များကို ထပ်မံဖြည့်ဆည်းပေးမည်ဟု မျှော်လင့်ရပေရာ ဆန်ကာကူးကျွန်းစု ကာကွယ်ရေးအတွက် အစိုးရက ထပ်မံအာရုံစိုက်မှုဖြစ်သည်ဟု ရှုမြင်ရလေသည်။

ဆန်ကာကူးကျွန်းစု အနီးတဝိုက် ရေပြင်ဧရိယာသည်ကား ယခုနှစ်အတွင်း ဂျပန်တပ်ဖွဲ့နှင့် တရုတ်တပ်ဖွဲ့တို့ ထိပ်တိုက်တွေ့ဆုံခဲ့သည့် နေရာတစ်နေရာပင်တည်း။

ဂျပန် ဂျက်တိုက်လေယာဉ်များနှင့် တရုတ်စစ်လေယာဉ်များ ထိပ်တိုက်တွေ့သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်ဟု ယခုလအစောပိုင်းက တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ကာကွယ်ရေးအရ တရုတ်နိုင်ငံကို အာရုံစိုက်ရသကဲ့သို့ မြောက်ကိုရီးယားနိုင်ငံကိုလည်း အာရုံစိုက်နေရလေသည်။ ပထဝီဝင် အနေအထားအရ ကြမ်းတစ်ပြေးတည်းရှိနေသော မြောက်ကိုရီးယားနိုင်ငံက ရန်မူခြိမ်းခြောက်လာမည့်အရေးအတွက် ရတက်မအေးဖြစ်နေရသည့် ဂျပန်နိုင်ငံသည် အမေရိကန်နည်းပညာသုံး ပဲ့ထိန်းဒုံးကျည် ကြားဖြတ်ဟန့်တားရေး ဒုံးလက်နက်များကို ရေယာဉ်အခြေပြု Aegis စနစ်အဖြစ် တည်ဆောက်ဖို့ ရင်းနှီးမြှုပ်နှံရန်လည်း ရှိနေလေပြီ။

ဂျပန်နိုင်ငံသည် မြေပြင်အခြေပြု ပဲ့ထိန်းဒုံးကျည်ကြားဖြတ်ဟန့်တားရေး စနစ်ကိုလည်း အဆင့်မြှင့်တင်ရန် ကာကွယ်ရေး ဘတ်ဂျက်သစ်အရ ရည်မှန်းထားပေသည်။

ယခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်မှုပြုလုပ်ခဲ့ပုံမှာ နိုင်ငံတော်လုံခြုံရေးကို ထိပါးနှောင့်ယှက်သည့် ခြိမ်းခြောက်မှုအဖြစ် ဂျပန်က ရှုမြင်ခဲ့သည်။ ယင်းမှာ မြောက်ကိုရီးယားက စမ်းသပ် ပစ်ခတ်ခဲ့သော ဒုံးကျည်တစ်စင်း သည် ဂျပန်နိုင်ငံ၏ လေကြောင်းပိုင်နက်နှင့် ထိစပ်နေသော ဝေဟင်အနီးအပါးအထိ ဝင်ရောက်လာခဲ့ခြင်းကြောင့်ဖြစ်လေသည်။

ဂျပန်နိုင်ငံသည် လေကြောင်းရန် ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်ရန် အက်ဖ်-၃၅ မိုးကြိုးအမျိုးအစား ဂျက်တိုက်လေယာဉ်နောက်ထပ် ခြောက်စင်း ဝယ်ယူရန်လည်း စီစဉ်ထားလေသည်။

လတ်တလော ကာလမှာပင် ဂျပန်က တိုက်လေယာဉ်များကို တိုးတက်ပိုင်ဆိုင်နိုင်ရန် တာစူလျက်ရှိ၏။ လွန်ခဲ့သည့်လက ပဉ္စမမျိုးဆက် တိုက်လေယာဉ်သစ်များကို အမေရိကန် တက္ကဆက်ပြည်နယ်ရှိ စက်ရုံတစ်ရုံမှနေ၍ ဂျပန်နိုင်ငံသို့ ပေးပို့ခဲ့ပြီး အနာဂတ်ကာလတွင် အက်ဖ်-၃၅ တိုက်လေယာဉ်များကို ဂျပန်နိုင်ငံ၌ပင် ထုတ်လုပ်သွားရန် စီစဉ်ထားလေသည်။

ဂျပန်နိုင်ငံ၏ ကာကွယ်ရေး ဘတ်ဂျက်သစ်မှာ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၁ ရာခိုင်နှုန်းခန့်ရှိပြီး တရုတ်နိုင်ငံမှာမူ ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းခန့်ကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် သုံးစွဲလျက်ရှိသည်။ အမေရိကန်၏ ကာကွယ်ရေးအသုံးစရိတ်မှာမူ ဂျီဒီပီ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းခန့် ဖြစ်လေသည်။

အင်္ဂလန်အခြေစိုက် ဂျိမ်းစ်ကာကွယ်ရေး စာစောင်၏ လေ့လာချက်အရ တောင်တရုတ်ပင်လယ်ကို ဝန်းရံထားသော နိုင်ငံများ၏ စစ်လက်နက်ပစ္စည်းဝယ်ယူခြင်းအတွက် ကာကွယ်ရေးအသုံးစရိတ် ဒေါ်လာ ၁၆၆ ဘီလီယံရှိသည်ဟု သိရလေသည်။

အာရှတိုက်တွင် စစ်ရေးအရ ပြန်လည်၍ လှုပ်ရှားတက်ကြွလာသော နိုင်ငံကို ပြပါဆိုလျှင် ဂျပန်နိုင်ငံကို ညွှန်းဆိုရပေမည်။

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်က ကမကထပြု ရေးဆွဲပေးခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကာကွယ်ရေးသက် သက်ကိုသာ လုပ်ဆောင်ခွင့်ရှိသည့် နိုင်ငံဖြစ်သည်။

ဂျပန်နိုင်ငံသည် ကာကွယ်ရေး အသုံးစရိတ် မြှင့်တင်မှုကို ငါးနှစ်ဆက်တိုက် ပြုလုပ်ခဲ့သော နိုင်ငံဖြစ်ပြီး ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်လည်း စံချိန်တင်ငွေကြေးပမာဏဖြစ်သော ဘတ်ဂျက်သစ်ကို အစိုးရအဖွဲ့က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဂျပန်၏ ကာကွယ်ရေးဘတ်ဂျက်အရ ယင်းနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ကို ပြန်လည်ချိန်ညှိနိုင်ရန် ကျခံသုံးစွဲမှုလည်းပါဝင်သည်။ အိုကီနာဝါစီရင်စုနှင့် ယင်းဒေသအနီးတစ်ဝိုက်ရှိ ကျွန်းများလုံခြုံရေးအတွက် ဂျပန်အစိုးရအဖွဲ့က ဆောင်ရွက်သွားပေမည်။

ဂျပန်နိုင်ငံသည် အမေရိကန်နှင့် စစ်ရေးမဟာမိတ်ဖွဲ့မှုကို အခိုင်အမာတည်ဆောက်ခဲ့သည့်နိုင်ငံဖြစ်သည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စု၌ သမ္မတအာဏာကို ဒေါ်နယ်ထရန့် ရရှိလာသည့်အခါ မိမိနိုင်ငံ၏ လုံခြုံရေးအတွက် အမေရိကန်အပေါ် အားကိုးအားထားပြုမှုကို လျှော့ချလာရဖွယ်ရှိနေသည်။ ယင်းမှာ ဒေါ်နယ်ထရန့် လက်ထက်တွင် အာရှဗဟိုပြု မဟာဗျူဟာကို အမေရိကန်က ပြင်ဆင်လာနိုင်ခြင်းကြောင့်ဖြစ်လေသည်။

ပစ္စုပ္ပန်ကာလတွင် တရုတ်နိုင်ငံက ပင်လယ်ရေကြောင်းလုံခြုံရေးကို ဦးစားပေးလာနေပြီး မြောက်ကိုရီးယားက ဒုံးလက်နက်သစ်များကို တစ်ခုပြီးတစ်ခု စမ်းသပ်လာနေခြင်းကြောင့် ဂျပန်နိုင်ငံမှာ မိမိနိုင်ငံကိုမိမိ ကာကွယ်စောင့်ရှောက်နိုင်ရေး အရေးကြီးလာပြီဟု ရှုမြင်ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်-၉ အရ ဂျပန်နိုင်ငံအနေဖြင့် စစ်အင်အားတိုးချဲ့နိုင်ခွင့် ထိန်းချုပ်ကန့်သတ်ထားခြင်း ခံနေရသဖြင့် စစ်အင်အားတိုးချဲ့မှုကို ထိန်းချုပ်ကန့်သတ်မှုများကြားမှပင် ပြုလုပ်နေရလေသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်-၉ ပါ စည်းမျဉ်းသတ်မှတ်ချက်ကို ပြင်ဆင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းခဲ့ပုံကိုလည်း ကျွန်ုပ် တွေ့မြင်ခဲ့ရသည်။

ဒေသဆိုင်ရာ လုံခြုံရေး ချိန်ခွင်လျှာကို ပြန်လည်ထိန်းညှိနိုင်ရန် ကြိုးပမ်းလိုသူများတွင် ဂျပန်၏ စစ်ရေးပါရဂူများအပြင် အမေရိကန်၏ စစ်ရေးပါရဂူများလည်း ပါဝင်လေသည်။

သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စစ်ဆန်သော နိုင်ငံအဖြစ် ရပ်တည်ခွင့်မရှိသည့် ဂျပန်နိုင်ငံအနေဖြင့် ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေအရ မိမိ၏ စစ်ရေးစွမ်းပကားကို ပြန်လည်ခိုင်မာအားကောင်းလာစေရေးအတွက် လုပ်ဆောင်ရန် သင့်-မသင့် သဘောထားအမြင်အမျိုးမျိုးနှင့် အတူ အချေအတင် ဆွေးနွေးစရာများ ဖြစ်လာရပေပြီ။

ဂျပန်၏ စစ်ရေးမဟာမိတ်အဖြစ် ရပ်တည်နေခဲ့သော အမေရိကန်အနေဖြင့် ဒေသတွင်း၌ လုံခြုံရေးအရ ခြိမ်းခြောက်မှုကို ဂျပန်နိုင်ငံ ရင်ဆိုင်နိုင်စေရန် ထိန်းချုပ်ကန့်သတ်ခံထားရသည့်ကြားမှ စစ်ရေးစွမ်းပကား ပြန်လည်မြှင့်တင်နိုင်ရေးအတွက် အားပေးရမလိုဖြစ်နေပုံကို တွေးတောမိရင်း **"အရှေ့အာရှ ဒေသပရိဝုတ် လုံခြုံဖို့အရေး "** ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

*Ref: Japan sets record defense budget with eyes on China, N Korea CNN.*

# ချင်းတွင်းမြစ်ရေလျှံမှုမှ ကာကွယ်ရန်နှင့် စိုက်ပျိုးရေးကို အထောက်အကူ ဖြစ်စေရန် ရေထိန်းတံခါးများ ပြန်လည်ပြုပြင်

**မုံရွာ ဒီဇင်ဘာ ၂၄**
ချင်းတွင်းမြစ်တစ်လျှောက် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ် အတွင်းမှ ကျေးရွာများ မြစ်ရေလျှံမှုမှ ကာကွယ်တားဆီးရန်နှင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန် တည်ဆောက်ထားသော ရေထိန်းတံခါးများအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနက လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေထိန်းတံခါးများသည် မုံရွာမြို့နယ် တောင်ဘက်အခြမ်းနှင့် မြောက်ဘက်အခြမ်းတွင် ၂၉ ခု၊ ချောင်းဦးမြို့နယ်အတွင်းရှိ ၁၄ ခု စုစုပေါင်း ၄၃ ခုရှိပြီး ၎င်းရေထိန်းတံခါးများအား ပြန်လည်ပြုပြင် တည်ဆောက်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့် မန္တလေးတိုင်းဒေသကြီး စက်မှုတိုင်း (၄) က တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။

"နှစ်တိုင်းမိုးရာသီမှာချင်းတွင်းမြစ်ရေကြီးပြီး မြို့ပေါ်ရပ်ကွက်တွေနဲ့ ကျေးရွာတွေ၊ စိုက်ပျိုးခင်းတွေ နစ်မြုပ်မှုတွေဖြစ်တဲ့အတွက် လက်ရှိတည်ဆောက်ထားတဲ့ မြစ်ရေတားတာပေါင်တွေကိုထပ်ပြီး မြှင့်တင်သလို၊ ရေအသွင်းအထုတ်လုပ်တဲ့ ရေထိန်းတံခါးတွေကိုလည်း ပြုပြင်တည်ဆောက်တာတွေလုပ်ပါတယ်။ မုံရွာမြို့နယ် ဘက်ခြမ်း မြစ်ရေကြီးမြင့်မှုကို ထိန်းညှိတဲ့ ရေတံခါးတွေလည်းပါတယ်။ မြစ်ရေကနေ စိုက်ပျိုးရေအတွက် (၅၄၆၄) ဧကကို အထောက်အကူဖြစ်စေသလို၊ ချောင်းဦးမြို့နယ်အတွင်းမှာလည်း စိုက်ပျိုးရေက (၆၂၅၉)ဧကကို အထောက်အကူဖြစ်စေတယ်၊ မြစ်ရေကြီးမြင့်လို့ တာပေါင်ကျိုးပေါက်မှုကို တားဆီးနိုင်သလို၊ စိုက်ပျိုးရေကို အထောက်အကူဖြစ်စေတဲ့ ရေထိန်းတံခါးတွေကို ပြန်လည်ပြုပြင်တည်ဆောက်ရေးတွေ လုပ်တာပါ" ဟု မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိန်က ပြောသည်။

မုံရွာမြို့နယ် မြို့ပေါ်ရပ်ကွက်များဖြစ်သော မုံရွာတောင်ရပ်ကွက်မှ အိုးဘိုတောင်ရပ်ကွက်အထိ ရေထိန်းတံခါးခုနစ်ခု



သည် မြို့တွင်းရေကြီးရေလျှံမှုမှ ကာကွယ်ရန်အတွက်တည်ဆောက်ထားခြင်းဖြစ်ပြီး မုံရွာမြို့နယ်တောင်ဘက်ခြမ်း ညောင်ပင်ဇောက်ရေတံခါးမှ မုံရွာမြို့နယ်အဆုံးသစ်ဆိမ့်ကျေးရွာအထိ ရေထိန်းတံခါး ၂၂ ခုသည် ကျေးရွာများနှင့်စိုက်ပျိုးခင်းများ ရေလျှံမှုမှကာကွယ်ရန်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ၎င်းရေထိန်းတံခါးများသည် စိုက်ဧက ၅၆၄၆ ဧကကိုလည်းကောင်း၊ မုံရွာမြို့နယ်အဆုံး သစ်ဆိမ့်ကျေးရွာမှ ချောင်းဦးမြို့နယ် ရွှေလှေကျေးရွာအထိရေထိန်းတံခါး ၁၄ ခုသည် ကျေးရွာများနှင့်စိုက်ပျိုးခင်းများ ရေလျှံမှုမှ ကာကွယ်ရန် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ၎င်းရေထိန်းတံခါးများသည် စိုက်ပျိုးဧက ၆၂၅၉ ဧကကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ရာသီစာ ထန်းမြစ်များ လှိုင်လှိုင်ပေါ်၊ တူးဖော်ရောင်းချသူများအဆင်ပြေ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အညာဒေသ၏ရာသီစာ စားသောက်ကုန်တစ်ခုဖြစ်သော ထန်းမြစ်များ လှိုင်လှိုင်ပေါ်လျက်ရှိနေပြီး မြို့၏အနီးဝန်းကျင်ကျေးရွာများမှ ထန်းမြစ်တူးဖော်ရောင်းချသူများနှင့် လက်ပွေ့ရောင်းချသူများ အဆင်ပြေလျက်ရှိနေကြောင်း သိရသည်။

ထန်းမြစ်သည်အညာဒေသ၏ ဆောင်းရာသီ၌သာရရှိနိုင်သော မြန်မာ့ရိုးရာ သွားရည်စာသီးနှံတစ်မျိုးဖြစ်ပြီး အညာသူ၊ အညာသားများသာမက မြန်မာပြည်အရပ်ရပ်မှ လူကြီး၊ လူငယ်မရွေး နှစ်သက်စွာစားသုံးသည့် ရာသီစာဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ထန်းပင်မြစ်ကို ရာသီစာစီးပွားဖြစ်အနေဖြင့် ရွှေနောက်စမ်းကျေးရွာ၊ ထန်းတော ကြီးကျေးရွာ၊ တောင်ဇင်ကျေးရွာနှင့် လက်ပံပင်ကျေးရွာများတွင် အများဆုံးလုပ်ကိုင်ကြပြီး အချို့ကျေးရွာများတွင်လည်း မိမိတို့တစ်ပိုင်တစ်နိုင် ရောင်းဝယ်ရေးအတွက်အနည်းငယ် လုပ်ကိုင်ကြကြောင်း သိရသည်။

ထန်းပင်မြစ်ပြုလုပ်ရာတွင် ငါးပေပတ်လည် ခန့်သော်လည်းကောင်း၊ ၁၀ ပေပတ်လည်ခန့်သော်လည်းကောင်း အနက်တစ်တောင်ခွဲခန့်ရှိ မြေကျင်းတူး၍ ထန်းသီးစေ့ကို အစုလိုက်အပြုံလိုက်ဖြန့်ခင်းထည့်သွင်းကာ စိုစွတ်မှုကောင်းသည့် သဲမြေဖြင့် ဖုန်းအုပ်ထားရကြောင်းသိရပြီး သုံးလခန့်အကြာတွင် တူးဖော်ရရှိနိုင်ကြောင်း သိရသည်။

အညာဒေသတွင် ဝါဆို၊ ဝါခေါင်လများတွင် ထန်းစေ့စိုက်ပျိုး၍ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စတင်ဖော်ယူပြီးဈေးကွက်တင် ရောင်းချနိုင်ကြောင်း သိရသည်။

"ကျွန်မတို့က သူများဆီက ဖောက်သည်ယူရောင်းရတာပါ။ ကျွန်မတို့ယူရတဲ့ ဖောက်သည်ဈေးကတော့ ထန်းမြစ် အချောင်း ၁၀၀ ကို ကျပ် ၁၅၀၀ ပေးရပါတယ်။ ပြန်ရောင်းတာကတော့ အချောင်း ၁၀၀ ကို ကျပ် ၂၅၀၀၊ ၃၀၀၀ လောက် ရအောင်ရောင်းရတာပေါ့။ မနှစ်ကလောက်တော့ မရောင်းရသေးဘူး။ စာမေးပွဲတွေပြီးလို့ ဘုရားဖူးကားတွေကျရင်တော့ ရောင်းရမှာပါ။ လောလောဆယ်တော့ တစ်နေ့ကို ထန်းမြစ် ချောင်းရေ ၃၅၀၀၊ ၄၀၀၀ လောက်ပဲရောင်းရသေးတယ်။ ရောင်းကောင်းတဲ့ရက်တွေမှာဆို တစ်ရက်ကို ကျပ် ၈၀၀၀၊ ၈၅၀၀ လောက်တော့ အသားတင် ကျန်ပါတယ်" ဟု ရွှေနောက်စမ်းကျေးရွာမှ ထန်းပင်မြစ်လက်လီရောင်းချနေသူတစ်ဦးက ပြောသည်။

ထန်းပင်မြစ်များကို စီးပွားဖြစ်လုပ်ကိုင်သူများ က ကျင်းဖော်ပြီးသည်နှင့် ပုတ်ပြတ်ရောင်းချကြလေ့ရှိပြီး လက်ပွေ့ရောင်းချသူ၊ ဆိုင်းထမ်းဖြင့် ရောင်းချသူများက အချောင်းရေအလိုက်ပုံထားသည့်အပုံကို ဈေးဖြတ်ဝယ်ယူရကြောင်းသိရသည်။ ဝယ်ယူပြီး ထန်းပင်မြစ်များကို ဆာလာအိတ်ဖြင့် ထည့်၍ သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများဖြင့် မြို့ပေါ်သို့ သယ်ဆောင်၍ အထိုင်ရောင်းချ မည့်နေရာရောက်မှ ၁၀ ချောင်းစီး၊ ၂၅ ချောင်းစီး၊ အချောင်း ၅၀ စီး စသည်ဖြင့် အစီးများစီးကာ ဘုရားဖူးကားများ၊ ကားဂိတ်များနှင့် ဘူတာရုံတို့တွင် လိုက်လံရောင်းချကြရကြောင်း သိရသည်။

ယခုအချိန် ဆောင်းကာလ နံနက်ခင်းများတွင် ကျောက်ပန်းတောင်းမြို့လမ်းများပေါ်တွင် ထန်းပင်မြစ်သည်များ ဥဒဟိုသွားလာရောင်းချလျက်ရှိနေကြပြီး အညာဒေသထွက် ထန်းပင်မြစ်များကို ဘုရားဖူးကားများက အညာပြန်လက်ဆောင်အဖြစ် ဝယ်ယူကြသလို၊ ခရီးသွားများနှင့် မြို့ပေါ်နေမိသားစုများကလည်း ရာသီစာအဖြစ်နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသဖြင့် ထန်းမြစ်ရောင်းချသူတောင်သူများမှာဝင်ငွေကောင်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီဆရာများ၏လက်ရာများကို ပန်းချီ၊ ပန်းပု အနုပညာပြခန်း(မန္တလေး)တွင် လေ့လာနိုင်ပြီ

**မန္တလေး ဒီဇင်ဘာ ၂၄**
မန္တလေးမြို့ ကျုံးအနောက်ဘက်လမ်း၈၀-၂၄ လမ်းထောင့် ယဉ်ကျေးမှုပြတိုက်ရှေ့တွင်ရှိသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ် (မန္တလေး) ပန်းချီ၊ ပန်းပုအနုပညာပြခန်းတွင် ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီဆရာများ၏ လက်ရာမြောက်ပန်းချီကားများကို လေ့လာနိုင်ပြီဖြစ်သည်။ ပြခန်းတွင် တစ်ကိုယ်တော်ပြပွဲများ၊ အုပ်စုလိုက်ပန်းချီပြပွဲများကို အလှည့်ကျ ပြသသွားမည်ဖြစ်သည့်အတွက် နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်း ပန်းချီဝါသနာရှင်များ နေ့စဉ် ပန်းချီလက်ရာများကို လေ့လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာပန်းချီကားများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးလာသည်မှာ မြန်မာ့ပန်းချီအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပန်းချီပညာရှင်များစွာရှိပြီး နိုင်ငံတကာကိုထိုးဖောက်နိုင်သည့် အဆင့်မြင့်အနုပညာများကို ဖန်တီးနိုင်ခဲ့သည်။ အထူးသဖြင့် မြန်မာမှုမြန်မာ့အရိပ်များပါသော ရေဆေးပန်းချီကားကလေးများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူး နှစ်သက်ကာ ဝယ်ယူအားပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ ပန်းချီပညာရှင်များမှာ အတွင်းစိတ်တွေကို အရောင်များဖြင့် ခြယ်မှုန်းရေးဆွဲသည်ဟု တင်စားနိုင်သော (Abstract) ဒြပ်မဲ့ပန်းချီများကို ရေးဆွဲသူ၊ မျက်မြင်များကို စိတ်ခံစားမှု အရောင်များဖြင့် ရေးဆွဲသည်ဟု တင်စားနိုင်သည့် (Impressionists) နည်းများဖြင့် ရေးဆွဲသူ၊ မြန်မာ့ရိုးရာရှုခင်းများနှင့် သဘာဝကျလှသည့် မြန်မာ့ယဉ်ကျေးမှုပုံရိပ်များကို ရေဆေး၊ ဆီဆေးဖြင့် ရေးဆွဲသူဟူ၍ ပညာရှင်များစွာတည်ရှိသည်။ ရေးဆွဲနည်းအမျိုးမျိုးမှာ နိုင်ငံတကာအဆင့်မီ ရေးဆွဲနိုင်ကြသည်အထိ ပညာရှင်များစွာ ပေါ်ထွက်ခဲ့ပြီး ကမ္ဘာ့အဆင့်မီ အနုပညာလက်ရာများကို ဖော်ထုတ်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**



# အလှူရာသီ ရုပ်စုံရွှေမြင်းလှည်း ငှားရမ်းမှုများ၍ လှည်းများထပ်မံပြုလုပ်မှုများလာ

**မန္တလေး ဒီဇင်ဘာ ၂၄**
ပွင့်လင်းရာသီတွင် မန္တလေးမြို့အနီး အလှူပွဲများ၊ ရှင်လောင်းလှည့်ပွဲများတွင် ရုပ်စုံရွှေမြင်းလှည်းများ ငှားရမ်းမှုများလာသည့်အတွက် ရွှေလှည်းထောင်သူများ ရုပ်စုံရွှေမြင်းလှည်းများကို ထပ်မံပြုလုပ်မှုများပြားလာခဲ့သည်။ ဆောင်းရာသီနှင့် နွေဦးရာသီတွင် အများဆုံးကျင်းပသည့် ရှင်ပြုအလှူပွဲများ ယခုနှစ်ပိုမိုများပြားပြီး ရုပ်စုံရွှေမြင်းလှည်းကို ကြိုတင်စရံပေးကာ ငှားရမ်းမှုများပြုလုပ်လာကြကြောင်း သိရသည်။

မန္တလေးမြို့အနီး အလှူရှင်လောင်းလှည့်ပွဲများတွင် ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည်းများကို အဆန်းထွင်ပြုလုပ်ကာ အငှားလိုက်ကြသည်။ ၂၀၁၅ ခုနှစ်တွင် ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည်းများအပြင် ဘုံခုနစ်ဆင့်လှည်းကို လက်ရာမြောက်စွာ ဖန်တီးပြီး အလှူရှင်လောင်းလှည့်လိုက်ကြသည်။ ဘုံခုနစ်ဆင့်လှည်းမှာ လှပသည့်အတွက် ငှားရမ်းအသုံးပြုမှုများလာခဲ့သည်။ ယခုနှစ် ၂၀၁၆ တွင် အလှူရှင်လောင်းလှည့်ပွဲများတွင် အသုံးပြုရန်အတွက် ရုပ်စုံလှည်းကိုအဆန်းထွင်စမ်းသပ် ပြုလုပ်လာကြရာ လူကြိုက်များသည့်အတွက် ထပ်မံပြုလုပ်လာရသည်။ ရုပ်စုံရွှေမြင်းလှည်းမှာ မြင်းသုံးကောင်း(သို့မဟုတ်)မြင်းလေးကောင်ဖြင့် မောင်းနှင်ရသော ရွှေလှည်းမျိုးဖြစ်ပြီး ငယ်ရွယ်ပြီး မြင်းမစီးနိုင်သော မောင်ရင်လောင်းများအတွက် သီးသန့်ငှားရမ်းခြင်းဖြစ်သည်။

လှပသောရုပ်စုံရွှေမြင်းလှည်း ဖန်တီးရာတွင် ဒေသအသီးသီးမှ နာမည်ကြီး လှည်းပစ္စည်းများကို အော်ဒါမှာယူကာ ပေါင်းစပ်ပြုလုပ်ကြသည်။ ရုပ်စုံရွှေမြင်းလှည်းမှာ ပြင်ဦးလွင်ရှိ ရထားလုံးပုံစံကို အခြေခံထားပြီး မြန်မာမှု ပန်းပုလက်ရာများဖြင့်အလှဆင်ထားသည်။ ရွှေမြင်းလှည်းမှာ မြင်းသုံးကောင် (သို့မဟုတ်) မြင်းလေးကောင်ဖြင့် မောင်းနှင်ရအောင်ပြုလုပ်ထားပြီး လှည်းရှေ့ဘီးနှင့် လေးထုပ်ကို ပြင်ဦးလွင်မှအော်ဒါမှာယူကြသည်။ ရှေ့ပိုင်းဘီးနှင့် လေးထုပ်ကို ငွေကျပ်လေးသိန်းပေးရသည်။ နောက်ပိုင်းလှည်းဘီးကြီးကို ပျဉ်းမနားမှ မှာယူပြီးငွေကျပ်နှစ်သိန်းပေးရသည်။

ရုပ်စုံရွှေမြင်းလှည်းဖန်တီးရာတွင် ရွှေမြင်းလှည်း ပတ်ပတ်လည်တွင် အညာဒေသ ရှင်လောင်းလှည့်ပွဲ ဆင်နွှဲနေဟန်ကို ပန်းပုထုကာတပ်ဆင်မည်ဖြစ်သည်။ ရှင်လောင်းလှည့်တန်း၊ ကံသာဦးရွက်ပုံ၊ အလှူဒါယကာ၊ အလှူဒါယိကာမ၊ ကွမ်းတောင်ပန်းတောင်ကိုင်မှအစ အညာရှင်လောင်းလှည့်ပုံ ရသစုံအောင် ပန်းပုထုကာတပ်ဆင်ထားသည်။ လက်ရှိကာလ အလှူပွဲများတွင် ရုပ်စုံရွှေမြင်းလှည်းကို ငှားရမ်းမှုများပြားလာကြောင်း သိရသည်။

**စိုးရွှေ**

# ရှမ်းတို့အညာမြေ လင်းခေးဌာနေက သစ်ခွပန်းခြံ

လှိုင်ဘွား(စီမံကိန်း)

အညာဒေသကဲ့သို့ မိုးရွာသွန်းမှုနည်းပါးပြီး ပူပြင်းခြောက်သွေ့ကာ ပင်လယ်ရေမျက်နှာပြင် အထက် ၉၉၆ ပေတွင်ရှိသည့် လင်းခေးမြို့နယ်တွင် ခြောက်ဧကခန့်ကျယ်ဝန်းသော မြေပေါ်၌ သစ်ခွပန်းခြံရှိနေသည်မှာ ထူးခြားလှပေသည်။ သစ်ခွပင်များသည် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၃၀၀၀ နှင့် ၃၀၀၀ အထက် တောင်ကုန်းတောင်တန်းများနှင့် အေးမြပြီး ရာသီဥတုမျှတသော နေရာဒေသများတွင် ကောင်းမွန်စွာ ရှင်သန်ဖြစ်ထွန်းကြောင်း လေ့လာသိရှိထားသူအဖို့ အံ့သြစရာ ဖြစ်နေသည်။ ဆေးဖက်ဝင်သစ်ခွ စိုက်ပျိုးခြင်းမဟုတ်ဘဲ ပန်းအလှစိုက်ပျိုးထားတဲ့ သစ်ခွပန်းခြံတစ်ခုပါ။ ရာသီဥတုကို အံတုကာ ခေတ်မီနည်းပညာ၊ စိုက်နည်းစနစ်၊ ဆေးဝါးအကူအညီများဖြင့် သစ်ခွပင်များ အောင်မြင်စွာ စိုက်ပျိုးထားသည်။ ပြောပြလျှင် ယုံကြည်သူ နည်းမည်ဟုထင်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် လေ့လာသိရှိခဲ့သမျှ ရေးသားဖြန့်ဝေပေးရမည်မှာ စာရေးသူတာဝန်ဖြစ်သည်။

**ခရီးစဉ်စတင်**

သစ်ခွပန်းခြံသို့ အလည်သွားရောက် လေ့လာချင်သည်မှာ ကြာတော့ကြာပါပြီ။ စာရေးသူ လင်းခေးမြို့သို့ ပြောင်းရွှေ့တာဝန်ဆောင်ခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းကပါ။ သစ်ခွခြံအကြောင်း ကြားသိချိန်မှစ၍ သွားရောက်လေ့လာချင်တာပါ။ အကြောင်းအမျိုးမျိုးကြောင့် မသွားဖြစ်ခဲ့ပေ။ တစ်နှစ်ကျော်ကြာသွားသည်။ ၁၇-၁၂-၂၀၁၆ ရက် စနေနေ့တွင် သွားရောက်လေ့လာဖြစ်ခဲ့သည်။ မြို့နယ်စီမံကိန်းဦးစီးမှူးနှင့် စာရေးသူ၏ဇနီး ဒေါ်စန္ဒာအေးတို့အတူ သွားဖြစ်ခဲ့သည်။ ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ခရီးစဉ်စတင်ဖြစ်သည်။ စာရေးသူတို့အဖွဲ့သည် နံနက် ၈ နာရီအချိန်တွင် သစ်ခွခြံပိုင်ရှင်အိမ်သို့ မော်တော်ဆိုင်ကယ်ဖြင့် သွားခဲ့သည်။ အိမ်ကနီးတော့ သိပ်မကြာလိုက်ပါ။ လေးငါးမိနစ်အတွင်းရောက်၏။ ခြံပိုင်ရှင်အိမ်တွင် စကားစမည်ပြောရင်း ၁၅ မိနစ်ခန့် ကြာသွားသည်။ ခြံပိုင်ရှင် ဦးမင်းလွင်က သစ်ခွခြံကိုလိုက်ပို့ပါသည်။

ခြံပိုင်ရှင်ဦးမင်းလွင်အိမ်မှတစ်ဆင့် နမ့်တိန်းချောင်းလှေဆိပ်ကိုရောက်သည်။ လှေသမားကိုလည်း ကြိုတင်ပြောထားသည့်အတွက် လှေဆိပ်မှစောင့်နေသည်။ လှေပေါ်တွင် ဟိုဘက်ကမ်းသွားကြမည့် အမျိုးသမီးကြီးနှစ်ဦး၊ စာရေးသူတို့အဖွဲ့ လေးဦး၊ လှေလှော်သူ စုစုပေါင်း ခုနစ်ဦးရှိသည်။ ခရီးသည်အပြည့်ဆိုတော လှေငယ်လေး၏ ဘေးဘောင်(လှေနံ) နှစ်ဖက်နှင့် ရေပြင်ညီလုနီးပါးဖြစ်နေသည်။ လှေဝမ်းထဲ ရေဝင်လုနီးပါးဖြစ်နေ၏။ နည်းနည်းတိမ်းစောင်းလိုက်ပါက မတွေးဝံ့စရာပါ။ စာရေးသူမှာ ရေမကူးတတ်၍ လှေစီးရမှာ ကြောက်စိတ်ဝင်မိသည်။ လှေလှော်ဆရာက ဘာမှမစိုးရိမ်ပါနဲ့ ငြိမ်ငြိမ်လေးပဲ ထိုင်နေပေးပါဆိုလို့ ငြိမ်ပြီးထိုင်လိုက်ခဲ့သည်။ ရေပြင်က သိပ်မကျယ်လှသော်လည်း ပေ ၁၅၀ ကျော်ခန့်ရှိမည်ထင်သည်။ ချောင်းရေအနက်မှာလည်း ရေချိုးနေကြသောသူများကိုကြည့်ပြီး ခန့်မှန်းကြည့်ရာ ရင်စို့အထိရှိသဖြင့် လေးပေကျော် ငါးပေခန့်



တော့ရှိနိုင်သည်။ တသွင်သွင်စီးဆင်းနေသော နမ့်တိန်းချောင်းရေပြင်တွင် လှေကလေးသည် တရွေ့ရွေ့နှင့် ငြိမ့်ငြိမ့်လေးစီးရသည်မှာ အမှတ်တရတော့ဖြစ်ခဲ့သည်။ ချောင်းဖြတ်ချိန် ကြာလိုက်သည်မထင်ပေ။ ၈ နာရီ ၃၀ မိနစ်အချိန်တွင် သစ်ခွခြံရှိသည့် ဟိုဘက်ကမ်းကို ရောက်သည်။

**တောသဘာဝအလှ အခြေအနေ**

လှေဆိပ်မှ-ဟိုတိ-ကျေးရွာကလေးဖြတ်၍ သစ်ခွခြံသို့သွားခဲ့ရသည်။ ရွာလမ်းတစ်လျှောက် လမ်းဘေးနှစ်ဖက်တွင် ပေါက်ရောက်နေသော မန်ကျည်းပင်တန်းအောက် ဖြတ်လျှောက်ချိန်တွင် နေရောင်ရှိသော်လည်း အေးမြသည့်အရိပ် တောသဘာဝအလှ အခြေအနေကို တွေ့ထိခံစားခဲ့ရသည်။ အိမ်ခြံများထဲတွင် ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များရှိနေသဖြင့် ကျေးလက်နေ တောင်သူလယ်သမားများသည် စက်မှုလယ်ယာသို့ ခေတ်နှင့်အညီ ပြောင်းလဲစိုက်ပျိုးကြသည်ကို ခန့်မှန်းသိနိုင်သည်။ ရွာအပြင်ဘက်တွင် ကြံ၊ ဆေးရွက်ကြီးနှင့် ပဲစင်းငုံသီးနှံများ စိုက်ပျိုးထားသည့် ယာခင်းကြီးများ ရှုမျှော်မဆုံးတွေ့မြင်ကြရသည်။ သစ်ခွခြံနှင့် ယာပြင်ကျယ်ကြီးများ၏ အရှေ့ဘက်တွင် မြောက်မှတောင်သို့ သွယ်တန်းနေသည့် လွယ်စလေတောင်တန်းကြီးသည်လည်း ငွားငွားစွင့်စွင့် ကြွားကြွားဝံ့ဝံ့ စိမ်းစိုသာယာလှပစွာ အဝေးမှလမ်းမြင်နေရသည်။ လင်းခေးမြို့ရဲ့ သင်္ကေတ အမှတ်အသားဖြစ်သည့် နမ့်တိန်းချောင်းနှင့် လွယ်စလေတောင်တန်းကြီးကို လက်တွေ့တွေ့မြင်သိရှိခွင့်ရခဲ့သည်။ သုံးဖာလုံခန့် လမ်းလျှောက်ခဲ့ရပြီး ၈ နာရီ ၄၅ မိနစ်အချိန် သစ်ခွခြံသို့ ရောက်သည်။

သစ်ခွခြံရောက်သည်နှင့် ပန်းများဖူးပွင့်နေသော သစ်ခွခြံသို့သွားခဲ့ကြသည်။ ခရမ်းရောင် သစ်ခွပန်းများ လှပစွာဖူးပွင့်နေကြသည်။ ဖူးပွင့်နေသည့်သစ်ခွပင်များကို တွေ့မြင်ရသူအဖို့ စိတ်ရွှင်လန်း ကြည်နူးချမ်းမြေ့မှုကို ရရှိစေသည်။ သစ်ခွပန်းများ စိုက်ပျိုးချင်စိတ်များဖြစ်ပေါ်လာသည်။ သစ်ခွခြံပိုင်ရှင် ဦးမင်းလွင်က ၂၀၁၃ ခုနှစ် ဧပြီလ တတိယပတ်တွင် သစ်ခွပင် ၁၅၀၀၀ ကို စတင်စိုက်ပျိုးခဲ့ရာ တစ်ဧကခန့်ရှိပါကြောင်း၊ သစ်ခွမျိုးများကို ထိုင်းနိုင်ငံမှ မှာယူစိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးထားသည့် သစ်ခွအမျိုးအမည် မေးမြန်းကြည့်ရာ ထိုင်းသစ်ခွမျိုးလို့သာ ဖြေပါသည်။ စိုက်ပျိုးထားသည့် သစ်ခွမျိုးရင်းအမည်ကို မသိခဲ့ရပေ။ စိုက်ပြီးခြောက်လခန့်အကြာ နိုဝင်ဘာလတွင် စတင်ဖူးပွင့်ကြပြီး ဈေးကွက်သို့ စတင်ပေးပို့ရောင်းချခဲ့ကြောင်း ရှင်းပြပါသည်။ တစ်နှစ်ပတ်လုံးဖူးပွင့်သည့် သစ်ခွပန်းပျိုးများ စိုက်ပျိုးထားကြောင်း သိရှိရသည်။ ပထမတွင် လင်းခေးမြို့ပေါ် မြို့မဈေးတွင် စတင်ရောင်းချခဲ့ပါကြောင်း၊ ထို့နောက် မောက်မယ်၊ မိုင်းပန်မြို့၊ မိုးနဲမြို့နှင့် နမ့်စန်မြို့တို့သို့ တင်ပို့ရောင်းခဲ့ပါကြောင်း ပြောပြ၍ သိရသည်။

သစ်ခွပန်းပင် အစိမ်းနု (ငှက်ပျောညွန့်ရောင်)၊



အဖြူရောင်မျိုးများ ထပ်မံမှာယူစိုက်ပျိုးခဲ့ပါကြောင်း၊ ယခုအပင်အရေအတွက် ၆၀၀၀၀ ကျော်ရှိပြီဖြစ်ပါကြောင်း၊ မြေဧကအကျယ်အဝန်းအားဖြင့် ခြောက်ဧကခန့်ရှိပြီဖြစ်ပါကြောင်း၊ အပင်အားဆေး၊ ပန်းအဖူးအပွင့်အားဆေး၊ အမြစ်ပွားဆေးများ မှိုသတ်ဆေးများ တစ်လလျှင်တစ်ကြိမ် စနစ်တကျ ဖျန်းပေးရကြောင်း ပြောပြ၏။ သစ်ခွပန်းခြံ လုပ်သားနှစ်ဦးက အပင်အားဆေးဖျန်းနေသည်ကို တွေ့ခဲ့ရသည်။ အသုံးပြုသော ဆေးများမှာ ထိုင်းနိုင်ငံသုံး စာများဖြင့် ရေးသားထားသဖြင့် မည်သည့်ဆေးအမျိုးစားမှန်း မသိရှိခဲ့ရပေ။ ခြံပိုင်ရှင်ဦးမင်းလွင်က တောင်ကြီးမြို့အထိ သစ်ခွပန်းများ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ ဈေးကွက်လိုအပ်ချက်အရ ထပ်မံတိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ပြီး သစ်ခွပန်းစိုက်ပျိုးချင်သူများ ဝယ်ယူစိုက်ပျိုးနိုင်အောင် သစ်ခွပျိုးပင်များ ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များအား အသေးစိတ် ရှင်းပြသည်။

**သစ်ခွခြံအမိုးအောက်အေးမြ**

သစ်ခွပန်းခြံမှာ စနစ်တကျ ခေတ်မီစိုက်ပျိုးထားပါသည်။ အပူချိန်လျော့နည်းစေရန် စိုက်ခင်းအား အစိမ်းရောင် အမိုး၊ အကာများဖြင့် (Green House) ပြုလုပ်ထားသည်ကို တွေ့ရပါသည်။ သစ်ခွခြံအမိုးအောက်ဝင်လိုက်သည်နှင့် အေးမြနေသည်။ ရေပေးချိန်တွင် အဆင်သင့်ရေပေးနိုင်ရန် ရေပိုက်များ သွယ်တန်းကာ (splash/spray) ရေပန်းများ တပ်ဆင်ထားသည်။ ဆေးဖျန်းရာတွင်လည်း ပိုက်လိုင်းများ စနစ်တကျ သွယ်တန်းထားသည်ကို တွေ့ရှိရပါသည်။ အမြင့်သုံးပေ၊ အကျယ်သုံးပေ၊ အလျားပေ ၅၀ ရှိသည့် သစ်ခွစင်များကို စင်တစ်ခုနှင့်တစ်ခု တန်းကြားသုံးပေခြားကာ စိုက်ပျိုးထားသည်။ ပထမစိုက်ပျိုးသည့် ခရမ်းရောင်သစ်ခွပန်းခြံတွင် သစ်ခွစင် ၄၀ ရှိသည်။ နောက်ထပ် စိုက်ပျိုးထားသည့် သစ်ခွစင် ၁၆၀ စုစုပေါင်းသစ်ခွစင် ၂၀၀ ကျော်ခန့်ရှိပါသည်။ သစ်ခွစိုက်ပျိုးရန် အသင့်ပြုလုပ်ထားသော အမြင့် လေးလက်မ၊ အလျား၊ အနံ တစ်ပေခန့်ရှိသည့် အုန်းခွံကတ်များကို ထိုင်းနိုင်ငံမှ မှာယူစိုက်ပျိုးထားကြောင်း သိရှိခဲ့ရသည်။ အုန်းခွံတစ်ကတ်တွင် သစ်ခွပင် လေးပင် စိုက်ပျိုးထားပါသည်။ စင်တစ်စင်တွင် ၅၀ ကတ်တန်း နှစ်တန်းရှိပြီး စုစုပေါင်း ကတ် ၁၀၀ ရှိသည်။ စင်တစ်စင်တွင် အပင်အရေအတွက် ၄၀၀ ခန့် စိုက်ပျိုးထားကြောင်း လေ့လာသိရှိခဲ့ရသည်။

သစ်ခွပန်းခက် လေးခက်လျှင် သစ်ခွပန်းတစ်စည်းရ၏။ တစ်စည်းလက်လီဈေး ကျပ် ၁၀၀၀၊ ဖောက်သည်ဈေး ကျပ် ၈၀၀ ဖြစ်သည်။ ငါးရက်တစ်ပတ်တွင် သစ်ခွပန်းစည်းပေါင်း ၂၀၀ မှ ၂၅၀ အထိထွက်ရှိသည်ဟု သိရှိခဲ့ရသည်။ မိုးတွင်းကာလတွင် ပိုမိုထွက်ရှိသည်ဟုလေ့လာ သိရှိခဲ့ရသည်။ တစ်လဝင်ငွေ ၁၀ သိန်းမှ သိန်း ၂၀ ခန့်ရရှိမည်ဟု ခန့်မှန်းရပါသည်။ သစ်ခွပန်းများသည် ပူပြင်းသောဒေသတွင် တစ်ပတ်မှ ၁၀ ရက်ခန့်နှင့် အေးမြသောတောင်ပေါ်ဒေသတွင် ၁၅ ရက်မှ တစ်လခန့် ကြာရှည်ခံပြီ အရောင်အသွေးစုံလှပသဖြင့် ဈေးကွက်လိုအပ်ချက် များလျက်ရှိသည်။

စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော သစ်ခွပန်းခြံသို့ ကိုယ်တိုင်သွားရောက်လေ့လာကာ မေးမြန်းစုံစမ်းသိရှိသမျှကို ဗဟုသုတတိုးပွားစေရန်အတွက်လည်းကောင်း၊ မြန်မာ့သစ်ခွမျိုးစိတ်များ မျိုးတုံးပျောက်ကွယ်ခြင်းမှ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူများ တိုးတက်များပြားလာစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ ရေးသားဖော်ပြအပ်ပါသည်။

## ပြည်တွင်းရေးရာ



# ယာဉ်အန္တရာယ်လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**ကျောက်ကြီး ဒီဇင်ဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် မြို့မစခန်း၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးသတ်ဦးစီးဌာနတွင် သင့်(၄)သင့်ထားရှိမှုရှိ၊ မရှိကို လိုက်လံစစ်ဆေးပြီး လမ်းမပေါ်တွင် သတ်မှတ်စည်းကမ်းနှင့် မညီညွတ်သည့် ယာဉ်မောင်းများအား အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# Mandalay Yatanar Mall ၌ကျောက်မျက်ဆိုင်ခန်းများဖွင့်မည်

**မန္တလေး ဒီဇင်ဘာ ၂၄**
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ ဒုတိယထပ်တွင် မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မီ ကျောက်စိမ်း၊ နီလာ၊ မြ၊ ပုလဲ၊ ပတ္တမြားစသည့်ကျောက်မျက်ရတနာဆိုင်များ၊ စိန်ဆိုင်များ၊ ရွှေဆိုင်များ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းဆိုင်များ ခင်းကျင်းပြသရောင်းချမည့် Mandalay Yatanar Mall ၏ Grand Opening ဖွင့်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ခမ်းနားထည်ဝါစွာ ဖွင့်လှစ်မည်ဖြစ်သည်။

Mandalay Yatanar Mall တွင် ဆိုင်ခန်းပေါင်း ၃၈၉ ခန်းရှိပြီး ကျောက်မျက်သင်တန်းခန်းမတစ်ခု၊ ကျောက်မျက်အစစ်အတုခွဲခြားပေးပြီး အသိအမှတ်ပြု Certificate ထုတ်ပေးသော QC ခန်းတစ်ခု၊ နိုင်ငံခြားငွေလဲကောင်တာ၊ ဘဏ်ဝန်ဆောင်မှုများ၊ ခေတ်မီလုံခြုံရေးစနစ်များ၊ လေအေးပေးစနစ်၊ ၂၄ နာရီလျှပ်စစ်ဓာတ်အားရရှိမှု စသည့်နိုင်ငံတကာအဆင့်မီဆိုင်ခန်းများ၊ ကောင်တာများ တည်ဆောက်ထားပြီး လက်ငင်းငွေချေစနစ်၊ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့သည်။

Mandalay Yatanar Mall တွင်ကျန်ရှိနေသော ဆိုင်ခန်းများအား A အခန်းများကို တစ်စတုရန်းပေလျှင် ကျပ် ၄၈၀၀၀၀ နှုန်း (Package Value) နှင့် B အခန်းများကို တစ်စတုရန်းပေကျပ် ၄၈၀၀၀၀ (ကောင်တာပါ) နှုန်းထားများဖြင့် ဒီဇင်ဘာ ၂၁ ရက်မှ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# အသက်ငါးနှစ်အောက်ကလေးများပုံမှန်ကာကွယ်ဆေးထိုးခြင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**မုံရွာ ဒီဇင်ဘာ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသက် ငါးနှစ်အောက်ကလေး ပုံမှန်ကာကွယ်ဆေးများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးခြင်းကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှုလျော့ချရန်၊ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများမှ ဖြစ်ပွားသေဆုံးမှုလျော့နည်းပပျောက်စေရန်၊ နေရာဒေသမရွေး ကလေးအားလုံး အခွင့်အရေးတန်းတူညီမျှ ကာကွယ်ဆေးရရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အသက်ငါးနှစ်အောက် ကလေးများ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးနေမှု အခြေအနေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ကြက်ခြေနီတပ်ဖွဲ့တို့အား ရှင်းလင်းဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

"အသက်တစ်နှစ်အောက် ကလေးငယ်များနဲ့ ကိုယ်ဝန်ဆောင်မိခင်များဟာ ကာကွယ်ဆေးတစ်မျိုးစီ အကြိမ်ပြည့်ထိုးပေးဖို့ အထူးပဲအရေးကြီးပါတယ်၊ အဲဒီအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွေကို ပုံမှန်လုပ်ဆောင်နေတာပါ၊ အဲဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကာကွယ်ဆေးထိုးဖို့ ကလေးတွေမကျန်အောင်၊ မထိုးလိုက်ရတဲ့ကလေးတွေမှာ ရောဂါမဖြစ်ရအောင် ကာကွယ်ဆေးထိုးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီးဦးစီးမှူးတွေကို ရှင်းလင်းပြောကြားတာပါ။ ကျန်းမာရေးအသိ ပညာအားနည်းတဲ့ အသက် တစ်နှစ်အောက်ကနေ အသက် ငါးနှစ်အောက်ကလေးတွေရဲ့ မိခင်တွေအနေနဲ့လည်း ပုံမှန်ကာကွယ်ဆေးတွေကို ကိုယ့်ရဲ့ရင်သွေးလေးတွေ ပုံမှန်ထိုးနှံပေးဖို့အတွက် မြို့နယ်တွေနဲ့ ကျေးလက်ဒေသတွေကို အနီးကပ်လုပ်ဆောင်နေတဲ့ သက်ဆိုင်ရာမြို့နယ်တွေက ပြည်သူ့ကျန်းမာရေးဦးစီးမှူးတွေ၊ လူမှုရေးအသင်းအဖွဲ့တွေဖြစ်တဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့တွေနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေကို အသိပေးတာပါ၊ ကျွန်တော်တို့တိုင်းဒေသကြီးအတွင်း မှာရှိတဲ့ နာဂဒေသမှာ ပြီးခဲ့တဲ့မိုးရာသီမှာဖြစ်ပွားခဲ့တဲ့ ကလေးငယ်တွေ သေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရလေအောင်လို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် လုပ်ဆောင်နေတယ်ဆိုတာကို ရှင်းလင်းတာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ထွန်းက ပြောသည်။

ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများမှ ဖြစ်ပွား၊ သေဆုံးမှုလျော့နည်းပပျောက်၍ ငါးနှစ်အောက်ကလေးများ သေဆုံးမှုလျော့ချရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ယခင်ကရောဂါရှစ်မျိုး ကာကွယ်ဆေးများကို ထိုးနှံပေးရာမှ ၂၀၁၆ ခုနှစ် ဇူလိုင်လမှစတင်ပြီး ရောဂါ ၁၀ မျိုးကို ကာကွယ်နိုင်သည့် တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး ကာကွယ်ဆေး အသစ်များဖြစ်သည့် ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (Rota) နှင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး (HPC) များကို ဆက်လက်တိုးချဲ့ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသက်တစ်နှစ်အောက်ကလေးငယ် ၉၂၂၄၈ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၉၄၁၈၃ ဦးတို့ရှိကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရပြီး အဆိုပါကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးများကို အရှိန်အဟုန်မြှင့် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

# ပဲခူးမြို့နယ်ရှိ လမ်း၊ တံတားလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၂၄**
ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ လက်ထောက်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၁ ရက်တွင် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့်လမ်း၊ တံတားလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၂၁၁ သိန်းကျော်သုံးစွဲပြီး အလျားပေ ၁၀၀၀ ရှိ ဆံတော်တွင်းလမ်း၊ အလျားပေ ၄၀၀ရှိ ကြည်တော်ကုန်း(၃)လမ်း၊ အလျား ၁၃၃၅ ပေရှိ ဗန္ဓုလလမ်းများကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် တစ်ဖက်သုံးပေစီချဲ့ခြင်း၊ အလျားပေ ၁၀၀၀ ရှိပုဏ္ဏားစုလမ်းမကြီးကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အလျားပေ ၆၀၀ ရှိ ရဲစခန်းလမ်းထပ်ပိုးလွှာခင်းခြင်း၊ အလျားပေ ၂၀၀ ရှိ ညောင်ဝိုင်းအလယ်လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အလျားပေ ၁၄၅၀ ရှိ ညောင်ဝိုင်းအလယ်လမ်းကွန်ကရစ်ခင်းခြင်း၊ အလျား ၅၂၅ ပေရှိ ဘုရင့်နောင်လမ်းအပိုင်း(၃) ကတ္တရာခင်းခြင်း၊ အလျား ပေ ၃၆၀ရှိ ဈေးပိုင်း (၁၈)လမ်းကွန်ကရစ်ခင်းခြင်း၊ အလျား ပေ ၁၁၄၀ရှိ ပန်းလှိုင်အလယ်လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အလျားပေ ၉၈၀ ရှိ ဘုရားကြီးမြို့အမှတ်(၂)ရပ်ကွက် ပြည်တော်သာလမ်း ကတ္တရာခင်းခြင်းနှင့် အလျားပေ ၅၇၀ ရှိ ညောင်ဝိုင်း(၁၀)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လမ်းများရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

**(၅၈၇)**

# မန္တလေး ရေလမ်းကြောင်းတွင် သောင်တူးလုပ်ငန်းများဆောင်ရွက်ရန် လူမှုဝန်းကျင်ဆိုင်ရာ အချက်အလက်များရှင်းလင်း

**မန္တလေး ဒီဇင်ဘာ ၂၄**
မန္တလေး ရေလမ်းကြောင်း (ဧရာဝတီမြစ်) ကောင်းမွန်ရေးအတွက် သောင်တူးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်တော့မည်ဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှုများ ရှင်းလင်းပွဲကို မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခန်းမ၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

သောင်တူးမည့်ပမာဏမှာ ခန့်မှန်းကုဗမီတာ ၇၂၆၀၀ ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၆၉ သန်းဖြစ်၍ အဆိုပါရှင်းလင်းပွဲသို့ Component -3 မှ တာဝန်ရှိသူများက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆိပ်ကမ်းတစ်လျှောက် မှီခိုလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ ဒေသခံများနှင့် ဆွေးနွေးကြသည်။

"ရေလမ်းအသုံးပြုသွားလာရေးက အခြားသယ်ယူပို့ဆောင်ရေးလမ်းကြောင်း တွေထက် ကုန်ကျစရိတ်သက်သာပြီး ဘေးကင်းလုံခြုံမှုလည်း ပိုမိုရရှိတာကြောင့် ရေလမ်းကြောင်းထိန်းသိမ်းမှုတွေကို အစဉ်တစိုက်လုပ်နေပါတယ်။ သောင်တူးလုပ်ငန်းလုပ်ပြီဆိုရင် ပတ်ဝန်းကျင်သက်ရောက်မှုမရှိအောင် အကောင်းဆုံးလုပ်ဆောင်သွားမှာဖြစ်ပြီး ရက် ၂၀ ဝန်းကျင်လောက်ပဲကြာမြင့်မယ်" ဟု Component -3 ဒါရိုက်တာဦးအောင်မျိုးခိုင်က ပြောသည်။

ဧရာဝတီမြစ်ဘက်စုံစီမံခန့်ခွဲရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ နဲ့ ဆောင်ရွက်လျက်ရှိရာတွင် Componement သုံးခုပါဝင်ပြီး ရေလမ်းသွားလာရေး ကောင်းမွန်ရေးလုပ်ငန်းများကို Component-3 မှ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင် ပညာရှင်ဒေါ်နန်းခိုင်ဆိုင်က "မန္တလေးရေလမ်းကြောင်းမှာ သောင်တူးလုပ်ငန်းတွေ လုပ်တော့မှာပါ။ စီမံကိန်းအကောင်အထည်ဖော်ရင် ချမှတ်ထားတဲ့ စည်းမျဉ်းများကို လိုက်နာရမှာဖြစ်ပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ဆိုင်တဲ့အချက်အလက်တွေကို ဌာနဆိုင်ရာများနဲ့ ဒေသခံများကို ရှင်းလင်းဖို့လည်းပါရှိတယ်" ဟု ပြောသည်။

သောင်တူးခြင်းမှရရှိမည့် အကျိုးကျေးဇူးများမှာ ဆိပ်ကမ်း အဝင်-အထွက် ရေလမ်းကြောင်းကောင်းမွန်၍ ရေယာဉ်သွားလာမှု ဘေးကင်းခြင်း၊ လုံလောက်သည့်ရေအနက်ရရှိလာသဖြင့် ကုန်ပစ္စည်းတန်ချိန် ပိုမိုတင်ဆောင်လာနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာမှ ငွေကြေးကုန်ကျမှု မရှိတော့ခြင်းနှင့် ဖယ်ရှားသည့်သဲများကို ကမ်းပါးများတွင် စွန့်ပစ်ခြင်းကြောင့် မြစ်ရေတိုက်စားမှု သက်သာနိုင်ခြင်းတို့ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

" ကျောင်းလွှတ်ပွဲ ဖိတ်ကြားလွှာ "

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ပေါ် ဆန်းမွှေးလမ်း၊ မဟာသုဝဏ္ဏကျောင်းတိုက်အတွင်း၌ စေတနာရှင်များ စုပေါင်း၍ ဆောက်လုပ်အပ်သော ဝေဇယန္တာသုံးထပ် ကျောင်းတော်ကြီး ကျောင်းရေစက်ချအလှူမင်္ဂလာကို ၁၃၇၈-ခု၊ ပြာသိုလ်လဆန်း (၃) ရက် (၃၁.၁၂.၂၀၁၆) နေ့၊ နံနက် ၉:၀၀ နာရီ တွင် စတင် ကျင်းပမည် ဖြစ်ပါ၍ ကျောင်းအလှူရှင်များနှင့် မဟာသုဝဏ္ဏ သာသနာကို အားရုံထားကြသူများ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) အတူတကွ ကြွရောက် တရားတော် နာယူ နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့
၀၉-၅၀၅၃၂၃၅

TRIWAVE Travels & Tours 09-4545 80003 09-4545 80004
ဘားအံ-တောင်ပိုင်း-ချစ်သူမြို့-ဘုရင်ညီဂူ (၃၅၀၀၀ ကျပ်- 6+1FOC)
Dec 28, Jan 3, 7, 14, 21, 28
မနက်စာ၊နေ့လည်စာ၊ တဆင့်သွားကား၊ ဝင်ကြေးများပါဝင်ပြီး...

ဒေါ်ခိုင်ခိုင်ဝင့်
B.Sc (Chem), DA. LCCI (UK), ACCA Part II
L C C I, A C C A
➢ လူနည်းစုနှင့် ထိထိမိမိသင်လိုသူများ၊
➢ အချိန်နှင့်ငွေကို save ဖြစ်လိုသူများ၊
➢ Cost ထက် Benefit အားသာချက်ကို အပြည့်အဝ ရရှိစေမည်။
ပုဂ္ဂိုလ်အလိုက်၊ လူစုလေးကြည့်သင်ကျောင်းအပ်လက်ခံပြီ
အမှတ်(၃၂)၊ ၅လွှာ၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
Ph : 0950 67748, 09254716005, 09798427764

**a&Twkujfwf*vmESbpfom'Dibm**

ဒီဇင်ဘာ(၆)ရက် ဖေဖေ့မွေးနေ့၊ ဒီဇင်ဘာ(၁၈)ရက် Dr.ရှင်မိုးသူမွေးနေ့၊ ဒီဇင်ဘာ(၂၃)ရက် USA နေ ဝဏ္ဏကျော် မွေးနေ့၊ ဒီဇင်ဘာ(၂၅)ရက် မေမေ့မွေးနေ့ ဖြစ်သလို ဖေဖေနဲ့ မေမေတို့ရဲ့ ရွှေရတုနှစ်(၅၀)ပြည့် မင်္ဂလာရက်မြတ်နေ့ဖြစ်လို့ ဒီဇင်ဘာ မွေးနေ့ရှင်များ အသက်ရှည်ရှည်၊ ကုသိုလ်ရရ၊ ရှင်သန် ရပ်တည်နိုင်ကြပါစေ။

**သားသမီးများ** ဦးတင်အောင်ကို၊ ဒေါ်စိုးစိုးရီ၊ ဗိုလ်မှူးကြီး အောင်မြတ်ကျော်၊ ဒုဗိုလ်မှူးကြီးတက်လွင်ထွန်း၊ ရှင်နှင်းအေး

**ချစ်မြေးများ-** ရှင်ငြိမ်းသူ၊ ဉာဏ်လင်းမော်၊ ရှင်ရွှန်းမြအေး၊ ရှင်မင်းသူ

လှိုင်းမင်းလတ်
စာရင်းကိုင်သင်တန်း June Series / 2017
LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | ဖွင့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 24.Dec |
| Sec(B) | Sat+Sun | 9-11 (am) | 24.Dec |
| Sec(C) | Sun | 11-3 (pm) | 1.Jan |
| Sec(D) | Mon+Tue | 6-8 (pm) | 2.Jan |
| Sec(E) | Sat | 11-3 (pm) | 7.Jan |
| Sec(F) | Fri | 12-4 (pm) | 13.Jan |
| Sec(G) | Tue to Fri | 12-3(pm) | 16.Jan |

| Level III | | သင်တန်းချိန် | ဖွင့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3-8 (pm) | 24.Dec |
| Sec(B) | Wed to Sun | 6-8 (pm) | 5.Jan |
| Sec(C) | Tue to Fri | 8-12 (am) | 10.Jan |

Dec / Jan တန်းခွဲသစ်ဖွင့်ရန် နေ့စဉ်ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်




ပြည့်ဝေကျော် စာပေ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၃၈၅၁၉၆၊ ၀၉-၃၃၁ ၆၁၈၉၅၊ ၀၉-၇၃၀၂၅၉၂၉






## ကြော်ငြာ

### အောင်စကြာ ဒေါက်တာဘဒ္ဒန္တစန္ဒသူရိယ ဆရာတော် ထိုင်းနိုင်ငံသို့ သာသနာပြုစရီး ကြွတော်မူမည်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ ပဓာနနာယက မဟာဓမ္မကထိကဗဟုဇနဟိတဓရ အောင်စကြာဒေါက်တာဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ထိုင်းနိုင်ငံရှိ တပည့်များမှပင့်လျှောက်ပါသဖြင့် ဒီဇင်ဘာ (၂၉) ရက်တွင် ထိုင်းနိုင်ငံသို့ ကြွတော်မူမည်။ ၂၉၊၃၀၊၃၁နှင့် ၂၀၁၇ခု ဇန္နဝါရီ ၁၊၂-ရက်များတွင် မဟာချိုင်မြို့ ဝပ်ဘန်ပါဝပ်ပါအနီး ဝပ်ဖန်ထုဝံကျောင်းတိုက် (ပီမိုင်) ၅-ရက်တရားစခန်းပွဲ၌ ပဋ္ဌိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသတော်မူ၍ ဇန္နဝါရီ ၃ ရက်နေ့ညတွင် မှ စီ စံ ကျောက်ရပ်ကွက် ဝပ်ထစ်ဘုန်းတော်ကြီးကျောင်းဝင်း တရားမဏ္ဍပ်တွင် နိဗ္ဗာန်ရောက်ရေး နည်းလမ်းပေး တရားတော်များကိုဟောကြားတော်မူမည်။ ဇန္နဝါရီ ၄ နေ့ ရန်ကုန်မြို့သို့ ပြန်ကြွတော်မူပြီး ပြည်တွင်း တရားပွဲများ ကိုဆက်လက် ဟောကြားတော်မူမည် ဖြစ်သည်။

---

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသော

## အလှူတော်ဒိုးသူကြီး

## မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့်

## ဈေးရောင်းပွဲတော်ကြီး

ပြိုင်ပွဲဝင်အသင်းများဖိတ်ခေါ်ခြင်း

Main Sponsor : MAMA INSTANT NOODLES

Media Partner : MRTV-4

Silver Sponsor : UAB United Amara Bank

ပထမဆု - သိန်း (၅၀)ကျပ်

ဒုတိယဆု - သိန်း (၃၀)ကျပ်

တတိယဆု - သိန်း (၂၀)ကျပ်

အသင်းတစ်သင်းလျှင် ပြိုင်ပွဲဝင် (၇)ယောက် ပါဝင်ယှဉ်ပြိုင်ရမည်။

လျှောက်လွှာပိတ်မည့်ရက် - ၃၀.၁၂.၂၀၁၆ (သောကြာနေ့)

လျှောက်လွှာကို အသင်းရုံးခန်းမှဖြစ်စေ အသင်း၏ Facebook စာမျက်နှာဖြစ်သော (MRA Myanmar Restaurant Association) မှဖြစ်စေ ထုတ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်**

**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း**

အမှတ်(၂၄/၂၆)၊ (၄)လွှာ၊ မြင်းပြိုင်ကွင်းကွန်ဒို၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ၊ ရန်ကုန်။ မဇ္ဈိမ၊ မဆုလွင်လွင်ထား (ဖုန်း - ၀၉ ၂၅၀၀ ၈၇၅၃၆ ၊ ၀၉ ၉၆၄၆ ၁၁၁၀၆)




mazda
YEAR END PROMOTION
ကျပ်သိန်း ၃၅၀ကျပ်တိတိဖြင့်
MAZDA BT-50 EXTRA CAB ကိုပိုင်ဆိုင်နိုင်မည့် အထူးအခွင့်အရေး။
အရေအတွက်အကန့်အသတ်ဖြင့်သာ
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made in JAPAN
3 YEARS MAZDA WARRANTY


PRO1 HOME CENTER
"One Place, Get All"
Merry Christmas & Happy New Year
SPECIAL PROMOTION
15th Dec 2016 - 15th Jan 2017
ကျပ် သိန်း(၁၀၀)ဖိုး
ဝယ်ယူသူတိုင်းကို
ရွှေဆွဲပြားလက်ဆောင်ပေးဦးမှာနော်
ကျပ်(၁၀)သိန်းဖိုးမှ
သိန်း(၅၀)ဖိုး
ဝယ်ယူသူတိုင်းအတွက်
လက်ဆောင်တွေအများကြီးပေးမယ့်
အစီအစဉ်........
SONY 559,000 LED TV(40",T2) KDL-40W650D
FREE SONY DVD PLAYER(SR760)
PENDANT LAMP 133,000 Pendant Lamp YD3344A-6
OUTDOOR LAMP 10,000 Outdoor Lamp YD7502(S)SL
GANVA 8,250 Pendant Lamp 77552/1
GANVA 5,300 Wall Lamp 30029/1W
AY TABLE LAMP 43,500 AY Table Lamp T802
MAKTEC 28,600 Angle Grinder (570w,100mm) MT90
MY HOME 21,000 Electric Pan EP-1001GT(12",Non Stick)
KANGAROO 53,000 Blender 1.5L KG349
ELECTROLUX 150,000 Vacuum Cleaner Z930
RINNAI 157,000 Water Heater RES-ED4 32H
TEKA 296,100 Glass Hob GK LUX 73 2G AIAL2TR
MASTER 60,000 Master Mist Fan MMF-B12 80MIR
STIEBEL ELTRON 160,000 Water Heater EHS30
FREE KG82 Yogurt Maker
KANGAROO 185,000 Instant Heater with Inv Pump KG236PW
STIEBEL ELTRON 110,000 Shower Heater IS35E
HOCHON 50,000 Copper Stand Fan 16in Antique Design FS-1601
10KG Fully
COTTO 115,000 WH BEN CT13442
TEKA 269,000 Universe Shower System 7900254
SWEETY HOME 121,000 Mirco Ward Robe WR-9105
LG 300,000 Washing Machine T2310NCBM7
VITA 2,200 Sink Wall Tap VT-05594
www.facebook.com/pro1homecenter
Lanthit Branch - 01 647730,01 644832
Satsan Branch - 01 201849,01 201850
East Dagon Branch - 01 2585158,01 2585159


သီတာ
TD
TD
အာမခံစိန်ရွှေရတနာဆိုင်
ဒုတိယ အကြိမ်မြောက် ကား ကံစမ်းမဲ အထူးအစီအစဉ်
ကံစမ်းမဲကာလ (1-10-2016) မှ (31-12-2016) အထိ
အထူးဆု
TOYOTA PASSO
ကားသစ်တစ်စီး
PASSO
ရွှေနားကပ် ၂၀ ဆု
ဆိုင်(၁) -အမှတ်(၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆)ရပ်ကွက်၊ အင်းဝမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၁-၂၃၃၂၄၆၄ ၊၀၉-၉၇၀၀၉၃၇၃၁
ဆိုင်(၂) -အမှတ်(၉၃၀)၊ (၁)လမ်း၊ ငုမိုးရိပ်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၁-၅၇၉၃၅၄ ၊၀၉-၉၇၀၀၉၃၇၃၂
ဆိုင်(၃) -အမှတ်(၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ (ဆ/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းဈေးကြီးရှေ့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၁-၈၅၅၀၆၀၁ ၊၀၉-၉၇၀၀၉၃၇၃၃
ကံထူးရှင် ရွေးချယ်ပွဲ အစီအစဉ်
ကံစမ်းမဲ ဖွင့်မည် နေ့ရက် - ၅ . ၁ . ၂၀၁၇ (ကြာသပတေးနေ့)
ကံစမ်းမဲ ဖွင့်မည် အချိန် - ညနေ ၅ နာရီ မှ ည ၉ နာရီ အထိ
ကံစမ်းမဲ ဖွင့်မည့် နေရာ - အမှတ် (၁၈၂)၊ အာနန္ဒာဘုရားလမ်း၊ မလိခအိမ်ယာ
ဘဝမြင့်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဝယ်ယူထားသော မိတ်ဆွေများ အနေဖြင့် ကံစမ်းမဲဖွင့်ပွဲ အခမ်းအနားသို့ ဝယ်ယူထားသော ဘောင်ချာ၊ ကူပွန်စာရွက်၊
မှတ်ပုံတင် နှင့် တကွ ယူဆောင်လာပြီး နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေမှုနှင့်အတူ ရင်ခုန်ဖွယ်ရာ
ကံထူးရှင်ရွေးချယ်ပွဲကြီးအား ချက်ချင်းမဲနှိုက်ပြီး ချက်ချင်းချီးမြှင့်သွားမည်ဖြစ်ပါ၍ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။
ချစ်ကောင်း
ဇော်ပိုင်
ပိုင်းစုခိုင်သိန်း
ဆိမ့်ချစ်
ဆန်းထွန်း


AMERICAN VISION
EYE CARE CENTER
CALL NOW!
(01) 242476, 241897, 241898
BIG SALE
branded
၅၀% အထိ
American Vision ဆိုင်ခွဲများ
up to 50%
Until 2 Jan 2017
HAPPY NEW YEAR
Celebrate the holidays with OUR BIGGEST SALE yet!
Merry Christmas
ပျော်ရွှင်ဖွယ်ရာ ၂၀၁၇ နှစ်သစ်ကူးကို American Vision နှင့်အတူတူဖြတ်သန်းလိုက်ကြပါစို့။


PREMIER®
Full Cream
Milk Powder
Merry Christmas
everyone
ဗီတာမင်တွေထပ်ဖြည့်ထားလို့ ပိုကောင်းပါတယ် ပိုကျန်းမာတယ်


apple®
Ginseng Silky Hair Coat
Apple Production Co., Ltd.


Myanmar Noble College
edexcel
UK နိုင်ငံ Edexcel ပညာရေးအဖွဲ့မှ တိုက်ရိုက်ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲကို တက်ရောက်ရန်အတွက် Myanmar Noble College တွင် Foundation Course ကို January Intake တွင်ဖွင့်လှစ်ပါမည်။
>> Foundation Course
GCE 'O' Level, IGCSE နှင့် LCCI Level "3" အောင်မြင်ပြီးသူများ
>>Higher National Diploma Courses
Engineering
•Civil
•Mechanical
•Electrical & Electronics
Business
Computing (IT)
No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Tsp, Ygn.
www.myanmarnoblecollege.com.mm
01-2331257 / 01-2331276 / 01-2331264 / 09-780639577

## ကြော်ငြာ

**ချောင်းသား** ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)
Package (35000)
Package (35000)
Package (55000)
(15000)
Ph:09425334456,09252606649,0949323965

**အာရှနဂါး**
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1985
**မေတ္တာနှောင်**
ကျိုက်ထီးရိုး/မြဝတီ-ဘားအံ
ချောင်းသာ / ငွေဆောင်
ပုဂံ-ညောင်ဦး၊ ပုပ္ပါး
မန္တလေး၊ ပြင်ဦးလွင်
တောင်ကြီး၊ အင်းလေး
ထားဝယ်-ရှင်ကိုးရှင်
01-392704, 09 73017110

**GOLDEN CITY**
*ချောင်းသာ (ဇာ/တည်း/ ငြိမ်း)
DEC - 23/30
*တောင်ကြီး အင်းလေး ပင်းတယ
*မော်လမြိုင် ကျိုက္ကမီ စက်စဲ

**CAR RENTAL**
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ
ခရီးသွားနိုင်ရန် ALPHARD,
HIACE(အဲခေတ်) ကားသစ်ကြီး
များဖြင့်ဝန်ဆောင်ပေးပါသည်။
09 25 358 2510,
09 515 8803

**ROYAL STAR** (လုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း)မှ
ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို
(အခရာက်ပို့ ဓရိတ်ငြိမ်း) ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်
(a)
(b)
(c)
Ph: 09-50 54 189, 09-50 63 596
ရုံးခွဲ(၁)၊ အ.ထ.က (၃)ကျောင်းရှေ့ ကန်သာယာမုတ်တိုင်အနီး၊
သုခမ္မာလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မင်္ဂလာပါ**
Box
09-450042704
09-250095116
09-420096296

**ရွှေကမ္ဘာ**
14' ကားများဖြင့် လုပ်သားအပါတာဝန်ယူ
ဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

## (၆၅) နှစ်ပြည့်မွေးနေ့မင်္ဂလာ

### လယ်တီမူဝိပဿနာ (၇) ရက်တရားစခန်းပွဲဖိတ်ကြားလွှာ

သန်လျင်မြို့နယ်၊ ဖျဉ်းထောင်ကျောင်းကျေးရွာ မွေးသုခကျောင်း၊ ဇာခြေပြု ပဓိယဉ္ဇိတာသင်တိုက်၊ မဟာနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ၏ (၆၅) နှစ်ပြည့်မွေးနေ့ပူဇာအဖြစ် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားအရှေ့ သူမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းမှ တိုက်အုပ်ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမွာလေကာတမှ လယ်တီမူ ဝိပဿနာတရားတော်များကို ၁-၁-၂၀၁၇ မှ ၇-၁-၂၀၁၇ နေ့အထိ (၇) ရက်တိုင်တိုင် ဟောဖော်ညွှန်ပြမည်ဖြစ်ပါ၍ ခုလ္လာအရဟန်းစက်လိုသူများနှင့် တရားစခန်းဝင် ယောဂီသူတော်စင်များသည် ၃၁-၁၂-၂၀၁၆ နေ့ အရောက် မွေးသုခကျောင်းတိုက်သို့ လာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မွေးသုခကျောင်း (သန်လျင်)

**မြတ်ဓမ္မ** ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့
၇ ညအိပ်၊ ၈ ရက်ခရီး - 14 April - 2017
၁၄ ညအိပ်၊ ၁၅ ရက်ခရီး - 10 Feb, 24 Mar 2017
နေရာစုံရောက် ရှုစိတ်ချမ်းမြေ့စေရမည်။
ဆက်သွယ်ရန် - ဒေါ်ယဉ်ယဉ်လှ(ဗု-ညွှန်မှူး၊ ဓာရင်းခစ်ချုပ်ရုံး/ငြိမ်း)၊
ဖုန်း -09-5085810,09-420256685,09-43030290, 01-522835




## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

သစ္စာလမ်းမပေါ်ရှိ ပေ(၂၀× ၆၀)ဂရန်
အမည်ပေါက် မြေကွက်

## "လျှော့ဈေးဖြင့် (အမြန်) ရောင်းမည်" (ပွဲစားမလို)

* ဗဟန်း၊မွေ့ဆေတီလမ်း(110'x105')အကျယ်ရှိ (၂)ထပ်တိုက်၊(နေရာကောင်း) ဈေးနှုန်း- 29500သိန်း
* လှိုင်၊ဗဟိုလမ်း(75'x 75')အကျယ်ရှိမြေ၊(မြေပိုင်)(လုပ်ငန်းသင့်) ဈေးနှုန်း -6500သိန်း
* သာကေတ၊(၆)လမ်းသွားလမ်းမပေါ် (60'x 70')အကျယ်ရှိမြေကွက်၊(လုပ်ငန်းသင့်) ဈေးနှုန်း- 3200သိန်း
* မ/ဒုံ၊ပြည်တောင်စုလမ်းမပေါ် (40'x150')အကျယ်ရှိမြေကွက်၊(လုပ်ငန်းသင့်) ဈေးနှုန်း - 2300သိန်း
01- 552742, 09 5060940, 09 73500535, 09 5060938

200KVA
6CTA 8,3G2
Sound Proof Generator
09-5145988

**AA** ယာဉ်မောင်းသင်တန်း

### ကန့်ကွက်နိုင်ပါသည်

ဒေါ်ဘောဘီစင်နဲရာလှ (၁၂/ဗဟန (နိုင်) ၀၂၆၃၆၈) ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ တာမွေကြီး၊ က+ဂ ရပ်ကွက်၊ ၁၅၄ လမ်း၊ တိုက် (၆)၊ အခန်းအမှတ် (၃၀၁)၊ တတိယထပ် တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သူဇာငြိမ်း LL.B (စဉ်-၃၄၀၁၃)
အထက်တန်းရှေ့နေ
အမှတ်-၇၇၉၊ မာဂ(၁၇)လမ်း၊ ၄ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉ ၅၁၃၁၂၈၃

**ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သုမန ၅ လမ်း၊ အမှတ် ၁၀၉/ခ (ဦးချစ်ပုအမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်) ဟုခေါ်တွင်သော ပေ ၂၀×၆၀ မြေကွက်အနက်မှ မြေရင်းဘက် ပေ ၁၀×၆၀ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ မြေနှင့်နေအိမ်ကို အမွေဆက်ခံပိုင်ဆိုင်သည်ဟု အဆိုပြုသူများထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်းများနှင့်တကွ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အေးသီတာမင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၇၃)
အမှတ် ၃၃/၄၉၊ အခန်းအမှတ် ၃၆ (ပထပ်)၊ Strand Condo၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉ ၇၃၁၁၅၆၆၅၊ ၀၉ ၇၉၅၉၆၉၅၁၃။

rU&mwpfcifomapcif;wifaygEGh

# ကြော်ငြာ












ap;Eleftc/ldompmjzif&mif;crnf

| | | | |
|---|---|---|---|
| YUTONG MINI BUS | လူစီး | 30/35ယောက် | 35စီး |
| YUTONG MINI BUS | လေအိပ်ကား | 30/33ယောက် | 15စီး |
| HIGER MINI BUS | လူစီး | 35ယောက် | 15စီး |

Model-2006-7-8-9-10

SHWE PWINT PHYU CO.,Ltd

1. 62လမ်း၊ စံပြလမ်းနှင့် မင်္ဂလာလမ်းကြား၊ မန္တလေး
2. 60, 61ကြား၊ စံပြလမ်း၊ စက်မှုဇုန်(၁)၊ မန္တလေး

ph: 092030888၊ 092030999၊ 09979200999

lcHkkmif;rnf

သာကေတ၊ ရတနာအိမ်ရာ၊ ပေ(၄၀×၆၀) နှစ်(၆၀) ဂရန်၊ ပိုင်ရှင်အမည်ပေါက် ကျပ်သိန်း ၁၅၈၀/-

ဖုန်း-၀၉-၉၇၅၄၂၆၄၇၄

lcHkkmif;rnf

ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ မရမ်းကုန်း။

ဖုန်း-၀၉-၇၈၃၈၂၀၈၈၃


2{uajruluf a&mif;rnf

Orchid Village သစ်ခွခြံမြေ

ဖုန်း-၀၉၉၇၅၄၂၆၄၇၄







# ရန်ကုန်မြို့ရှိ ခရစ်ယာန်ဘုရားကျောင်းများတွင် ရောင်စုံမီးများဖြင့်ခရစ်တော်အားကြိုဆို

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ခရစ်တော်ဖွားမြင်တော်မူခြင်းအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ ဇမာန္နေလ၊ စိန်မေရီကာသီဒြယ်၊ စိန်အန်ထော်နီ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ရောင်စုံအလှမီးများထွန်းကာ ခရစ်တော်အားကြိုဆိုကြသည်။

"ခရစ်တော်က အလင်းကိုသယ်ဆောင်လာတဲ့ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတဲ့အတွက် အလင်းနဲ့သူ့ကိုပြန်ပြီးကြိုဆိုတာပါ။ အထူးသဖြင့် မြန်မာပြည်မှာ သနားခြင်းနဲ့ငြိမ်သက်ခြင်းရရှိဖို့ဆုတောင်းပေးပါတယ်" ဟုစိန်အန်ထော်နီ ဘုရားကျောင်းဆရာတော်ကမိန့်သည်။

ထို့ပြင် ယနေ့ညပိုင်းတွင်ဘုရားကျောင်းများ၌ခရစ္စမတ်သတင်းဝေငှခြင်း၊ တေးသံသာများသီဆိုခြင်းနှင့် မဏ္ဍာတရားတော်မြတ်ပူဇော်ခြင်းတို့ကို ပြည်တွင်းပြည်ပခရစ်ယာန်ဘာသာဝင်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြောင်းသိရသည်။

"ခရစ်တော်က တိတ်ဆိတ်တဲ့ညအချိန်မှာ မွေးဖွားပြီး မှောင်မိုက်တဲ့ကမ္ဘာကြီးကိုအလင်းပေးတဲ့အတွက် အခုလိုကြိုဆိုပူဇော်တာပါ" ဟုတောင်ဒဂုံမြို့နယ်မှ ဒေါ်အေးသန်းကပြောသည်။

ခရစ္စမတ်ကာလဖြစ်သော ဒီဇင်ဘာလတွင်မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များမှာ ကမ္ဘာတစ်ဝန်းရှိ ခရစ်ယာန်ဘာသာဝင်များနည်းတူ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ခရစ်တော်ဖွားမြင်တော်မူခြင်းဆိုင်ရာ ကြိုဆိုချီးမွမ်းဓမ္မတေးသီဆိုခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆွေအချင်းချင်း လက်ဆောင်များပေးပို့ခြင်းစသည်တို့ကိုပြုလုပ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**



ဒီဇင်ဘာ ၂၄ ရက်(ခရစ္စမတ်အကြိုည)တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (မြို့တော်ခန်းမအနီး)ရှိ မောန္နေလဘုရားကျောင်း၌ ညအလှမီးများထွန်းထားသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# ရန်ကုန်မြစ်အား သန့်ရှင်းရေးပြုလုပ်သည့် လှုပ်ရှားမှုတစ်ခုအနေဖြင့် စည်းကမ်းမဲ့စွန့်ပစ်ထားသော ပလတ်စတစ်နှင့် အမှိုက်များ စုပေါင်းသိမ်းဆည်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြစ်အား သန့်ရှင်းရေးပြုလုပ်သည့် လှုပ်ရှားမှုတစ်ခုအနေဖြင့် Koning DHV Myanmar ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများအပါအဝင် ဌာနဆိုင်ရာများမှဝန်ထမ်းများက ပြည်သူများ စည်းကမ်းမဲ့ စွန့်ပစ်ထားသော ပလတ်စတစ်နှင့် အမှိုက်များအား ဗိုလ်တထောင်ဆိပ်ကမ်းတစ်လျှောက်၌ ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီက စုပေါင်းလိုက်လံကောက်ယူသိမ်းဆည်းခဲ့ကြကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က "လွန်ခဲ့တဲ့တစ်နှစ်လောက်တုန်းက ဖေ့စ်ဘွတ်စာမျက်နှာမှာ နယ်သာလန်အဖွဲ့ကနေ စက်မှုဇုန်ကထွက်တဲ့ ပြည်သူတွေ စည်းကမ်းမဲ့စွန့်ပစ်နေတဲ့အမှိုက်တွေကိုလိုက်ရှင်းနေတဲ့ပုံတွေကို ကျွန်တော်တွေ့လိုက်ရပါတယ်။ ဒါနဲ့ ကျွန်တော် ဆက်သွယ်တဲ့ အချိန်မှာပဲ ရန်ကုန်မြစ်ထဲကိုဝင်နေတဲ့ ချောင်းကြီး၊ ချောင်းငယ်တွေထဲက ဝင်နေတဲ့အမှိုက်တွေကို trap (ထောင်ချောက်)လို့ခေါ်တဲ့သံဆန်ခါနဲ့ဖမ်းပြီး မြစ်ထဲမရောက်အောင် လုပ်နေတဲ့အစီအစဉ်တွေကို ကျွန်တော် သိလိုက်ရပါတယ်။ ဒါနဲ့သူတို့အဖွဲ့ကလည်း မြစ်ကြောင်းတစ်လျှောက်မှာ လုပ်ချင်တယ်ဆိုပြီး ဆက်သွယ်လာတာကြောင့် နယ်သာလန်အဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင် အပါအဝင် YCDC အဖွဲ့များ၊

**စာမျက်နှာ ၈ ကော်လံ ၅ သို့**



## အစွရေးအခြေချအိမ်ရာတည်ဆောက်မှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှုတ်ချ

စာမျက်နှာ - ၄

## ဒေသသုံးခုက ဆောင်းသုံးဆောင်း

စာမျက်နှာ - ၆

## ကျွန်းမာချင်ရင်တော့ တေလာဆွစ်နဲ့ ဝေးဝေးနေပါ


စာမျက်နှာ - ၁၂

## ဆန်းအေးကာတွန်း



စာမျက်နှာ ၁၆ - ၁၇




**xdkifum;aiym tcsdefbdkifonf**

**6 AM - 6 PM**
**09-422466336**

**wdkuf;ef;av;mcsp;**

တာမွေ၊ ကျောက်မြောင်း၊ မြို့ပတ်လမ်းနှင့် ဩဘာလမ်းထောင့်၊ ရေမီးစုံ၊ အဆင့်မြင့်ပြင်ဆင်ပြီး။

စုံစမ်းရန်-6 AM-6P M
09-454195501

**jyifqifzwfy&ef**

၁၉-၁၂-၂၀၁၆ ရက်ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ(၇)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၁၇၈)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

VERY GOOD
LAPTOP
Core2Duo
85,000Ks
Facebook/ttazy
09-444466681
09-444466682
09-784559309

## မုံရွာ GTI, GTC အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

မုံရွာ GTI, GTC ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို မုံရွာမြို့တွင် အောက်ပါ အစီအစဉ်အတိုင်းစည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆရာကြီး/ဆရာမကြီးများအား ဂါရဝပြုကန်တော့နိုင်ရေးနှင့် မိတ်ဆုံစားပွဲ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**၁။ ဓနုဆွမ်းကပ်ခြင်း**

နေရာ အရှေ့ရေမိန်ကျောင်းတိုက်၊ နာရီစင်အနီး၊ ရုံးကြီးရပ်၊ မုံရွာမြို့။
အချိန် နံနက်(၉:၃၀)နာရီ
နေ့ရက် ၂၉.၁၂.၂၀၁၆ (ကြာသပတေးနေ့)

**၂။ ပူဇော်ပွဲကျင်းပမည့်**

နေရာ မြစန္ဒာခန်းမ၊ ရုံးကြီးရပ်၊ မုံရွာမြို့။
အချိန် နံနက်(၉:၃၀)နာရီ
နေ့ရက် ၃၁.၁၂.၂၀၁၆ (စနေနေ့)

**၃။ မိတ်ဆုံစားပွဲနေ့ရက်**

နေရာ မြစန္ဒာခန်းမ၊ ရုံးကြီးရပ်၊ မုံရွာမြို့။
အချိန် နံနက်(၅:၀၀)နာရီမှ (၁၀:၀၀)နာရီထိ
နေ့ရက် ၃၁.၁၂.၂၀၁၆ (စနေနေ့)

J.O, L.O များစွာမွေးထုတ်ပေးနေသည့်
**ဂုဏ ဥပဒေနည်းပြ**
**J.O ဝင်ခွင့်သင်တန်းများ**
SAT, SUN, THURS ဖွင့်ပြီ
အမှတ်-၃၂၅(ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဆရာဦးစိုးမြင့် 09-73235553,09-799682944

**THREE STAR**
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း၊ ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP 255000-Ks
၁ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 1.5HP 310000-Ks
(Copper Pipe-10', Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ-705784, 09-5163480
လှိုင်မြို့နယ် -09-401505153, 09-420186543
ပဟန်းမြို့နယ် -09-428192157, 09-252833530
စမ်းချောင်း -09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် -09420047153, 09-250069932

**uefYuGufEdkifaMumif;aMunmjcif;**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊မြေကွက်အမှတ်-၈၊ မြေကွက်တည်နေရာအမှတ်(၈)၊ ပုလဲလမ်းသွယ်လမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဦးစောအောင်လှိုင်)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နော်အေးအေးလှိုင်[၁၂/ဒဂန(နိုင်)၀၀၀၆၀၆]မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**orD;tjzpfrSaphfxkwfjcif;**

ရန်ကုန်မြို့၊ လမ်း ၃၀၊ အမှတ် ၁၉၉ နေ ဦးချောင်ကောက်ဖူး၏ သမီးဖြစ်သူ မခင်မေဝင်း[၁၂/ပဘတ(နိုင်)၀၁၇၇၅၇]သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးချောင်ကောက်ဖူး[၁၂/ပဘတ(ဧည့်)၀၀၀၅၇၂]**




**a&mif;csrnfhudpörsm;pm**

**(w&m;rusifhtrIt rSwf 21/en/ 0ya'-66)**

**&efukefawmifydkif;c½kdifw&m;½kH;**

**2014 ckESpfw&m;rZm&DtrSwf-49**

ဦးအောင်မင်း (တရားနိုင်) နှင့် ဦးမျိုးအောင် (တရားရှုံး)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂)ရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၉ တွင် ရရှိခဲ့သော ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် (၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တိုက်ကြီးအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်-၄၄(က)A၊ ဧရိယာ(၀. ၀၂၂)ဧကရှိ မြေနှင့်တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊ မြို့လယ်လမ်း၊ အမှတ်(၄၁) အမှတ်အသားရှိ နှစ်ထပ်တိုက်အဆောက်အအုံ(၁)လုံး။

**ကြမ်းခင်းဈေးကျပ်သိန်း(၇၀၀၀)။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးတော်သို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**opfawmifoGm;onfh pfy ifcspfc ifwdkvdkrsKd; opfy ifu kESpfOpfukd fa&Twkdu fu kpkd;**

# ကျေးဇူးတင်တယ် သမီးလေးရယ်



**သစ္စာဖြူ (ကံ့ကော်မြေ)**
စတုတ္ထနှစ် (အင်္ဂလိပ်စာ)၊
ရန်ကုန်တက္ကသိုလ်။



"သမီး ကေသီ၊ မေမေသမီးကိုပြောထားတယ် မဟုတ်လား။ ဟိုဘက်ခြံကအမှိုက် သူတို့ဟာသူတို့ လှည်းလိမ့်မယ်။ သမီးသွားသွားမလှည်းနဲ့။ သမီးပဲပင်ပန်းလိမ့်မယ်။ သမီးလှည်းပေးလည်း သူတို့က ကျေးဇူးတင်တယ်တောင် တစ်ခွန်းဟချင်ကြတာမှ မဟုတ်ဘဲသမီးရယ် အပင်ပန်းခံလို့"

ကျွန်မသမီးက သူ့ကိုယ်သူမသနားတတ်တော့ ကျွန်မကပဲ ပြောပြောပေးနေရတယ်။ ကြည့်ပါလား။ ခုလည်း သူများခြံဘက်ထိ တံမြက်စည်းသွားလှည်းပြန်ပြီ။ ကျွန်မကတော့ သမီးလေးကို တော်ရုံဆိုမခိုင်းရက်။ ခုတောင် ကျောင်းပိတ်ရက်မို့ ခြံတံမြက်စည်းလေး ခဏလှည်းခိုင်းထားတာ။ မခိုင်းရက်ဆို ကလေးက ကျူရှင်တစ်ဖက်၊ ကျောင်းတစ်ဖက်နဲ့ ဘယ်မှာအလုပ်လုပ်ချိန်ရှိလို့လဲ။ ရှစ်တန်းရောက်ပြီမို့ အစိုးရစစ်စာမေးပွဲအတွက် လုံးပန်းရဦးမှာ။ အဆင့် (၁) ကလည်း ကျလို့မဖြစ်သေး။ ဒီတော့ သူများခြံမပြောနဲ့ ဖြစ်နိုင်ရင် ကျွန်မတို့ခြံတောင် မလှည်းစေချင်ဘူး။ သမီးလေးက သိတတ်လို့သာ။ ကျွန်မခုလိုပြောတော့ သမီးလေးက ဘာပြန်ပြောတယ်မှတ်လဲ။ သူပြောလိုက်တဲ့စကားကြောင့် ကျွန်မတောင် ဘာပြန်ပြောရမှန်းမသိ ဆွံ့အသွားရတယ်။

"မဟုတ်တာဘဲ မေမေရယ်။ မေမေပဲ သမီးကို ပြောဖူးတယ်လေ။ ကိုယ့်ပြုတဲ့ကံ ကိုယ့်ထံပြန်လာတယ်ဆို။ ခုလည်း သမီးက သူတို့ဆီက ကျေးဇူးတင်စကားကြားချင်လို့ သူတို့ကို ကူညီတာမှမဟုတ်ဘဲ။ သမီးပြုတဲ့ကောင်းမှုကြောင့် တစ်ချိန်ချိန်တော့ သမီးတို့အကျိုးတူပြန်ခံစားရမှာပေါ့ မေမေရဲ့။ ပြီးတော့ ဘကြီးတုတ်က တစ်ခါပြောဖူးတယ်။ ကုသိုလ်ကောင်းမှုဆိုတာ နေ့ရွှေ့ညရွှေ့ မကောင်းဘူးတဲ့။ ကိုယ်လုပ်နိုင်တုန်းအချိန်၊ လုပ်ချင်စိတ်ရှိတုန်းလေး လုပ်ထားရမယ်တဲ့ မေမေ"

ကေသီတစ်ယောက် စိတ်အားထက်ထက်သန်သန် ပြောနေလိုက်တာများ ကျွန်မဖြင့် ကျွန်မသမီးလေးကေသီမှ ဟုတ်ရဲ့လားလို့တောင်ထင်မိတယ်။

ဒါပေမယ့်လည်းလေ ဒါပေမယ့်လည်း။ သမီးခုလုပ်နေတာကိုတော့ ကျွန်မသိပ်သဘောမကျ။ သူ့အပြောအရဆိုဖြစ်သင့်တယ်ထင်ရပေမယ့် စာမေးပွဲလည်းနီးပြီမို့ စာကျက်ဖို့ကိစ္စက ပိုဖြစ်သင့်တယ်မဟုတ်လား။ ကျွန်မကတော့ သမီးလေးကို စာတော်စေချင်တာပဲသိတယ်။ စာတော်မှ သူ့ဘဝလေးလှမှာကိုး။ ဒါကြောင့် ကျွန်မ သမီးစကားကို ဖြတ်ပြောဖို့ ကြိုးစားလိုက်သည်။

"ဒါပေမယ့် ညည်းဟာက"

ကျွန်မစကားတစ်ဖြတ်ပင်မဆုံးသေး။ သမီးလေး သူ့အာရုံနဲ့သူရှိသည်မို့ ကျွန်မစကားဖြတ်ပြောသည်ကို သတိပင် ထားမိသည်မတူ။ သူအရှိန်နဲ့သူ ဆက်ပြောနေလေသည်။ ဒါနဲ့ကျွန်မလည်း သူပြောပါစေတော့ သူ့စကားဆုံးမှပဲပြောတော့မယ်ဆိုပြီး သမီးအသံအေးအေးလေးကို နားထောင်နေမိတော့တယ်။

"ပြီးတော့ ဘကြီးတုတ်က ပြောသေးတယ် မေမေ" ပြောနေရင်း ကျွန်မမျက်နှာကို သူလှမ်းကြည့်တော့ သမီးလေးကို ကျွန်မ အလှဆုံးပြုံးပြလိုက်သည်။ မေမေနားထောင်နေတယ် သမီး။ ဆက်ပြောလေ ဆိုတဲ့သဘောပေါ့။ "ကုသိုလ်ကောင်းမှုလုပ်တယ်ဆိုတာ အများအကျိုးပြုခြင်း၊ ပရဟိတလုပ်ခြင်းတစ်မျိုးပဲတဲ့။ သမီးငယ်ငယ်ကတည်းက ဘကြီးတုတ်တို့ ဖေဖေတို့ပြောပြောနေတဲ့ အဲဒီ ပရဟိတဆိုတာကြီး လုပ်ချင်ခဲ့တာ။ ခုလို ဘကြီးတုတ်ပြောပြမှ သမီးလည်း သြော် ဒီလိုတံမြက်စည်းလှည်းပေးတာတို့၊ ဖေဖေတို့လို ရပ်ကွက်လမ်းခင်းပေးတာတို့၊ အိမ်ရှေ့အိမ်က ဘွားဘွားကြီးဈေးကပြန်လာရင် မေမေ့ကို သမီးသွားကြိုသလို သွားကြိုတာတို့လုပ်ပေးပြီး သမီးလုပ်အားနဲ့ သမီးတတ်နိုင်တဲ့ဘက်က ပရဟိတဆိုတာကြီးလုပ်ခွင့်ရပြီ မေမေ"

သြော် အစ်ကိုတုတ် အစ်ကိုတုတ်။ ကျွန်မ မသိလိုက်တုန်း သမီးကေသီလေးကို ဘယ်လိုများဩဝါဒတွေ ချွေလိုက်သည်မသိ။ ခုများတော့ သမီးလေးက သူ့ဘကြီးနဲ့ တစ်ပုံစံတည်းဖြစ်လာပြီ။ တစ်နေ့တစ်နေ့ ကျွန်မလည်း အိမ်မှုကိစ္စတွေ၊ ဈေးဆိုင်ကိစ္စတွေနဲ့ နပန်းလုံးနေရာက ကျွန်မသမီးလေးလည်း အရွယ်ရောက်လာခဲ့ပြီကိုး။ အဖေဖြစ်သူကလည်း အဝေးတစ်နေရာမှာ တာဝန်ထမ်းဆောင်နေရတဲ့ အစိုးရဝန်ထမ်းမို့ သမီးလေးခမျာ အချိန်ယူပြီး သေချာဆုံးမပေးမယ့်သူမရှိခဲ့။ မရှိခဲ့သည်တကား။

ကျွန်မ အတွေးတွေထဲမျောနေရာမှ သမီးလေး၏ ချစ်စဖွယ်အမူအရာနှင့် နားဝင်ချိုတဲ့စကားလုံးများ ကျွန်မရှေ့ကို ပြန်ရောက်လာသည်။

"မေမေလည်း ပရဟိတလုပ်ကြည့်ပါလား။ ဒီလိုလုပ်ပါလား။ ဒီတစ်ခါဖေဖေပြန်လာရင် သမီးတို့မိသားစု ဘုရားသွားပြီး ရင်ပြင်ပေါ်မှာ တံမြက်စည်းသွားလှည်းရအောင်လေ။ ဘုရားပန်းကပ်တာတို့၊ သောက်တော်ရေခွက်ဆေးတာတို့ဖြစ်ဖြစ်၊ တခြားဘုရားဖူးတဲ့သူတွေ လိုအပ်တာတွေ ဖြစ်ဖြစ် လုပ်ပေးလို့လည်းရသေးတယ်။ နော် မေမေနော်။ သမီးတို့သွားရင် ဘကြီးတုတ်ကိုပါခေါ်သွားမယ်လေ"

သြော် အစ်ကိုကျော် ပြန်မလာတာတောင် သုံးလပြည့်တော့မှာပဲ။ သမီးလေးပြောမှ ကျွန်မတို့မိသားစုအတူတူ ဘုရားသွားကျောင်းတက်မလုပ်ဖြစ်တာ၊ အလှူအတန်း မလုပ်ဖြစ်တာလည်းကြာပေါ့လို့ သတိထားမိတော့တယ်။

သမီးလေးလည်း ဘယ်ကတည်းက ပြောချင်ခဲ့သည်မသိ။ ဒီစကားတို့ကို ဘယ်ကတည်းကပြောချင်ခဲ့သည်မသိ။ ကျွန်မလည်း သမီးပြောစကားတို့ကို ဘယ်ချိန်ကတည်းက အချိန်ပေးပြီး သေချာနားမထောင်ပေးခဲ့မိသည်မသိ။ ကျွန်မ မသိခဲ့ပါ။ ကျွန်မသိခဲ့သည်က ကျွန်မနဲ့အစ်ကိုကျော် ပိုက်ဆံများများရှာနိုင်ဖို့နဲ့ သမီးကေသီ ကျောင်းမှာ အမှတ်များများရဖို့။ အစ်ကိုတုတ်လည်း ကျွန်မကိုခဏခဏ သတိပေးခဲ့သားပဲ။ သမီးလေးကို အချိန်ပေးဖို့၊ သမီးစကားကိုလည်း တလေးတစားနားထောင်ပေးဖို့ ကျွန်မကိုပြောပြောနေခဲ့သားပဲ။ ခုမှ ဘာလို့ကျွန်မအသိတရားရသည်မသိ။

"နော် မေမေ နော်။ သမီးတို့သွားကြမယ်နော်။ နောက်ပြီး မေမေ့မွေးနေ့ရောက်ရင်လည်း အိမ်နီးနားချင်းတွေကို မုန့်ဝေကြမယ်နော်မေမေ။ သမီးတို့ကျောင်းက ဆရာမက ပြောတယ် မေမေ။ အိမ်နီးနားချင်းဆိုတာ ကိုယ့်မှာ အရေးကိစ္စတစ်စုံတစ်ရာကြုံလာရင် ကူညီပေးနိုင်မယ့်သူတဲ့။ ဒါကြောင့် အိမ်နီးနားချင်းတွေကိုလည်း ကိုယ်ကကူညီပေးဖို့ အသင့်ဖြစ်နေရမယ်တဲ့။ ခုလည်း သူတို့ခြံမှာ အမှိုက်တွေများပြီး လှည်းဖို့လည်း မအားသေးတော့ သမီးကူညီလိုက်တဲ့သဘောပါပဲ။ သမီး. . ."

သမီးစကားမဆုံးခင်မှာပင် ကျွန်မသမီးကို လှမ်းဖက်လိုက်သည်။ ရင်ထဲမှာတော့ ဗလုံးဗထွေးနှင့်။ ကျွန်မ ဘာမှဆက်မတွေးနိုင်တော့။ တွေးဖို့လည်း အားမရှိတော့။ လောလောဆယ် ကျွန်မအတွေးထဲမှာ တစ်မျိုးပဲရှိတော့သည်။ ဒါက ကေသီလေးကို ကျေးဇူးတင်မိတဲ့စိတ်။ ကျွန်မအချိန်များများမပေးနိုင်ခဲ့ပေမယ့် သမီးလေးခုလို ကောင်းကောင်းမွန်မွန်ကြီးပြင်းလာပေးတဲ့အတွက် ကျေးဇူးတင်တဲ့စိတ်။ သမီးလေးစကားကို မေမေသေသေချာချာ နားထောင်ဖို့မကြိုးစားခဲ့ပေမယ့် သမီးကတော့ သမီးပြောချင်တာကို မေမေ သေသေချာချာနားထောင်သည်အထိ ကြိုးကြိုးစားစားပြောပေးခဲ့တဲ့အတွက် သမီးလေးကို ကျေးဇူးတင်မိတဲ့စိတ်။ ဒီစိတ်တစ်မျိုးတည်းသာ မေမေ့ခေါင်းထဲမှာ၊ မေမေ့နှလုံးသားထဲမှာရှိနေတော့တယ် သမီးရယ်။ ။

## လက်ခုပ်သံများ

"ပရိသတ်ကြီး
အပန်းမကြီးရင်
လက်ခုပ်သံလေးတွေ ကြားချင်ပါတယ်"
ပရိသတ်လက်ခုပ်ကို
တမင်တောင်းယူရတဲ့အဖြစ်
သိပ်စိတ်ညစ်တယ်။
"လက်ခုပ်သံလေးတွေနဲ့
အားပေးလိုက်ရအောင်လားရှင်"
စင်ပေါ်ကနမ
လက်ခုပ်သံကို
အလှူခံသလို တောင်းယူရတဲ့အဖြစ်
သိပ်စိတ်ညစ်တယ်။
ဟောလက်စ စကား ခဏနားပြီး
ပရိသတ်လက်ခုပ်ကို
ငံ့လင့်တဲ့စာရေးဆရာအဖြစ်
သိပ်စိတ်ညစ်တယ်။
ပရိသတ်လက်ထဲက
တဖြောင်းဖြောင်းလက်ခုပ်သံတွေရဖို့
ငရဲအကြီးခံ အပါယ်အကျခံ
ဘဝအနစ်မွန်းခံပြီး
ဘုရား တရား သံဃာ
လူကြီးသူမ မကျန်
ဟီးရိုးမာန်အပြည့်နဲ့
နင်ပဲငဆပြော
စင်မြင့်ထက်က စာဟောဆရာရဲ့အဖြစ်
သိပ်စိတ်ညစ်တယ်။
လက်ခုပ်သံတွေနဲ့ အားပေးချီးမြှောက်
ဘကြီးတစ်ယောက်အား မကြိုက်ဘဲနဲ့များ
ဘာလို့တီးပြီးအားပေးသလဲ
အမေးရှိစဉ်
ငရဲမကြောက် ဘာမကြောက်နဲ့
ပြောရဲတဲ့အဲဒီတစ်ယောက်ကို
ပြောရဲလေခြင်းဆိုပြီး
စိတ်ချဉ်ပေါက်ကာ
လက်ခုပ်တီးပေးလိုက်တဲ့အဖြစ်
သိပ်စိတ်ညစ်တယ်။
စိတ်ရင်းအမှန် လုပ်ရပ်အမှန်နဲ့
စေတနာသာပြဋ္ဌာန်း
ကိုယ့်လမ်းကြောင်းသာ တည့်မတ်မှန်စေ
လက်ခုပ်သံတွေက
မတောင်းဆိုရပါဘဲ
သူ့အလိုလို တီးလိုက်ကြမယ့်ဖြစ်ခြင်း
ရှန်းရှန်းကိုဝေလို့။

**ဆလ်ားအလကၠာ**

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# အလုမြေပြင်မှာ အတ္တပင်တွေမပျိုးစတမ်း

သက်နိုင်ထွန်း (M.Ed.)
နည်းပြ၊ စစ်ကိုင်းပညာရေးကောလိပ်၊ စစ်ကိုင်းမြို့။

ဆောင်းရာသီရဲ့ နှင်းတွေဝေနေသော တစ်ခုသော နံနက်ခင်းမှာပေါ့။ ကျောင်းပြန်ဖွင့်လို့ ကျောင်းကိုပြန်အလာ ရွှေဘို-မန္တလေး ကားလမ်းမကြီးပေါ်မှာလေ။ ဟေမန္တရဲ့နှင်းစက်တွေကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းအေးနေပေမယ့် ကျွန်တော့်ရင်တွင်းမှာတော့ ဒေါသဖြစ်ခြင်း၊ စိုးရိမ်ခြင်း၊ ပူပန်ခြင်းတွေနဲ့ ခံစားမှုရသအစုံဟာ လူးလာကူးခတ်နေလေ၏။

ကားထဲမှာ ခရီးသည်က အတော်အသင့် ပါလာပါသည်။ သို့သော် ကားဆရာကတော့ ရွှေဘိုကားကွင်းမှာ တစ်ခါ လှတောမှာတစ်လှည့် ခရီးသည်စောင့်ရင်း ကားကို ရပ်နားထားသည်။ တော်တော်နှင့်တော့ မထွက်သေး။ သူရပ်နားထားသော အချိန်တို့ကို ပြန်ပြီးအဖတ်ဆယ်ရန် အလို့ငှာ ယာဉ်အသွားအလာရှင်းသော လမ်းမတစ်ကြောတွင်တော့ စောစောက ကျွန်တော်ပြောသလို စိုးရိမ်ခြင်း၊ ပူပန်ခြင်းတို့ဖြစ်အောင် ကျည်ဆန်ရထားသို့နှယ် မောင်းနှင်ပါတော့သည်။ အကွေ့ပါမချန်။ အရှိန်ကမလျှော့။ ကျွန်တော့်မှာ ရပ်နားထားသော အချိန်ကဖြစ်ပေါ်ခဲ့သော အိပ်ချင်စိတ်များ ဘယ်ထွက်ပြေးသွားသည်မသိ။ ရသမျှ တရားစာများကိုသာ တဖွဖွရွတ်ရင်း နှုတ်မှ ဘုရားတနေရသည်။

ဘုရားတ၍ လိုက်ပါစီးနင်းရင်း ဖတ်ခဲ့ဖူးသော ဆရာမောင်သာချို၏ "တိုကျိုမြို့၌ မြို့ပတ်ရထားစီးခြင်း" ဟူသော ဆောင်းပါးတစ်ပိုင်းတစ်စလေးက အတွေးထဲရောက်လာသည်။ တိုကျိုမြို့ကြီးတွင် မြို့ပတ်ရထားများက သုံးမိနစ်ကို တစ်စင်းနှုန်းဖြင့် ဘူတာရုံများရှိရာသို့ ဝင်ရောက်ခုတ်မောင်းလျက်ရှိသည်။ ရထားတစ်စင်းလွတ်သွားလျှင် နောက်တစ်စင်းကို အကြာကြီးစောင့်နေဖို့မလို။ မနက်မိုးမလင်းမီကတည်းက သုံးမိနစ်တစ်စင်းနှုန်းဖြင့် ခုတ်မောင်းဝင်ထွက်လျက်ရှိသည်။ အကယ်၍ သုံးမိနစ်ပိုခဲ့သော် သို့မဟုတ် လိုခဲ့သော် ရထားတွဲတိုင်း၌ ရထားနှင့် ပတ်သက်၍ သတင်းပေးရန်တပ်ဆင်ထားသော အရုပ်နှင့် အသံစနစ်မှနေ၍ ခရီးသွားပြည်သူလူထုကို အဘယ်ကြောင့် မောင်းနှင်ချိန်တစ်မိနစ်တိတိနောက်ကျသွားရပါကြောင်း စသည်ဖြင့် ရှင်းလင်းပြပြီး တောင်းပန်ပါသည်တဲ့။

နောက် ဆရာမောင်သာချိုဆက်ရေးထားသော အကြောင်းအရာလေးကလည်း အတုယူဖွယ်ကောင်းပါသည်။ ရထားပေါ်မှာ မသန်စွမ်းခရီးသည်တစ်ယောက် ဘက်ထရီဖြင့်မောင်းနှင်သည့် ဘီးတပ်ကုလားထိုင်နှင့် ရထားတွဲပေါ်ပါလာသည်။ သူဆင်းမည့် ဘူတာရုံသို့ ဖုန်းလှမ်းဆက်ထားလျှင် ရထားရပ်သည်နှင့် မီးရထားဝန်ထမ်းနှစ်ယောက်က ရထားနှင့်ပလက်ဖောင်းကြားရှိ တစ်လက်မလောက်ကွာနေသည့် အဟာကို တံတားကလေးထိုးပေးထားပြီး ထိုပုဂ္ဂိုလ်အဆင်ပြေအောင်လုပ်ပေးဖို့ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေခဲ့ကြကြောင်း ဆရာက ရေးပြထားပါသည်။

အတုယူစရာကောင်းလှပါသည်။ လူကို လူလိုတန်ဖိုးထား ဆက်ဆံသော နိုင်ငံကြီးသားစိတ်ဓာတ်များကို ကျွန်တော်တို့နိုင်ငံတွင် ထုံကူးပေးချင်လိုက်တာ။ ကျွန်တော်တို့နိုင်ငံသည်လည်း မြန်မာ့စိတ်ရင်း မြန်မာ့စိတ်ထားဖြင့် ကူညီခဲ့သော အလှတရားများရှိပါသည်။ သို့သော် သည်ဘက်နောက်ပိုင်းတွင်တော့ အားနည်းလာသည်။ ကားတစ်စီးထိုးရပ်လိုက်လျှင် ဝိုင်းအုံခဲလာသော အငှားယာဉ်သမားများကြောင့် ခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်ရသည်များ၊ လူတွေကျပ်တည်းသိပ်သည်းစွာ လိုက်ပါလာလင့်ကစား ထပ်၍ခြစ်ခြုတ်ထည့်နေသော ယာဉ်များ၊ အချိန်လင့်နေပါသော်လည်း မထွက်နိုင်သေးသော ယာဉ်များ အစရှိသဖြင့် တွေ့နေမြင်နေရပါသည်။ သမုဒ္ဒရာဝမ်းတစ်ထွာဆိုသည့်အတိုင်း သူတို့လည်း သူတို့စားဝတ်နေရေး သားရေးသမီးရေးအတွက် ဒါတွေကို သိသိနှင့် ဖြေရှင်းနေရတာလည်းရှိမည်။ ဒါတွေသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်လည်း ဆိုင်ပါသည်။ တစ်ဖန် စီးပွားရေး၊ နိုင်ငံရေးတို့သည်လည်း ပညာရေးဖြင့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆက်စပ်နေပါသည်။ ကျွန်တော်တို့၏ ပညာရေး သင်ရိုးညွှန်းတမ်းတွင် စာမေးပွဲကို ရှေ့တန်းတင်လွန်း၍ အရာရာအလွတ်ကျက်သည့်စနစ်မှ စဉ်းစားတွေးခေါ်မြော်မြင်နိုင်သော၊ တီထွင်ဖန်တီးနိုင်သော၊ ကိုယ်ချင်းစာတရားများ ထွန်းကားသော၊ လူအချင်းချင်း တန်ဖိုးထားလေးစားသော ခေတ်ကောင်းစနစ်ကောင်းဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါစို့။ အတ္တလောဘများ ကိုယ်ကျိုးစီးပွားသက်သက်ရှာမှုများ ဘယ်သူသေသေ ငတေမာ စိတ်ဓာတ်များကျဆုံးပြီး ကိုယ်ချင်းစာနာမှုများ၊ တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံမှုစိတ်ထားများဖြင့် အလှမြေပြင်မှာ အတ္တပင် တွေ ရိတ်သိမ်းကြရအောင်လား။ ။

# အဆိပ်ကျွေး၍ ချစ်ကြသည်

အေးမြတ်မြတ်ဖြိုး (ကံမ)

လောကကြီးမှာ အချစ်တွေအများကြီး။ မိဘနဲ့ သားသမီးရဲ့ အချစ်။ ဆရာ တပည့် အချစ်။ ဇနီးမောင်နှံတွေရဲ့ အချစ်။ ချစ်သူရည်းစားတွေရဲ့အချစ်။ မိတ်ဆွေ သူငယ်ချင်း အချစ်။ အို ပြောလို့ဆုံးမယ်မထင်ပါဘူးလေ။

ဒါပေမယ့် အချစ်တွေဘယ်လောက်များများ မိဘက သားသမီးအပေါ်ထားတဲ့အချစ်ကိုတော့ ကျန်တဲ့အချစ်တွေက နည်းနည်းလေးမှမမီနိုင်ပါဘူး။ သားသမီးကို မချစ်တဲ့မိဘဆိုတာ ရှာမှရှားပါ။ မိဘဆိုတာ ကိုယ့်သားသမီးအတွက်ဆို ဘာလိုလို မငြိုမငြင် အနစ်နာခံပေးဆပ်နိုင်သူတွေပဲမဟုတ်လား။

ဗိမ္ဗိသာရမင်းကြီးကလည်း သူ့သား အဇာတသတ်ရဲ့ ခူနာကပြည်ပုပ်ကို မရွံမရှာစုပ်ငုံမြိုချရင်း ချစ်ပြခဲ့တယ်။ ဘုရားလောင်း ဝေဿန္တရာမင်းကြီးကတောင် ဇာလီနဲ့ ကဏှာဇိန်အတွက် သောကတွေများလို့ ခဏှာတာ သတိလက်လွတ်ကာ ဇူဇကာပုဏ္ဏားကိုပစ်ခွင်းဖို့ လေးတော်ကို ဆွဲမိသေးတယ်လေ။ ပြီးတော့ သားသမီးအတွက် ရင်ကွဲရလို့ သေမတတ်ဖြစ်ခဲ့ရတဲ့ မဒ္ဒီဒေဝီ။ သူ့သားတော်မောင် လူသတ်သမား အင်္ဂုလိမာလကြီးကို ဘုရင့်ရဲမက်တွေ ဖမ်းမှာစိုးပြီး မကြောက်မရွံ့သတင်းသွားပေးခဲ့တဲ့ မိခင်ပုဏ္ဏေးမကြီး။

ညွှန့်မေ မင်းကတော်ဖြစ်ဖို့ ဘူးသီးကြော် သရဏံဂစ္ဆာမိနဲ့ အနစ်နာခံချစ်ခဲ့တဲ့ သူဆင်းရဲမကြီး ဒေါ်ခင်။ ရာဇဝင်မှာစာတင်ရလောက်အောင် သားသမီးကို ချစ်ပြခဲ့တဲ့ သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက်က မိဘတွေ။ ခုခေတ် မိဘတွေကရော။ ချစ်ကြတာပေါ့ သူတို့သားသမီးလေးတွေကို။ ဒါပေမယ့် ကိုယ့်သားသမီးကို ချစ်တယ်ဆိုပြီး အရွယ်ရောက်တာနဲ့ ကျောင်းကောင်းကောင်းမှာထား။ ကျူရှင်တွေ ဂိုက်တွေနဲ့ဖိ။ အဝတ်အစား၊ အစားအသောက်၊ အသုံးအဆောင် အစစမညှိုးငယ်ရအောင် ဖြည့်ဆည်းပေးနိုင်ရုံနဲ့ ချစ်တယ်မခေါ်နိုင်သေးပါဘူး။

ကိုယ့်ကလေးဟာ လူကိုလူလိုမြင်တတ်ပြီး အများနဲ့ ညှိယူပေါင်းသင်းတတ်ရဲ့လား။ ကိုယ်ကျင့်တရားကို တန်ဖိုးထားတတ်ရဲ့လား။ ကိုယ်ချင်းစာနာတတ်ရဲ့လား။ စိတ်ဓာတ်ကောင်း စည်းကမ်းရှိသူဟုတ်ရဲ့လား။ အများအကျိုးအတွက် ဆောင်ရွက်လိုတဲ့စိတ်ရှိရဲ့လား။ ဒါတွေကို မိဘတွေ အလေးထားအကဲခတ်သင့်ပါတယ်။

မိမိရဲ့ကလေး လမ်းမှားရောက်နေရင် အချိန်မီ ပြုပြင်မယ်။ လမ်းမှန်ပေါ်မှာဆိုရင် ဆက်ပြီးထိန်းသိမ်းစောင့်ရှောက်မယ်။ ဒီလိုမဟုတ်ဘဲ ပူဆာတာဝယ်ပေးရုံနဲ့ မိဘတာဝန်ကျေပြီထင်ခဲ့ရင်တော့ အမှားကြီးမှားပါလိမ့်မယ်။ သူတို့ပူဆာလို့ ကိုယ်ဝယ်ပေးလိုက်တဲ့အထဲမှာ နုနယ်ငယ်ရွယ်တဲ့ဦးနှောက်နဲ့ နှလုံးသားလေးတွေကို အဆိပ်အတောက်ဖြစ်စေတဲ့အရာတွေပါသွားသလား။ မိဘတွေ ဆန်းစစ်ဖို့လိုပါမယ်။

အနီးစပ်ဆုံးဥပမာပြရရင် လက်ကိုင်ဖုန်းပေါ့။ခုခေတ်ကလေးတွေ ပေါက်စနီးပေါက်စနလေးကအစ လက်ကိုင်ဖုန်းကိုယ်စီနဲ့လေ။

မိဘတွေကလည်း သူ့သားသမီးက သုံးတာမြင်ရင် ငါ့သားသမီးလည်း သုံးပါစေဆိုပြီး ပူဆာရင် မဆင်မခြင် ဝယ်ပေးတော့တာကိုး။ မိဘတွေကို အကြံပြုချင်ပါတယ်။ ကိုယ့်သားသမီးက တက္ကသိုလ်တက်ရပြီဆိုရင်တော့ ဝယ်

လက်ကိုင်ဖုန်းအပေါ်စွဲလမ်းလွန်းတဲ့ ကလေးဟာ ကျောင်းစာအပေါ် အာရုံစူးစိုက်မှု လုံးဝလျော့ကျသွားမှာ ဖြစ်သလို ကျောင်းပြန်၊ မိဘကူ ဆိုတာမျိုးဖြစ်လာဖို့ကတော့ မိဘတွေ အိပ်မက်တောင် မမက်ပါနဲ့တော့ရှင်။

ပေးပါ။ ၁၀ တန်းမအောင်သေးတဲ့ ကလေးတွေကိုတော့ ဝယ်မပေးစေချင်ပါဘူး။ တကယ်လို့ ဝယ်ပေးခဲ့ရင်တောင် ကျောင်းတက်ရက်တွေမှာ မသုံးရဘူး။ အားလပ်ချိန်မှာပဲ သုံးရမယ်။ ဒါပေမယ့် သုံးချိန်ကိုလည်း ကန့်သတ်မယ်ဆိုတာမျိုးနဲ့ ထိန်းချုပ်ပေးသင့်ပါတယ်။ တကယ်တော့ ဘယ်အရာမဆို သုံးတတ်ရင်ဆေး။ မသုံးတတ်ရင် ဘေးမဟုတ်လား။

ကျောင်းသင်ခန်းစာအတွက် အထောက်အကူရအောင် အင်တာနက်ကတစ်ဆင့် အချက်အလက်ရှာဖွေတာမျိုး။ ပြင်ပဗဟုသုတ စာပေလေးတွေဖတ်ရှုတာမျိုး။ အဲဒီလို အကျိုးရှိရှိသုံးတဲ့ ကျောင်းသားဟာမရှိဘူးလို့ မပြောနိုင်ပေမယ့် ရှိခဲ့ရင်တောင် ရာခိုင်နှုန်းအလွန်နည်းပါလိမ့်မယ်။ကလေးအများစုကတော့ ဝယ်ပေးပြီဆိုတာနဲ့သုံးပြီ ဖေ့စ်ဘွတ်၊ Viber၊ Bee talk … ဘာဘာညာညာတွေပေါ့။

လူမှုကွန်ရက်က သူတို့လိုကလေးလေးတွေမပြောနဲ့ စဉ်းစားဆင်ခြင်တတ်တဲ့ လူကြီးအရွယ်တွေတောင် မသုံးတတ်ရင် အန္တရာယ်ကြီးဆိုတာ အများသိပြီးသားပါ။

ကျောင်းသားအရွယ် လူမမယ်လေးတွေဟာ လူမှုကွန်ရက်ကတစ်ဆင့် အဆိပ်အတောက်ဖြစ်စေတဲ့ အပြောအဆို၊ အပြုအမူ၊ အမူအကျင့်တွေ အတုခိုးမှားခဲ့ရင် ယဉ်ကျေးလိမ္မာရမယ့်အရွယ်ဖြစ်ပါလျက် မိုက်မိုက်ရိုင်းရိုင်း ပြစ်မှုတွေကျူးလွန်သွားတတ်ကြပါတယ်။

ကိုယ့်ကလေး ဖုန်းတစ်လုံးနဲ့ငြိမ်နေရင် အပြောရသက်သာတယ်။ နေပါစေ။ ဂိမ်းကစားနေတာဖြစ်မှာပါဆိုပြီး လွှတ်မထားသင့်ပါဘူး။

ရည်းစားရနေတာလား။ လူပေါင်းမှားပြီး မကောင်းတဲ့ အတတ်တွေ တတ်နေတာလား။ ဘယ်ခြေလှမ်းကို လှမ်းနေတာလဲသိအောင်လုပ်ဖို့ လိုပါတယ်။ အဲလိုမှ မဟုတ်ရင်တော့ အပ်နဲ့ထွင်းရမယ့်ကိစ္စ ပုဆိန်နဲ့ ပေါက်ရမှာမျိုး အချိန်လွန်မှ ရင်နာရမှာပါပဲ။

အလယ်တန်းကျောင်းသားတစ်ယောက်က ကျောင်းကို ဖုန်းခိုးယူလာတယ်။ သူငယ်ချင်းတွေစုပြီး ခိုးကြည့်နေတုန်း ဆရာကမိလို့သိမ်းလာတဲ့အခါ လက်ကိုင်ဖုန်းထဲမှာ ညစ်ညမ်းကားတွေ အပြည့်ရှိနေတယ်ဆိုတာမျိုးရော ကြုံဖူးကြပါသလား။ သိပ်စိတ်ဆင်းရဲဖို့ ကောင်းပါတယ်။ လက်ကိုင်ဖုန်းကို မမှန်မကန်အသုံးချတာတွေကြောင့် အနာဂတ်ရဲ့ ခေါင်းဆောင်လောင်းလေးတွေ အဖူးအညွှန့်လေးတွေ တော်တော်များများ ပိုးကိုက်ခြတက်နေပြီ။ အဆိပ်မိနေပြီ။

ကလေးတွေအဖို့ မမှန်ကန်တဲ့နည်းလမ်းနဲ့ လက်ကိုင်ဖုန်းကို အလွန်အကျွံသုံးစွဲတာဟာ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် ကြောက်စရာကောင်းတဲ့ အနှောင့်အယှက်ဖြစ်သလို ကျန်းမာရေးဘက်ကကြည့်ရင်လည်း နုနယ်သေးတဲ့ မျက်လုံးအတွက်၊ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အန္တရာယ်ပါ။

လက်ကိုင်ဖုန်းအပေါ်စွဲလမ်းလွန်းတဲ့ ကလေးဟာ ကျောင်းစာအပေါ် အာရုံစူးစိုက်မှုလုံးဝလျော့ကျသွားမှာ ဖြစ်သလို ကျောင်းပြန်၊ မိဘကူဆိုတာမျိုး ဖြစ်လာဖို့ကတော့ မိဘတွေ အိပ်မက်တောင်မမက်ပါနဲ့တော့ရှင်။

ဒါကြောင့် ကျောင်းသားလူငယ်တွေရဲ့မိဘတွေကို မေတ္တာရှေ့ထားပြီး သတိပေးလိုက်ပါရစေ။ မိဘတွေအနေနဲ့ ချစ်လွန်းလို့ဆိုပြီး အာဟာရအဖြစ် ကျွေးလိုက်တဲ့အထဲမှာ ကိုယ့်ကလေးရဲ့စိတ်နှလုံးသားကို ရိုင်းစိုင်းယုတ်မာစေတဲ့ အဆိပ်အတောက်တွေ ပါနေပြီလားဆိုတာ မြန်မြန်ဆန်းစစ်ကြပါတော့။

ချစ်ရာမရောက် နှစ်ရာရောက်တဲ့ အလိုလိုက်မှုမျိုးနဲ့ မိဘမေတ္တာကို မပြကြပါနဲ့တော့။ ကိုယ့်သားသမီးကို ချစ်တော့ချစ်ကြပါ။ အဆိပ်လား။ အာဟာရလား။ မခွဲခြားနိုင်တဲ့အထိတော့ မျက်စိစုံမှိတ်မချစ်ကြပါနဲ့တော့လို့။ ။

## နှံ့မှာပေါက်သည့်ကြာ

တောကြိုအုံကြား ပေါက်ဖွား၍လာ
နံ့ချာဆင်းရဲ ကံမွဲမချမ်းသာ
ဒုက္ခစုံစွာ ရန်းကာကြီးပြင်း
မြနန်းကေသွယ် အလှမယ်
တောင်ကွယ်နေသို့ မလင်းသည်နှင့်လေး။
ပညာရည်ချင်း သတင်းရယ်မကျော်
မေးမှိန်ငုပ်လျှိုး တန်ဖိုးကင်းကာနော်
အလှမထင်ပေါ် ပြည်တော်လှမ်းဝေး
ပွင့်ချင်လျက်သာ ပွင့်ခက်ရှာ
နွေခါပန်းနယ် မှိုင်ငေးသည်နှင့်လေး။
သေချာပျိုးပေး နွေးထွေးမည်ဆိုလျှင်
ဖူးငုံတင့်ဆန်း ရွှေနန်းထိုက်မည်ပင်
လေးဝတော်ဝင် ဂုဏ်အင်္ဂါမျိုး
အပြောလည်းချို ရွှန်းရွှန်းစို
ပင်ကိုအနေ ရိုးသည်နှင့်လေး။
ကြမ္မာလွှမ်းမိုး ကံဆိုးပါသလေ
ရွှေမှန်ကင်းစစ် ထင်းဖြစ်ရရှာပေ
တောရပ်ဌာနေ မပြေနိမ့်ကျ
မြှောက်စားသူအမှန် ကင်းမဲ့ပြန်
နန်းဆန်အလှ
ကွယ်ရသည်နှင့်လေး။
သော်တာငွေလ ရွှန်းမြသာချိန်ဝယ်
ရွှေကြာပန်းလေး ဖွေးဖွေးလှပုံကြွယ်
သို့သော်လည်းကွယ် တင့်တယ်မရှိ
ရွံ့ညွန်ဗွက်အိုင် ဒိုက်ဖြိုင်ဖြိုင်
ကြိုင်လှိုင်ရနံ့ ကင်းဘိသည်နှင့်လေး။
ရင်မှာနာမိ မချိလှိုက်ကာဆူ
လှူနေတန်းစား ကွာခြားခြင်းရယ်မတူ
ဘဝနံ့သူ တမူရှုံးချက်
နံ့နစ်သည့် ကြာသို့နှယ်သာ
လှရှာပါလျက် ထင်ပေါ်ခက်သည်နှင့်လေး။
ဝေရက်မကြုံခင်မှာ ပြယ်ကာခြောက်ရသည်။
ရေပွက်ပုံပမာ ကွယ်ကာပျောက်ရသည်။

နေမိုးအိမ် (ရွှေရင်းမြေ)

မိုးညဖြူ (တွံတေး)

# မဝေဘဲကြွေ

တစ်မိုးနှောင်းလို့ တစ်ဆောင်းသစ်ခဲ့တဲ့ သုံးရာသီထဲက နှင်းစက်တွေနဲ့ ချမ်းဖော်ရတဲ့ညတစ်ညမှာ လမင်းကြီးရဲ့ ကြည်လင်နေမှုနဲ့ လရောင်ရဲ့ အေးမြခြင်းထဲ စီးမျောသွားတဲ့ခဏ စိတ်အစဉ်တို့သည် တဒင်္ဂအတွေးထဲ နစ်မျော၍ သွားခဲ့သည်။

ဆင်းရဲခြင်း။ ထိုစကားလုံးကို ရွတ်ဆိုမိတိုင်း မျက်ဝန်းမှ မျက်ရည်တို့သည် မိုးစက်တွေလိုကျလာမြဲ။ စိတ်တို့သည် အတိတ်သို့ပြန်တွေးရင်း နှင်းမြူအုံ့ဆိုင်းသလိုဝေလိုက်၊ ကြွေလိုက်နှင့် ငယ်ဘဝ၏ပုံရိပ်တို့ တရေးရေး မြင်ယောင်လို့လာခဲ့သည်။ ဒုတိယဘုရားသခင်နှင့် ကပ်ရောဂါတစ်ခုက မိသားစုတစ်စု ဒါမှမဟုတ် လူတစ်ယောက်ကို လောကကြီးထဲကနေ ဆွဲထုတ်သွားနိုင်ခဲ့သည်။

သူတို့၏ဆွဲငင်မှုထဲ ကျွန်မတို့ မိသားစုလေးက ခေါင်မိုးမလုံတဲ့အိမ်လေးတစ်လုံး ဖြစ်ခဲ့ရသည်။ နေညိုချိန်လိုဖြစ်ခဲ့ရသည့်ဘဝတွေက အများတကာ၏ ထိုးနှက်ခြင်းမှာ အလူးအလဲခံခဲ့ရ၏။

အစားထိုးမရသည့်ဆုံးရှုံးမှုကြီးထဲမှာ မိဘရယ်၊ အချိန်ရယ်၊ ငယ်ဘဝရယ်တဲ့။ အဖေဆိုတာ ပုခက်လွှဲသောလက် မဟုတ်ခဲ့ပေမယ့် ပုခက်ဆင်ပေးသောလက် ဖြစ်ခဲ့သည်။ သူရဲကောင်းအဖြည့်ခံ မေတ္တာကြီးမားသူလည်းဖြစ်သည်။ မိဘတို့နေရာ အခြားသူကိုရော ကျွန်မတို့ အစားထိုးလို့ရပါရဲ့လား။ ကုန်ဆုံးသွားသည့် အချိန်များကိုရော ဘာနှင့်ပေးဝယ် ပေးဝယ် ရရှိခဲ့ဖူးပါသလား။ ဖြတ်ကျော်လာသည့် သက္ကရာဇ်ဟောင်းတွေထဲ ပြန်လှန်ကြည့်တော့ ငယ်ဘဝဆိုတာကိုရော ပြန်တမ်းတလို့ ရပါရဲ့လား။ မရပါ။ လုံးဝမရရှိတော့ပါ။

ထိုအရာများအားလုံးကို ဘဝတစ်ခုတွင် တစ်ကြိမ်တစ်ခါသာ ခံစားရရှိသည်။ ထိုအခွင့်ထူးထဲတွင် မရဏမင်း၏ အလစ်အငိုက်ဖြတ်တိုက်ခြင်းနှင့် အောက်ဆီဂျင်ဖြတ်တောက်ခြင်းကြားမှာ အလူးအလဲခံစားရင်း မိသားစုတစ်စုလုံး ပြားပြားဝပ်ကာ ခံတပ်ကြီးတစ်ခုပြိုကျခဲ့ရသည်။

ဒီလိုနှင့် လောကခံကို အန်တုရင်း ငွေကြေးမပြည့်စုံသည့်ဘဝမှာ အရပ်တကာခြေတိုအောင် ပဲပြုတ်ရောင်းရင်းလည်း ဝမ်းရေးဖြေရှင်းခဲ့ရသည်။ အကြော်ဗန်းလေးခေါင်းပေါ်တင်ပြီးလည်း အပြေးအလွှားကျောင်းတက်ခဲ့ရဖူးသည်။

သူများတွေ အဖေခေါ်သည်ကို ကြားတိုင်းလည်း ခေါ်ချင်ခဲ့သည်။ ကျွန်မတို့မိသားစုက အစကတော့ လေးယောက်ရှိသည်။ အဖေရယ်၊ အမေရယ်၊ ကျွန်မရယ် မောင်လေးရယ်ပေါ့။ ငွေကြေးပြည့်စုံမှုမရှိပေမယ့် မိသားစုစိတ်ချမ်းသာမှုကိုတော့ အလုံအလောက်ရရှိခဲ့သည်။ ဒီလိုပျော်ရွှင်မှုများဖြင့်ဖန်တီးထားသည့် မိသားစုဘဝလေးကို မရဏမင်း၏ စေခိုင်းချက်ကြားမှာ အောက်ဆီဂျင် ဖြတ်တောက်ခြင်းခံခဲ့ရသည်။ မောင်လေး လူမှန်းသိတတ်စအရွယ်မရောက်ခင်မှာပင် အဖေဆုံးခဲ့ရသည်။ အများတကာလို ဖခင်နှင့်အတူမနေခဲ့ရရှာသည့် မောင်လေးက တစ်နေ့တော့ မေးခွန်းနှစ်ခုမေးခဲ့ဖူးသည်။

"မမ"

"ပြောလေ မောင်လေး"

"အဖေဆိုတာ ဘာကိုပြောတာလဲဟင်"

မောင်လေး၏မေးခွန်းအဆုံးမှာ စကားလုံးတို့ ဆွံ့အသွားခဲ့ကာ မျက်ရည်တို့ဝေါခနဲသွန်ကျခဲ့ရသည်။ အဖေ့မေတ္တာမရရှိခဲ့သည့် မောင်လေးက အဖေဆိုတာ ဘာကိုပြောတာလဲဟု မေးလာခဲ့ချေပြီ။

"မမ ဘာလို့ငိုတာလဲဟင်"

"ဘာမှမဖြစ်ပါဘူး မောင်လေးရယ်"

ဘာမှနားမလည်သေးသည့်အရွယ်ပေမယ့် ကျွန်မကိုတော့ သူချစ်ရှာပါသည်။

"ဒါဆို သားသားမေးတာဖြေလေ မမ"

ကျွန်မလည်း ကိုယ်နားလည်သလောက် ပြန်ဖြေခဲ့မိသည်။

"အဖေဆိုတာ မိသားတစ်စုလုံးရဲ့ ခံတပ်ကြီး။ ဥပမာပြောရရင် တိုက်ပွဲတစ်ခုမှာ ရှေ့ဆုံးကနေ ခေါင်းဆောင်တဲ့ သူရဲကောင်းကြီးပေါ့။ အားလုံးရှေ့ကနေ ပြဿနာပေါင်းများစွာကို ဖြေရှင်းပေးနေရသူ။ လူရယ်လို့ဖြစ်လာပြီဆိုရင် ကိုးလလွယ် ဆယ်လဖွားပေးခဲ့တာက အမေ။ ပုခက်လွှဲသော အမေ့ရဲ့လက်တစ်စုံကို အင်အားအပြည့်နဲ့ ဖြည့်ဆည်းပေးခဲ့တာက အဖေ။ အဲဒါကြောင့် လူတစ်ယောက် ချင်းစီတိုင်းမှာ အဖေရယ်၊ အမေရယ်ဆိုတာရှိတယ် မောင်လေး။ မမနဲ့ မောင်လေးတို့မှာ အများနည်းတူ အဖေဆိုတာ ရှိခဲ့ဖူးတယ်။ အဲလိုပဲမှတ်ထားပေး။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ မမ။ သားမှတ်ထားပါ့မယ်"

ကျွန်မနားလည်သလိုရှင်းပြမိသည့် အဖြေကိုတော့ အရွယ်နှင့်မလိုက်အောင် မောင်လေး လက်ခံလို့သွားခဲ့သည်။

"မေတ္တာတရားဆိုတာကရော မြူနှင်းတွေလို လွင့်ပြယ်တတ်လား မမ"

မောင်လေး မေးခွန်းတစ်ခုထပ်မေးပြီး အဆုံးမှာ ဘာမဆိုင်ညာမဆိုင် ကျွန်မပြန်ဖြေမိတာက "အဲဒီဆောင်းခိုငှက်လေးတွေကို မုန်းတယ်လို့" မောင်လေး ကျေနပ်သွားခဲ့သည်။

ဒီလိုနှင့် ကောင်းကင်က ကြယ်တစ်ပွင့် ဖျတ်ခနဲကြွေ အလွင့်မှာတော့ ဟိုးလွန်ခဲ့သော အတိတ်စာမျက်နှာတွေဆီ လက်ကရောက်သွားခဲ့သည်။ ပြန်လှန်ကြည့်မိသည့် စာတမ်းလေးက

"ပြန်မလာတော့ခြင်းနိယာမထဲမှာ ကျွန်မတို့ဘဝထဲက အဖေထွက်သွားခဲ့ပြီ"

စာကြောင်းလေးတွေကိုဖတ်ပြီး မျက်ရည်တို့ အလျှဉ်မပြတ် စီးဆင်းခဲ့ပြန်သည်။ ထိုစဉ်က ပတ်ဝန်းကျင်၏ စကားများကိုလည်း ခုပြောနေသလို နားထဲပြန်လည်ကြားယောင်လာပြန်သည်။

"သူတို့မိသားစုအတွက် လက်မောင်းတစ်ဖက် ပြုတ်သွားတာပေါ့တဲ့"

ကလေးအရွယ်ဆိုတော့ ကျွန်မနားမလည်ခဲ့ဘူး။ အမေကတော့ ကျွန်မတို့ မောင်နှမနှစ်ယောက်၏ ပဲ့ကိုင်ရှင်တစ်ဦးဖြစ်ခဲ့သည်။ ကုန်ဆုံးခဲ့သည့်နေ့ရက်များကို ပြန်တွေးတိုင်း လက်လှုပ်မှ ပါးစပ်လှုပ်ရသည့်ဘဝတွေက ခါးသီးလှ၏။

ကြယ်တစ်ပွင့်ကြွေတိုင်း ဆုတောင်းတစ်ခုပြည့်မည်ဆိုလျှင်ဖြင့် စည်းလွတ်ဝါးလွတ် ဆုတောင်းချင်သည်ကမိုးတိမ်ယံထိ ကြားနိုင်မည်ဆိုလျှင် ဒီဆောင်းတွေ နှင်းမစစ်တာကြာခဲ့ပြီဟု အကျယ်ကြီးအော်ကာ ဆုတောင်းချင်ခဲ့မိသည်။

ခဏတာအတွက် စိတ်တွေလွတ်သွားခဲ့ချင်မိ၏။ ကျွန်မလေ ကိုယ်တိုင်ရေးရာဇဝင်များ ရေးခွင့်ကြုံခဲ့ရင် အရင်ဆုံးရေးမိမှာက ခေါင်ရိပ်မလုံသည့် မိသားစုဘဝရယ်၊ ဖုန်းဆိုးမြေတောထဲ ပက်ကြဲမိတဲ့ မေတ္တာမျိုးစေ့တွေ ခြစားခံရသည့်အကြောင်းရယ်၊ အမေ့အိပ်မက်ထဲမှာ နှင်းတွေခါးခဲ့ကြောင်းရယ်ကို ရင်ဖွင့်စာများအဖြစ် ရေးမိမှာပဲဖြစ်သည်။ ခေါင်ရိပ်မလုံသည့် မိသားစုတိုင်းအတွက် ခွန်အားများအဖြစ် လမင်းကြီးနှင့်အတူ စိတ်တို့သည် နက္ခတ်တာရာတွေ အစုံအလင်နှင့် ကမ္ဘာမြေကြီးအပေါ် ဖြာကျပေးချင်နေမိခဲ့၏။

ခုတော့ဖြင့် သုံးရာသီ ညတွေတိုင်း ခေါင်ရိပ်မလုံသည့် ဒီမိသားစုလေးက ကောင်းကင်ကြီးထဲက ကြယ်လေးတွေကြွေသည်ကိုမော့ကြည့်ရင်း အမှောင်တစ်ဖက်ကျသွားသည့် လရောင်တစ်ခြမ်းကို ကျိတ်လွမ်းနေဆဲပါပဲ လောကမ်ကြီးရယ်။ ။



## ဖေ့စ်ဘွတ်နက္ခတ် ထိန်းရန်ခက်သော်

လူမျိုးပေါင်းစုံ ဖေ့စ်ဘွတ်ဘုံဝယ်
လောကအလယ် ကျင်လည်ပုံက
ဆန်းကြယ်လှဘိ။
စုံစီနဖာ ဖေ့စ်ဘွတ်ကမ္ဘာမှာ
ဖွေရှာပြန်တော့
ဟိုင်းသူက‥‥‥ဟိုင်း
ရိုင်းသူ‥‥‥ရိုင်းနှင့်
သမိုင်းဘယ်မည် ကောင်းလိမ့်မည်နည်း။
သူတင်တဲ့ပို့စ် ငါလိုက်(ခ်)လေမှ
ငါတင်တဲ့ပို့စ် သူပြန်လိုက်(ခ်)မည်
ထိုထိုတွေးတော့
စာပေသမား ဆရာများမှာ
တင်သည့်စာပေ လေမှာပျံ့လွင့်
အနှစ်ဘယ်မှာသင်ရမည်နည်း။
ချစ်ကြိုက်ခင်စကား မုန်းစကားတို့
လှည့်စားထွေပြား ထိုလေများတွင်
ငွေပင်ကုန်ခန်း အချိန်ပန်းပြီး
နောက်ဆုံးအမှန်း အဆုံးသတ်လိမ့်မည်။
ထိုလေဘုံထက် အဖြေစုံလျက်
ဝေဖန်ချက်တွေ များပြားလှသမို့
မလှဆဲရေး ကွန်မန့်ပေးသော်
အကျိုးဘယ်မှာ ရှိလိမ့်မည်နည်း။
အကယ်၍ကွယ်
ဖေ့စ်ဘွတ်နက္ခတ် ထိန်းဖို့ခက်သော်
ဖေ့စ်ဘွတ်မှာရှာ မြန်မာစာကို
မှန်ရာသင်တွေး မှန်ရာရေးလို့
မြန်မာစာလုံး မှန်ရာသုံးကာ
ကွီးနှင့်ညလေး စာပျက်အရေးကို
ဖေ့စ်ဘွတ်တို့ခေတ် အုပ်ချုပ်ခေတ်ဝယ်
အမှားကြာလျှင် အမှန်ဖြစ်မှာမို့
နောင်လာနောက်သား လူငယ်များတို့
အသုံးမတွင်ဖို့ ထိန်းချုပ်စို့နော်
မြန်မာစာပေ တို့စာပေ
မြန်မာစကား တို့အလေးထား
မြန်မာ့ယဉ်ကျေးမှု အစဉ်ရှေးရှု
ကမ္ဘည်းမှတ်စု တို့ပြုစုစို့။ ။

**ကန်ညီနောင်ရွှေဗျိုင်း(လယ်တွင်းသား)**

## မိုက်နောင်တ

ပိုက်ဆံတွေမီးရှို့ လို့
အဆိပ်ငွေ့တွေ ရှူရှိုက်
အသိတရားတွေ ပျောက်စေမယ့်
အဆိပ်ရည်တွေသောက်
အရက်ဦးဆိုတဲ့
မနက်ဖြန်ပေါင်းများစွာဟာ
မှုးယစ်စွာ မှောင် မိုက်
အခုတော့‥‥‥
အမေ့သားလူမိုက်
မိုက်နောင်တတွေနဲ့အတူ
လောကကြီးက ဒဏ်ခတ်
ဟိုး‥‥‥ ဆက်သွယ်မှုရေိယာပြင်ပက
သံတိုင်တွေကြားမှာ
ဆေးခါးကြီးတစ်ခွက်
နေ့တိုင်း သောက်နေရပြီလေ

**တက္ကသိုလ်ရွှေရိုး**

# ကိုယ်စီတာဝန်သိကြလျှင်

**စံဝင်းအောင် (မြန်အောင်)**

ကျွန်ုပ်သည် ငါးတန်းကျောင်းသားအရွယ် အသက်ဆယ်နှစ်ကျော်ကပင်စတင်၍ စီးကရက်ကို စမ်းသပ်သောက်ခဲ့ဖူးသည်။ မိဘ ဆရာသမားများအား ကြောက်သဖြင့် သူတို့မသိအောင် တိတ်တဆိတ်ခိုး၍သောက်သည်။ လက်ကြားတွင် စီးကရက်ညှပ်ထားရသည်က ဂုဏ်ယူဖွယ်ရာ စတိုင်တစ်ခုအဖြစ် ကြည်နူးကျေနပ်ခဲ့ဖူးလေသည်။

ဤသို့နှင့် မူးယစ်ထုံထိုင်းဆေးတစ်မျိုးဖြစ်သောဆေးလိပ်ကိုစွဲလမ်းစွာသောက်တတ်လာခဲ့ရင်း နှစ်ပေါင်းများစွာ ဖြတ်သန်းကျော်ဖြတ်လာခဲ့ရာ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်လောက်တွင် ဆေးလိပ်ဖြတ်ခဲ့သည်။ ရိုးရှင်းစွာဖြတ်ခဲ့ခြင်းတော့မဟုတ်။ ဆေးလိပ်အစား ကွမ်းစားခြင်းဖြင့် အစားထိုးပြောင်းလဲခြင်းမျှသာ။ ထိုအချိန်က ဆေးလိပ်မှ ဖြစ်ပေါ်လာသည့် အဆုတ်တီဘီရောဂါများ၊ နီကိုတင်းဓာတ်ပါရှိသောဆေးလိပ်ကို မီးရှို့ပြီးထွက်လာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်မီးခိုးငွေ့ကို မိမိ၏ အဆုတ်လေအိတ်လေးများထံသို့ တိုက်ရိုက်ပို့လွှတ်ရင်း ရရှိလာမည့် အဆုတ်ရောဂါများကိုကြောက်၍ ဖြတ်ခဲ့သော်လည်း ကွမ်းစားခြင်းဖြင့် အလုပ်ရှုပ်ခံ၊ အဝတ်အစား၊ ပတ်ဝန်းကျင်အလှအပများအား ကွမ်းသွေး (ကွမ်းတံတွေး)ဖြင့် ပေကျံညစ်ပတ်ခံ၍ အစားထိုးခဲ့ဖူးခြင်းဖြစ်လေသည်။ သို့သော် စကားအရပြောရခြင်းဖြစ်သော်လည်း ကျွန်တော်သည် ဘယ်သောအခါမှ စည်းကမ်းမဲ့ ကွမ်းသွေးမထွေးခဲ့ပါ။ ကွမ်းသွေးထွေးရန် အခက်အခဲရှိနိုင်သည့်နေရာမျိုးတွင် ကွမ်းမစားဘဲ အောင့်အည်းနေနိုင်ခဲ့သူပါ။

ဤသို့နှင့် ယခု ကွမ်းစားသက် တစ်ဆယ့်ခြောက်နှစ်အပြည့်တွင် ကျွန်ုပ်ချစ်သော ပြည်သူ့အစိုးရကို လေးစားတန်ဖိုးထား၍လည်းကောင်း၊ ကျွန်ုပ်ချစ်သော မြေးမကလေးတာတာ၏စကားကို နားထောင်ခြင်းအားဖြင့်လည်းကောင်း ကွမ်းစားခြင်းအမှုကို မည်သည့်မူးယစ်ဆေးနှင့်မျှ အစားမထိုးပါဘဲ ယတိပြတ် ဖြတ်လိုက်ပြီဖြစ်ပါသည်။ ကျွန်ုပ်ကဲ့သို့ပင် ပြောင်းလဲလိုကြသော နိုင်ငံသူနိုင်ငံသားအားလုံးတို့သည် မိမိတို့ကိုယ်တိုင် တစ်ဦးချင်းစိတ်ဓာတ်များရောအမူအကျင့်များပါ ပြောင်းလဲရန်လိုအပ်နေပြီဟု ယူဆမိပါသည်။

သို့သော် ကွမ်းဖြတ်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်အတွေ့အကြုံလေးတစ်ခု ပြောပြချင်ပါသည်။ ကျွန်ုပ်နှင့်အတူ ခရီးသွားသော ကားမောင်းသည့် ကားသမားလေး တစ်ဦးက ကျွန်ုပ်အတွက်ပါ ကွမ်းထုပ် ထုပ်လာကြောင်း ပြောရာ ကျွန်ုပ်က ကွမ်းဖြတ်ထားကြောင်း ပြောလိုက်သည်။ ထိုအခါ ကားဆရာလေးက ကွမ်းကိုဘာနှင့်ဖြတ်သလဲဟု မေးပါသည်။ ကျွန်ုပ်က စိတ်ဓာတ်နှင့်ဖြတ်ကြောင်း ပြောပြပါသည်။ ဟာ ကျွန်တော်တို့တော့ ဘယ်လိုမှဖြတ်မရဘူးပြောပြီး ကိုယ်က ကွမ်းတံတွေးကို စည်းကမ်းမရှိမထွေးရင်ပြီးတာပါပဲလေးလေးရာဟု ပြောပြန်ပါသည်။ ထိုစဉ် လမ်းဘေး ပလက်ဖောင်းအမှတ်အသား ဆေးရောင်လှလှလေးတွေ သုတ်ထားသောနေရာတွင် မည်သူတွေထွေးထားသောကွမ်းတံတွေးမှန်းမသိ ပေကျံညစ်ပတ်နေရာ ကျွန်ုပ်က မောင်ရင်အဲဒီအနားမှာနေပြီး ကွမ်းတံတွေး လုံးဝမထွေးဘဲ ကွမ်းစားနေချိန်မှာ တခြားသူတွေကမြင်ရင် ဘာပြောမလဲ။ မောင်ရင်မထွေးပါဘူးလို့ ဖြေရှင်းနိုင်ပါ့မလား။ မပြေးသော်ကံရာရှိဆိုတဲ့စကားလိုပေါ့။ အလိုလိုတရားခံဖြစ်သွားနိုင်တယ်။ ဦးလို ဒီအနားမှာရပ်နေပြီး လုံးဝကွမ်းစားမထားတဲ့သူဆိုရင် ဖြေရှင်းစရာတောင်မလိုဘူးပေါ့ကွာဟု ပြောပြမိလိုက်သည်။ သို့သော် ကားဆရာလေးက အားလုံးဖြတ်နိုင်ကြရင်တော့ ကောင်းပါတယ်။ မဖြတ်နိုင်ကြရင်လည်း စည်းကမ်းမရှိ မထွေးဖို့တော့ သတိထားသင့်တယ်ဟု ပြောပါသည်။ ဂျပန်လူမျိုးတို့သည် စစ်အပြီး နိုင်ငံသားအားလုံး ကိုယ်ပိုင်အသိစိတ်ဖြင့် လူတိုင်းကိုယ်စီပြောင်းလဲကြခြင်းကြောင့် ယခုကမ္ဘာပေါ်တွင် ထိပ်ဆုံးရောက်နေသော သာဓကရှိခဲ့ရာ ကျွန်ုပ်တို့အားလုံး အတုယူသင့်လှပေသည်။

ယခုအခါ ရန်ကုန်မြို့တော်ကြီးတစ်ခုလုံး သန့်ရှင်းလှပစေရန်ဆောင်ရွက်လျက်ရှိနေပေသည်။ ပြည်သူတစ်ရပ်လုံး ပါဝင်ကူညီရန်လိုအပ်လှ၏။

ပြောင်းလဲချိန်တန်ပြီဟူသောစကားသည် အလွန်လေးနက်တန်ဖိုးရှိသည်ဟုယူဆသော ကျွန်ုပ်အဖို့ ကိုယ်ကစ ပြောင်းလဲရမည်ဟူသော အသိစိတ်နှင့်အတူ လက်ရှိ နိုင်ငံတော်ကိုဦးဆောင်လျက်ရှိသူတို့အပေါ် လေးစားတန်ဖိုးထားခြင်းဖြင့် ကျွန်ုပ်ကိုယ်တိုင် ပြောင်းလဲခြင်းဖြစ်ပါကြောင်းနှင့် စစ်မှန်သောဒီမိုကရေစီကို လိုလားသူ ပြည်သူအများလည်း ပြောင်းလဲနိုင်ကြပါစေကြောင်း ဆုတောင်းမိပါတော့သည်။ ။

## ငါသူမင်း

○ တစ်ဦးနှင့်တစ်ယောက်
အကြောင်းကိုထောက်၍
နေ့တိုင်းပြောကြား လူ့စကားဝယ်
မသွေမလွဲ ပါစမြဲတည်း
နှုတ်ထွက်ဆိုခင်း ငါသူမင်း။

○ ဆွေးနွေးနောနီး အကြောင်းကြီးနှင့်
ကြောင်းငယ်ကိစ္စ အဝဝတွင်
သက်မျှရှယ်တူ ကြီးငယ်လူတို့
ပြောခေါ်ဆိုခင်း ငါသူမင်း။

○ ငါကဆိုသည်
ငါမပါသမျှ ကြောင်းကိစ္စဝယ်
ဘယ်ခါမပြီး အကြောင်းကြီးငယ်
ကိစ္စသွယ်ကို ငါလေကြံမှ
အောင်မြင်ရဟု
ထင်မြင်စိတ်ကြီး ငါတစ်ဦးတည်းက
ကိစ္စသွယ်သွယ် ဆောင်ရွက်ဖွယ်ကို
ကိုယ်ပိုင်စွမ်းစ ကိုယ့်လုံ့လဖြင့်
ဆောင်၍မရ ခက်ခဲလှ၏။

○ သူကဆိုသည်
သူမပါသမျှ ဘယ်ကိစ္စဝယ်
ကြံရွယ်ပေါက်မြောက်
ထမြောက်ခက်ခဲ ရှိလိမ့်ဆဲဟု
ယူဆထင်မြင် စိတ်ကြီးဝင်လည်း
သူတစ်ဦးတည်းက
အသွယ်သွယ်ကိစ္စ အဝဝကို
လုံ့လကြိုးကုတ် မာန်ဟုန်ထုတ်လည်း
အရေးအရာ ခက်လေစွာ၏။

○ မင်းဆိုသည်က
မင်းမပါငြား အကြောင်းများဝယ်
ပြုဖွယ်ကိစ္စ မင်းပါမှတည့်
မင်းမပါက ထိုကိစ္စတွင်
မပြီးမပြတ် ပြုဖွယ်ခက်လိမ့်
မင်းလည်းတစ်ယောက်
မာန်ထောင်မောက်၍
လောကအကျိုး မင်းအကျိုးနှင့်
အကြောင်းသွယ်ယှက် ဘဝတွက်ဟု
မင်းတစ်ယောက်တည်း ပြုမပြီးမို့
အကြောင်းရေးရာ ခက်ခဲရာ၏။

○ ငါမင်းနှင့်သူ ထိုထိုလူတို့
ညီတူသာမျှ လက်တွဲကြလျက်
လောကအကျိုး လူ့အကျိုးကို
သာတူညီမျှ ကြိုးပမ်းကြလျှင်
တစ်ဦးတစ်ယောက် မပြီးမြောက်သော်
ဝိုင်းသော်ကြိုးပမ်း အောင်မြင်လမ်းရှင့်။

○ ရှေးသူတော်တို့
ဆိုထားပမာ ကျမ်းထက်စာကို
စာနဆက်သွင်း လမ်းကိုခင်းသည်
စည်းလုံးခြင်းဖြင့်ညီစေသော်။

**ညီလေးဟန်(ကဝ)**

## မေတ္တာရှင်

စီးတဲ့ရေလည်း အမေ
ဆည်တဲ့ကန်သင်းလည်း အမေ
နဖူးပေါ်ကချွေးနဲ့အတူ
ပါးထက်ကမျက်ရည်
တစ်ခါတလေကျသော်လည်း
သားသမီးမျက်နှာ မြင်ရတာနဲ့
အလိုလိုစိတ်အားတက်တဲ့အမေ
သားသမီးတွေဆီကရတဲ့
ခွန်အားနဲ့မာနကိုသုံး
လောကဓံကိုရင်ဆိုင်
အကြိမ်ကြိမ်ရှုံးလည်း
အကြိမ်ကြိမ်ပြန်ထနိုင်ခဲ့တာ အမေပါ။
ရင်ထဲမှာ သောကပွားလည်း
သားသမီးတွေရှေ့မှာ
အလှဆုံးအပြုံးနဲ့ ပြုံးပြနိုင်တဲ့
မေတ္တာရှင်လူသား အမေပါ။

**လှာမြူခြယ်**
BA (Geography)

## ပန်းတိုင်

မလျှောက်ဘဲနဲ့ မရောက်ဘူးမပြောပါနဲ့
ပန်းတိုင်ဆိုတာ ဇွဲသတ္တိခိုင်မာရင်
အလှမ်းမဝေးတဲ့မြို့ပြ
အဲဒီပန်းတိုင်က ဆုလာဘ်တွေရမယ်။
မကျော်ဖြတ်ဘဲ အတော်ခက်မယ်မတွေးပါနဲ့
ကြိုးစားပြီးတက်ကြည့်ရင်
အထက်ကမြင်ရတဲ့အရသာဟာ
ကိုယ်အားထုတ်သည့် ရတနာပဲ
မလုပ်ကြည့်ဘဲ မဖြစ်မြောက်ပါဘူးမတွေးပါနဲ့
တကယ်စိတ်အားထက်သန်နဲ့လုပ်ကြည့်
ထွက်ပေါ်လာတဲ့အလင်းတန်းလေးဟာ
ကိုယ့်ကြိုးစားအားထုတ်မှုရဲ့ ရောင်ခြည်ပဲ
ကဲ ကြိုးစားအားထုတ်မှုတိုင်းရဲ့
ပစ္စုပ္ပန်လမ်းမှာ ဝီရိယတွေကြဲချ
ကိုယ့်အနာဂတ်မှာ အရိပ်ကောင်းကောင်းရဖို့
ကြိုးစားအားထုတ်မှုတွေ
ဆာလောင်ကြည့်လိုက်စမ်းပါ။

**အလင်းသစ်(ရွှေဆည်မြေ)**

## ပန်းပျိုးတဲ့အဖေ

နွေကိုထမ်းပြီး
မိုးကို စလွယ်သိုင်းထားတယ်
လက်တစ်ဖက်က ဆောင်းကိုတင်းတင်းဆုပ်လျက်
ကျွန်တော့်ကိုတော့ သူ့ရင်ဘက်ထဲထည့်ထားတယ်။
ဒုက္ခရဲ့မာယာတွေကို မြည်းစမ်းမိမှာစိုးလို့တဲ့
သူ့ချွေးစက်တွေနဲ့အုပ်မိုးထား ဘဝဆိုတဲ့လမ်းမှာ
ပညာရေးကိုပဲ သူငယ်ချင်းလုပ်ခိုင်းတယ်
ခယောင်းလမ်းအထက်က အဖေ
ကျွန်တော့်ကို ခြေမချခိုင်းခဲ့ဘူး
ဖိနပ်စီးတတ်မှ ပန်းခင်းလမ်းပေါ်လျှောက်ပါတဲ့
ကျွန်တော့်စာအံသံတွေကိုပဲ အဖေသောက်သုံးခဲ့
လူမိုက်ကြီးဆိုတဲ့ဘွဲ့တစ်ခု
ပတ်ဝန်းကျင်ရဲ့ ထောမနာပြုမှုကို
အဖေဟာ ပြုံးပြုံးကြီးခံယူတယ်။
ကျွန်တော့်သူငယ်ချင်းနဲ့တောင်
အဖေဟာ မခင်တွယ်ခဲ့ရှာပါဘူး
တိတ်တိတ်ကလေး လောကကြီးထဲကထွက်သွား
သူ့မျက်ဝန်းထဲမှာ စိုးရိမ်မှုတွေထည့်သွားတယ်။

**ရှင်လင်း(ပုတီးကုန်း)**
B.A (Myanmar)

## အလောင်းအစား

အလောင်းအစား
လောင်းပြီးရင်စားခံရမှာချည်းပဲ
ဒီအတွေးကို ငါမတွေးမိခဲ့ဘူး။
ဘဝတွေသင်းကွပ်ပေးတဲ့
အလောင်းအစားဟာ
ကိုယ်ဘဝကို တစ်ချက်လေးမသနားခဲ့ဘူး
ကိုယ်ကလည်း ဂရုမစိုက်တတ်ခဲ့ဘူး။
ကြွေတစ်လှည့်ကြက်တစ်ခုန်ဆိုတဲ့
စကားတစ်လုံးတည်းနဲ့
မိုက်ရူးရဲဆန်ခဲ့တာ
အဆုံးသတ်လိုက်တော့
အိမ်မရှိတော့ဘူး
ခြံမရှိတော့ဘူး
ဘာဆိုဘာမှမရှိတော့ဘူး။
ဒီလိုနဲ့ လောင်းပြီးစားခံရတဲ့
အလောင်းအစားသံသရာမှာ
ကိုယ့်ကြောင့် မိသားစုပါ
အိမ်ငှားဘဝ လက်လုပ်လက်စားဘဝနဲ့
ဖြစ်သလိုရုန်းကန် ဘဝတွေနာခဲ့တယ်။

**တေးသီပိုင်(တွံတေး)**
စတုတ္ထနှစ် (ရူပဗေဒ)